

စိတ်ကူးချိုချိုစာပေ
mgyoe.com

# ပါရဂူ
# ဝေဘာလဝတ္ထု

သတ္တမအကြိမ်

design: marvin-van-beek/ unsplash

mgyoe.com

ဤ ဝေတာလဝတ္ထုသည် "ကထာသရိတသာဂရ"အမည်ရှိ
သက္ကတဘာသာဖြင့် ရှိသော ဝတ္ထုပေါင်းချုပ်ကြီးထဲမှ
ကဏ္ဍတစ်ခု ဖြစ်လေသည်။
ကထာသရိတသာဂရမှာ သက္ကတဘာသာဖြင့် ရှိသော
ကမ္ဘာကျော်ဝတ္ထုပုံပြင်ပေါင်းချုပ်ကြီး ဖြစ်လေသည်။
ကထာသရိတသာဂရ ဟူသောအမည်ကို
မြန်မာလိုပြန်လိုက်လျှင် ဝတ္ထုသမုဒ္ဒရာဟူ၍
အဓိပ္ပာယ်ရသည်။
ဝတ္ထုသမုဒ္ဒရာဟု ဆိုသည့်အတိုင်းပင်
ကထာသရတိသာဂရ၌
ပုံပြင်ဝတ္ထု ရာပေါင်းများစွာ ပါဝင်လေသည်။
ဤ ဝေတာလဝတ္ထုမှာလည်း ကထာသရိတသာဂရထဲမှ
"ဝေတာလ ပဉ္စဝီသတိ" အမည်ရှိသည့်
ကဏ္ဍတစ်ခုပင် ဖြစ်လေသည်။
ဝေတာလမှာ အစိမ်းစီးနေသော၊ အပမှီနေသော
အလောင်းကောင် သို့မဟုတ် ဖုတ်ကောင်ဟူ၍
အဓိပ္ပာယ်ရသည်။
ပဉ္စဝီသတိမှာ နှစ်ဆယ့်ငါးဟူ၍ အဓိပ္ပာယ်ရသည်။
ဝေတာလ ပဉ္စဝီသတိမှာ
အစိမ်းသရဲစီးနေသော အလောင်းကောင် သို့မဟုတ် ဖုတ်ကောင်က
တရိဝိက္ကမသေနအမည်ရ ဘုရင်အား ပြောပြသော
ပုံဝတ္ထု နှစ်ဆယ့်ငါးပုဒ်ပင် ဖြစ်လေသည်။

ပါရဂူ

ဝေတာလဝတ္ထု ၂

ISBN 9789997119049
PYG3
9 789997 119049
3,500.00KS
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဝေတာလဝတ္ထု

ပါရဂူ

သတ္တမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

ဝေတာလဝတ္ထု၊ ပါရဂူ
စာမျက်နှာ ၂၄၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ သတ္တမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၆၊ ဘဝတက္ကသိုလ်စာပေ၏ ပဉ္စမအကြိမ်မှ
၂၀၀၆၊ စိတ်ကူးချိုချိုစာအုပ်တိုက်၏ ဆဋ္ဌမအကြိမ်မှ

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | မိတ်ဆက် | က |
| - | နိဒါန်း | င |
| ၁။ | ပန်းပုဆရာ့သမီး | ၁ |
| ၂။ | လင်ရွေးပွဲ | ၂၂ |
| ၃။ | ကျားနှင့်မ | ၂၇ |
| ၄။ | သူ့ရဲ့ကောင်းမိသားစု | ၃၈ |
| ၅။ | သတို့သားသုံးဦး | ၅၀ |
| ၆။ | လင့်ခေါင်းနှင့် မောင့်ကိုယ် | ၅၇ |
| ၇။ | ရေအောက်တိုင်းပြည် | ၆၄ |
| ၈။ | ဇီဇာကြောင်သူ | ၇၇ |
| ၉။ | ကြင်ဖက်ရွေးနည်း | ၈၄ |
| ၁၀။ | သူခိုး၏စေတနာ | ၈၉ |
| ၁၁။ | ဘယ်သူ ကညာစစ်သနည်း | ၉၇ |
| ၁၂။ | ပဒေသာပင်ခွကြားက ယမင်းပျို | ၁၀၂ |
| ၁၃။ | တရားခံ | ၁၂၀ |
| ၁၄။ | သူခိုးကိုမှ ရွေးချစ်သူ | ၁၂၆ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၅။ | တရားဝင်မယား | ၁၃၄ |
| ၁၆။ | သူ့ရဲကောင်း | ၁၄၇ |
| ၁၇။ | ဘုရင်နှင့် စစ်သူကြီး | ၁၆၉ |
| ၁၈။ | မှော်ဆရာနှင့် မှော်ပညာ | ၁၇၆ |
| ၁၉။ | လက်ဝါး သုံးခု | ၁၈၆ |
| ၂၀။ | ဘီလူးစားဖို့ ကလေး | ၁၉၇ |
| ၂၁။ | အချစ်ရူး သုံးဦး | ၂၁၀ |
| ၂၂။ | ခြသေ့်ကို အသက်သွင်းမိသူ | ၂၁၉ |
| ၂၃။ | ဝိဇ္ဇာမိုရ် ရှင်ရသေ့ | ၂၂၅ |
| ၂၄။ | အဖေက သမက် သားက ယောက္ခမ | ၂၃၁ |
| ၂၅။ | နိဂုံး | ၂၃၉ |


❐

mgyoe.com

mgyoe.com

# မိတ်ဆက်

'ပေတာလံဝတ္ထု' ဟူသောအမည်ကို ကြားလိုက်ရလျှင် ယခု ကာလ လူသာမန်တို့ကိုမဆိုထားဘိ၊ စာသမား ပေသမား များပင် ခပ်ဆန်းဆန်းဖြစ်ကောင်းဖြစ်နေမည်။ သို့သော် 'ပေတာလံ' ဟူသော အမည်သည် အင်းဝခေတ် သက္ကရာဇ် ရှစ်ရာကျော်ခန့် အချိန်အခါက အလွန်လူသိများသော ဝတ္ထု တစ်ခုဖြစ်ခဲ့လေသည်။

အင်းဝခေတ်၌ မယ်သီတာဝတ္ထု၊ မယ်ထွေးဝတ္ထု၊ ရယ်သွမ်းသွေးစရာ စကားထာစု၊ ပေတာလံဝတ္ထု၊ သေနင်္ဂဗျူဟာကျမ်းစု၊ ရန်ပေါင် ရန်မန်း စသော မင်းတို့၏ မင်းဆက် ရာဇဝင်ကျမ်းစု၊ သာဂရမင်းသားများ ပင်လယ် ဖောက်တွင်း တူးဖြို့ခြင်းအကြောင်း၊ ဟနုမာန်မျောက်အကြောင်း၊ သ သေ မိ ရှ (သ သေ မိ ယ မဟုတ်) ဟူသော ကာလိဒါသဝတ္ထု (ယခုခေါ် ဝရရုစိဝတ္ထု)၊ ကျားမမြီးတောင်း (ကျားမ မိကျောင်းမဟုတ်) ဝတ္ထုများကို နန်းတွင်းနန်းပြင် ပြောလေ့ဆိုလေ့ပြုကြ၏။ ဘုန်းတော်ကြီးလောကမှာပင် သမ္ဘပ္ပလာပကို ဆိုရလျှင် ဆိုလေ့ပြောလေ့ ပြုကြ၏။

mgyoe.com

mgyoe.com



ဤ၀တ္ထုများ၊ စကားထာများ၊ သေနင်္ဗျူဟာစကားများ၊ မင်းဆက် ရာဇဝင်များကား သာသနာတော်ကျမ်းများမှ အပ ဗာဟိဖြစ်သော ဒဏ္ဍာရီစု၊ တိရစ္ဆာန်ကထာခေါ် မင်ဖိုလ်နှင့် ဖီလာကျသော စကားစုဖြစ်၍ သူတော် သူမြတ်များ မဆိုစကောင်း မပြောစကောင်းသော စကား (သမ္ဖပ္ပလာပ) တွင် အပါအဝင်ဖြစ်ကြောင်း သုဝဏ္ဏသျှံ သူငွေးခန်းပျို့ ပိုဒ်ရေ ၁၀၀ ၌ ရှင်အဂ္ဂသမာဓိက မှတ်တမ်းတင်ခဲ့လေသည်။

*သူတော်တကာ၊ မဆိုရာသား*
*သီတာမယ်ထွေး၊ ရယ်ရေးစမ်းရာ*
*စကားထာနှုတ်ပျံ၊ ပေတလံနှင့်*
*မြို့ခံမြို့ထိုး၊ အကျိုးမဲ့ယောင်*
*ရန်ပေါင် ရန်မန်း၊ မော်ကွန်းမပျက်*
*ရွှေနန်းထက်ဝယ်၊ မင်းဆက်ဤမျှ*
*သာဂရမင်း၊ ထွင်း၍မြစ်ကြီး*
*စီးလတ်သောထွေ၊ ယဉ်ထွေအံ့လောက်*
*မျောက်ဟနုမာန်၊ ကျမ်းဂန်မညီ*
*ဒန္တရီနှင့်၊ ဗာဟိဖြစ်လေ*
*သ,သေ,မိ,ရာ၊ ကျားမမြီးတောင်း*
*စကားပေါင်း–*
*(သုဝဏ္ဏသျှံ သူငွေးခန်း၊ ပိုဒ်ရေ ၁၀၀)*

ဤကား အင်းဝခေတ် ဝတ္ထုစသော စာပေစု သျှံသူငွေးခန်းပျို့၌ အရိပ်ထင်နေချက်ပေတည်း။

'ပေတလံ' ဟူသော အမည်ကို သျှံသူငွေးခန်းပျို့၌သာ တွေ့ရသည် မဟုတ်။ သူငွေးခန်းထက် အရင်ကျသော ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့၊ ပိုဒ်ရေ ၁၀၆ ၌လည်း တွေ့ရသည်။

*ပေတလံက၊ သီတာ စသည်*
*မရအကျွမ်း၊ မီးဝါဠမ်းသို့*

mgyoe.com

mgyoe.com



*အသွမ်းထွေငေါ်၊ စကားပေါ်ကို*
*ပြောသော်လည်းကောင်း-*
*(ဆုတောင်းခန်းပျို့၊ ပိုဒ်ရေ ၁၀၆)*

ဤပုံဝတ္ထုစကားမျိုး ပြောခြင်းကား မိုင်းတစ်လှည်း အကျွမ်းဖုတ်သော် အကျွမ်းကျသော ပြာပင်မရသကဲ့သို့ မရေမရာရှိလှသောကြောင့် အကျိုးမရ 'နိရတ္ထက' သာ ဆိုရလေသည်။ လေးလေးနက်နက်မရှိသော နှုတ်ထွက်စကားဖြစ်၍ ရှင်အဂ္ဂသမာဓိက 'နှုတ်ပျံ' ဟု သုံး၍ ရှင်မဟာ သီလဝံသက 'စကားပေါ်' ဟု သုံးစွဲထားလေသည်။ ရှေးသူတော်ကောင်းတို့ကား 'ပြိန်ဖျင်း' သော စကားဟု ခေါ်လေ့ပြုကြ၏။

'ပေတလံ' ဟူသော စကားသည် မည်သည့်ဘာသာစကားနည်းဟု ဆင်ခြင်သော် သက္ကတဘာသာ 'ဝေတာလ' အရင်းဖြစ်ကြောင်း သိရသည်။ ဝေတာလသဒ္ဒါသည် ပိသာစခေါ် ဖုတ် (ဘုတ်) သရဲပူးနေသော အလောင်းကောင်ဟောဖြစ်ကြောင်း ကမ္ဘာတန်ဆာ အဘိဓာန်ကျမ်းကြီးများမှာ ပြသည်။ အင်္ဂလိပ်ဘာသာ (Vampire) ခေါ်သည်။

ဝေတာလခေါ် ဖုတ်ဝင်ကောင်ကပြောသော ပုံဝတ္ထုနှစ်ဆယ့်ငါးပုဒ်ကို သောမဒေဝဆရာ ဂါထာဗန္ဓဖြင့် ဖွဲ့စီခဲ့၍ ဇိဝါနန္ဒဆရာ စကားပြေ စုဏ္ဏိယဖြင့် ပြန်လည်ရေးသားအပ်သော 'ဝတ္ထုသမုဒ္ဒရာ' ခေါ် ကထာသရိတသာဂရကျမ်း၌ တွေ့ရသည်။ ကထာသရိတသာဂရကျမ်းကြီးအား ခရစ်နှစ် ၁၁ ရာစုတွင် စီရင်၍ ဂါထာ ၂၄၀၀၀ ရှိသည်။ သက္ကတဘာသာစကားပြေကား ဒီမိုင်းဆိုက်နှင့် စာမျက်နှာ ၁၄၉၁ ရှိသည်။ နောက် သိဝဒါသဆရာ၊ ဇိဝါနန္ဒဆရာတို့ ကောက်နုတ်၍ 'ဝေတာလ ပဥ္စဝိသတိ' ဟူသော အမည်နှင့် သီးသန့်ထုတ်ဝေကြသည်။ သိဝဒါသ၏ သက္ကတစကားပြေမှ သီရိလလ္လူဇီလာလ ဟိန္ဒီဘာသာဖြင့် ပြန်ဆိုရေးသားအပ်သော

mgyoe.com

mgyoe.com



ဟိန္ဒီမှ ပေတာလံဝတ္ထုကို 'ဝေတာလပဉ္စဝိံသတိ' ဟု ခေါ်သည်။ ဘင်္ဂါလီမှ 'ဝေတာလ ပဉ္စဝိသတိ' လည်း ရှိသည်။ ယင်းကို သိရိကာလိဒါသဂုတ္တဆရာ စီရင်သည်။ သောမဒေဝ၏ 'ဝေတာလပဉ္စ ဝိသတိ' ဟူသော အမည်ဖြင့် ကထာသရိတ သာဂရ (သက္ကတဘာသာ) မှ အင်္ဂလိပဘာသာ သို့ (C.H. Tawney) ပြန်ဆိုအပ်သော အင်္ဂလိပ်ဘာသာပြန်မူလည်း ရှိသည်။ ပါရဂူက ယခု ဝေတာလဝတ္ထုအမည်ဖြင့် မြန်မာ ဘာသာသို့ ပြန်ဆိုလိုက်ပေသည်။

ရှေးသရောအခါ (ကုန်းဘောင်ခေတ်ဆီက) 'ကြမ္မာ ဒိုက်မင်းကြီးဝတ္ထု' ဟူသည်မှာ 'ပေတာလံ' ဝတ္ထုပင် ဖြစ် သည်။ ယခုခေတ်လည်း 'ကြမ္မာဒိုက်မင်းကြီးဝတ္ထု' ဟုပင် ခေါ်ဆိုမှတ်သားကြသည်။

ဆန်းထွန်း (မန်းတက္ကသိုလ်)

❒

mgyoe.com

mgyoe.com

# နိဒါန်း

ဤ ဝေတာလဝတ္ထုသည် 'ကထာသရိတသာဂရ'အမည်ရှိ သက္ကတဘာသာဖြင့်ရှိသော ဝတ္ထုပေါင်းချုပ်ကြီးထဲမှ ကဏ္ဍ တစ်ခု ဖြစ်လေသည်။ ကထာသရိတသာဂရမှာ သက္ကတ ဘာသာဖြင့်ရှိသော ကမ္ဘာကျော်ဝတ္ထုပုံပြင်ပေါင်းချုပ်ကြီး ဖြစ်လေသည်။ ကထာသရိတသာဂရဟူသောအမည်ကို မြန်မာလိုပြန်လိုက်လျှင် ဝတ္ထုသမုဒ္ဒရာဟူ၍ အဓိပ္ပာယ်ရသည်။ ဝတ္ထုသမုဒ္ဒရာဟု ဆိုသည့်အတိုင်းပင် ကထာသရိတသာဂရ၌ ပုံပြင်ဝတ္ထု ရာပေါင်းများစွာ ပါဝင်လေသည်။ ဤ ဝေတာလ ဝတ္ထုမှာလည်း ကထာသရိတသာဂရထဲမှ 'ဝေတာလ ပဥ္စဝီသတိ' အမည်ရှိသည့် ကဏ္ဍတစ်ခုပင် ဖြစ်လေသည်။

ဝေတာလမှာ အစိမ်းစီးနေသော၊ အပမှီနေသော အလောင်းကောင် သို့မဟုတ် ဖုတ်ကောင်ဟူ၍ အဓိပ္ပာယ်ရ သည်။ ပဥ္စဝီသတိမှာ နှစ်ဆယ့်ငါးဟူ၍ အဓိပ္ပာယ်ရသည်။ ဝေတာလ ပဥ္စဝီသတိမှာ အစိမ်းသရဲစီးနေသော အလောင်း ကောင် သို့မဟုတ် ဖုတ်ကောင်က တရိဝိက္ကမသေနအမည်ရှိ

mgyoe.com

mgyoe.com



ဘုရင်အား ပြောပြသော ပုံဝတ္ထု နှစ်ဆယ့်ငါးပုဒ်ပင် ဖြစ်လေသည်။

ရှေးဟောင်းပုံပြင်ဝတ္ထုများမှာ၊ အထူးအားဖြင့် သက္ကတဘာသာဖြင့်ရှိသော ပုံဝတ္ထုများမှာ ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စားရှိသည်ကို တွေ့ရ၏။ တစ်မျိုးမှာ အဆုံးအမ ဉပဒေသပေးသည့် ပုံဝတ္ထုများဖြစ်ကြပြီး နောက်တစ်မျိုးက စိတ်ဝင်စားမှုအတွက် သက်သက်ရေးသည့်ပုံဝတ္ထုများ ဖြစ်ကြလေသည်။ သက္ကတဘာသာဖြင့်ရှိသော ဟိတောပဒေသ၊ ပဉ္စတန္တရ စသည့် ကမ္ဘာကျော်ပုံဝတ္ထုများမှာ ပထမအမျိုးအစားထဲက ဖြစ်လေသည်။ အကြောင်းမူကား ထိုပုံဝတ္ထုများသည် အဆုံးအမ ဉပဒေသများကို အဓိကထားပြီး ရေးသားအပ်သည့် ပုံဝတ္ထုများဖြစ်သောကြောင့်တည်း။ ထိုပုံဝတ္ထုများ၏ အဓိကဇာတ်ကောင်များမှာ များသောအားဖြင့် တိရစ္ဆာန်များဖြစ်ကြပြီး တိရစ္ဆာန်တို့၏ ဇာတ်လမ်းဇာတ်ကွက်ဖြင့် လိုက်နာကျင့်ကြံဖွယ် အဆုံးအမ ဉပဒေသများ၊ နီတိကျင့်ဝတ်များကို ပုံဝတ္ထုများ၌ ပြောပြထားလေသည်။

ဤ ဝေတာလဝတ္ထုပါဝင်သည့် ကထာသရိတသာဂရ မှာမူ ဒုတိယ အမျိုးအစားဖြစ်သည့် စိတ်ဝင်စားဖွယ် အမျိုးအစားထဲက ဖြစ်လေသည်။ အကြောင်းမူကား ကထာသရိတသာဂရ၌ အဆုံးအမ ဉပဒေသပေးသည့် ပုံဝတ္ထုများပါဝင်စေကာမူ ပုံဝတ္ထုများ၏ အဓိကရည်ရွယ်ချက်မှာ လူနှင့် လူ့လောက၏ ဘဝကို ရေးခြယ်ပြခြင်းနှင့် စာဖတ်သူများအား စိတ်ဝင်စားစေခြင်းများဖြစ်သောကြောင့်တည်း။ သို့ဖြစ်၍ သက္ကတဝတ္ထုစာပေသမိုင်းနှင့် ကမ္ဘာ့ပုံဝတ္ထုစာပေသမိုင်း၌ ကထာသရိတသာဂရသည် အရေးပါသည့် ကဏ္ဍက ပါဝင်နေခြင်း ဖြစ်လေသည်။

ကထာသရိတသာဂရသည် ကမ္ဘာ့စာပေ၌ တစ်ခုတည်းသော အကြီးမားဆုံးဖြစ်သည့် ဝတ္ထုပေါင်းချုပ်ဖြစ်

mgyoe.com

mgyoe.com



သည်ဟု ဆိုလေသည်။ ဥရောပ ပညာရှင်များဖြစ်သည့် (Buhler, Wilson, Broc Khaus, Spreyer, Tawney, Penzer) တို့က ကထာသရိတသာဂရကို အင်္ဂလိပ်ဘာသာ ပြန်ဆိုထားကြလေသည်။ Tawney ၏ ကထာသရိတသာဂရ အင်္ဂလိပ်ဘာသာပြန်စာအုပ်မှာ အတွဲ ဆယ်တွဲ ရှိလေသည်။

တစ်ခါတုန်းက ဆရာကြီးဇေယျနှင့် စကားစပ်ဖူးသည်။ ဆရာကြီးက ကထာသရိတသာဂရ၏ အကြောင်းကို ကောင်းကောင်းသိသည်။ သူ အင်္ဂလန်သို့ရောက်စဉ်က ပါသွားသောငွေဖြင့် တခြား ဘာကိုမှမဝယ်ဘဲ ကထာသရိတသာဂရ အင်္ဂလိပ်ဘာသာပြန် ဆယ်တွဲကိုသာ ဝယ်လာခဲ့သည်ဟု ပြောလေသည်။ ကျွန်တော်သိရသမျှ မြန်မာပြည်တွင် ကထာသရိတသာဂရ အင်္ဂလိပ်ဘာသာပြန် အစုံအစေ့ရှိသည့်နေရာမှာ ဆရာကြီးဇေယျ၏ ကိုယ်ပိုင်စာကြည့် ပိဋကတ်တိုက်သာလျှင် ဖြစ်လိမ့်မည် ထင်သည်။ ဆရာကြီးသည် ကထာသရိတသာဂရထဲမှ ဝတ္ထုတစ်ပုဒ်စ နှစ်ပုဒ်စကိုပင် မဂ္ဂဇင်းများ၌ ဘာသာပြန်ထည့်ဖူးသည်ဟု သတိပြုမိသည်။ မြန်မာဘာသာဖြင့်လည်း ကထာသရိတသာဂရကို အပြည့်အစုံဘာသာပြန်ထားဖို့ သင့်ပေသည်။ သို့ရာတွင် ထိုမျှလောက် ကြီးမားကျယ်ပြန့်သည့်စာအုပ်ကို ဘာသာပြန်ဆိုရေး၊ ရိုက်နှိပ်ထုတ်ဝေရေးမှာ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့အနေဖြင့် ပြုလုပ်ဖို့ရန် မလွယ်ကူပေ။ နိုင်ငံအစိုးရအနေဖြင့် ပြုလုပ်ဆောင်ရွက်မှသာလျှင် ထိုကိစ္စမှာ ပြည့်ဝအောင်မြင်ဖို့ နည်းလမ်းရှိလေသည်။

ဤ ဝေတာလဝတ္ထုမှာ ကထာသရိတသာဂရ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အတိုင်း ကထာသရိတသာဂရကို စာဖတ်သူများနှင့် မိတ်ဆက်ပေးခြင်းအားဖြင့် ဝေတာလဝတ္ထု၏အကြောင်းလည်း ပါဝင်သွားပေလိမ့်မည်။

mgyoe.com

mgyoe.com



အမှန်စင်စစ်အားဖြင့် ကထာသရိတသာဂရကိုယ်တိုင်မှာလည်း မူလပင်ရင်း ဝတ္ထုမဟုတ်ပေ။ ပိုက်ရှာကျီဘာသာ (ပိုက်ရှာကျီဘာသာစကား တည်ရှိရာဒေသနှင့်ပတ်သက်၍ ပညာရှင်များ အငြင်းပွားကြသော်လည်း ပညာရှင်အများစု၏ အလိုအရ ထိုခေတ်က ပိုက်ရှာကျီဘာသာစကားကို ဝိန္ဓယာဒေသ၌ ပြောဆိုသုံးစွဲကြလေသည်) ဖြင့် မဟာကဝိ ဂုဏာဒယ ရေးသားခဲ့သော အလွန်ရှေးကျပြီး လူကြိုက်များခဲ့သည့် 'ဗရိဟတ်ကထာ' အမည်ရှိ ကျမ်းကို အကျဉ်းချုပ်အားဖြင့် သက္ကတဘာသာပြန်ထားခြင်းသာ ဖြစ်ပေသည်။

ဗရိဟတ်ကထာမှာ ယခုအခါတွင် မည်သည့်နေရာမှာမျှ ရှာမတွေ့တော့ပေ။ ဗရိဟတ်ကထာနှင့်ပတ်သက်၍လည်းကောင်း၊ ဗရိဟတ်ကထာ ရေးသူနှင့်ပတ်သက်၍လည်းကောင်း မည်သူမျှ အတိအကျ အပြည့်အဝ မသိကြပေ။ သို့ရာတွင် ယင်းနှစ်ခုလုံး တစ်ချိန်တုန်းက ရှိခဲ့သည်ဆိုသည်မှာမူ သံသယကင်းရှင်းကြ၏။ ကာထာသရိတသာဂရ၌ ယင်းအချက်၏ သက်သေအထောက်အထားထင်ရှားရှိပေသည်။ ကထာသရိတသာဂရ၏ ပထမကဏ္ဍဖြစ်သော 'ပုံဝတ္ထုကျောရိုး' ၌ ယင်းအကြောင်းအရာကို ထည့်သွင်းရေးသားထားပေသည်။ ကရှမိရ်သားရေးစာအုပ်၌ ဂုဏာဒယကို ဂေါဒါဝရီ မြစ်ကမ်း၌တည်ရှိသော ပတိဋ္ဌာနအရပ်သားဟု ယူဆပြီး သာတဝါဟန ဘုရင် သူကောင်းပြုခံရသူဟု ဖော်ပြထားသည်။ နီပေါပြည်သားရေးစာအုပ်၏ အလိုအရမူ ဂုဏာဒယသည် မထုရာ၌ ဖွားမြင်ပြီး ဥဇ္ဇေနိဘုရင် မဒန၏ မင်းမှုထမ်း ဖြစ်လေသည်။ ပညာရှင်များကမူ ပထမအကြောင်းအရာကို မှန်သည်ဟု ယူဆကြသည်။

ဗရိဟတ်ကထာ၏ ဘာသာပြန် သို့မဟုတ် အသွင်ပြောင်းသုံးမျိုးကို ယခုအခါ၌ တွေ့ရှိရပေသည်။

mgyoe.com

mgyoe.com



၁။ ဗရိဟာတ်ကထာ ရှလိုက ဆန်ဂရဟာ

ယင်းစာအုပ်ကို ရေးသူမှာ နိပေါပြည်သား ဗုဓဆွာမိ ဖြစ်လေ၏။ ယင်းစာအုပ်ကို မည်သည့်အခါက ရေးပြုခဲ့သည်ဟု အတိအကျပြောမပြနိုင်ကြသော်လည်း ရှစ်ရာစုနှစ်သို့မဟုတ် ကိုးရာစုနှစ်လောက်က ရေးပြုခဲ့သည်ဟု ခန့်မှန်းကြလေသည်။ ယင်းဝတ္ထုပေါင်းချုပ်ကို လေ့လာကြည့်လျှင် ကျမ်းတစ်ခုလုံး၌ ၂၅၀၀၀ မျှသော ဂါထာများရှိသည်ဟု ခန့်မှန်းရပေသည်။ ပညာရှင်အချို့၏အလိုအရဆိုလျှင် ယင်းဘာသာပြန်မှာ မူရင်းပုံဝတ္ထုများနှင့် အနီးစပ်ဆုံး ဖြစ်ပေသည်။ ရေးသားထားပုံမှာလည်း လွယ်ကူသည်။ ရှင်းလင်းပြတ်သားသည်။

၂။ ဗရိဟာတ်ကထာ မဥ္စရီ

ယင်းကျမ်းကို ကရှမိရ်ဘုရင် အနန္တ (၁၀၂၈-၈၀) လက်ထက် ခရစ်နှစ် ၁၀၆၃-၆၆ ခုနှစ် ပတ်ဝန်းကျင်လောက်တွင် မဟာကဝိ ခေမိန္ဒရ က ရေးသားလေသည်။ ကဗျာအဖွဲ့အနွဲ့များမှာ အဆင့်အတန်းမြင့်သော အဖွဲ့အနွဲ့များ ဖြစ်ကြသည်။ သို့ရာတွင် စာဆိုပညာရှင်သည် မူရင်းဝတ္ထုကြောင်းများကို အကျဉ်းရုံးထားလွန်းသဖြင့် အရသာပျက်သွားသည့်အပြင် ပေါ်လွင်မှုလည်း နည်းသွားလေသည်။ အချို့နေရာ၌ ဖွဲ့ထားပုံများမှာ လှပပြီး ရေးသားဖွဲ့ဆိုပုံဟန်ကလည်း စိတ်ကို ဆွဲဆောင်နိုင်ပေသည်။ အထူးအားဖြင့် မိန်းမ၏အလှနှင့် မင်းညီမင်းသားတို့၏ သူရသတ္တိအကြောင်းကို ဖွဲ့ဆိုရာ၌ ပြောင်မြောက်လှပေသည်။ 'ရှလိုက ဆန်ဂရဟာ' နှင့် နှိုင်းယှဉ်ကြည့်လျှင် ယင်းကျမ်းတွင် ဗရိဟာတ်ကထာ၌ မပါဝင်သည့် ပုံဝတ္ထုများကို ထည့်သွင်းထားလေသည်။ ထိုပုံဝတ္ထုများမှာ ကရှမိရ်၌ ခေတ်စား

mgyoe.com

mgyoe.com



သော ပုံဝတ္ထုများ ဖြစ်လေသည်။ စာဆိုပညာရှင်၏ ဒုတိယ အမည်မှာ ဗျာသဒေဝဟုလည်း ခေါ်လေသည်။

၃။ ကထာသရိတ သာဂရ

မဟာကဝိ ခေမိန္ဒရနှင့်ခေတ်ပြိုင် ရာမ၏သား သောမဒေဝဘဋ္ဋသည် ခေမိန္ဒရ နောက်နှစ်ပေါင်း နှစ်ဆယ် အကြာ၌ ယင်းကျမ်းကို ရေးသားစီရင်သည်။ သောမဒေဝ သည်လည်း ကရှမိရ်ပြည်သား ဖြစ်လေသည်။ ဆိုရိုးစကား ရှိသည်မှာ အနန္တဘုရင်၏ ပညာရှိ မိဖုရား သူရိယဝတီ က 'မဉ္ဇရီ' ကို အကျဉ်းရုံးထားလွန်းသည်ကို တွေ့ရသည် ဖြစ်၍ သောမဒေဝအား ကျမ်းသစ်တစ်စောင်ရေးသား စီရင်ရန် တိုက်တွန်းနှိုးဆော်လေသည်။ ထိုအခါ သောမ ဒေဝသည် 'ဗရိဟတ်ကထာ' ကို အခြေခံပြီး မကျဉ်းလွန်း မကျယ်လွန်းသည့် ကျမ်းတစ်စောင်ကို သက္ကတဘာသာ ဖြင့် အနုပညာမြောက်စွာ ရေးသားလေသည်။ ထိုကျမ်းမှာ 'ကထာသရိတသာဂရ' ဖြစ်လေ၏။ ကထာသရိတသာဂရ ၌ ဂါထာအဖွဲ့ပေါင်း နှစ်သောင်းနှစ်ထောင် ရှိလေသည်။ ယင်းကျမ်းသည် စာဖတ်သူတို့၏ နှလုံးကို ဆွဲဆောင်နိုင် စွမ်း ရှိလေသည်။ ရေးဟန်နှင့် ဘာသာစကားတို့မှာလည်း ညက်ညောပြီး လွယ်ကူလေသည်။ ထို့ကြောင့် 'မဉ္ဇရီ' ထက် လူကြိုက်များလှ၏။ ကျမ်းပြုဆရာ စာဆိုပညာရှင် သည် ဝတ္ထုကြောင်းကို လှပသောနည်းဖြင့် တင်ပြခြင်း လောက် အလင်္ကာတန်ဆာဆင်ခြင်းကို အလေးမပြုပေ။ သို့ရာတွင် 'မဉ္ဇရီ' ကဲ့သို့ပင် ကထာသရိတသာဂရ၌လည်း ကရှမိရ်ပုံဝတ္ထုများစွာ ရောနှောပါဝင်၍ နေပေသည်။ ဓိဝါနန္ဒ အမည်ရှိသော ဆရာက ကထာသရိတသာဂရဂါထာများ ကို သက္ကတစကားပြေဖြင့် ဖွင့်ဆိုရေးသားလေသည်။

အထက်ပါ သုံးကျမ်းအပြင် ခုနစ်ရာစု၌ ဂင်္ဂါရာဇ

mgyoe.com

mgyoe.com



ဒုဝိနီတသည် ဗရိဟတ်ကထာကို သက္ကတဘာသာ ပြန်ဆို လေသည်။

ကထာသရိတသာဂရ၌ ပါရှိသောဝတ္ထုများမှာ ထိုခေတ်က လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဓလေ့ထုံးစံများကို ဖော်ပြထားသဖြင့် ရာဇဝင်သမိုင်းပြုစုသူများအတွက် များစွာ အထောက်အပံ့ ဖြစ်လေသည်။

နောက်တစ်ချက် သတိပြုမိသည်မှာ ကထာသရိတ သာဂရ၌ ပါရှိသော ဝတ္ထုများအပေါ် ဗုဒ္ဓဘာသာ အယူအဆ များ များစွာထင်ဟပ်နေသည်ကို တွေ့ရလေသည်။ များစွာ သော ဝတ္ထုကြောင်းတို့မှာ ဇာတ်နိပါတ်တော်များမှ ယူထား သည်ကို တွေ့ရလေသည်။ ဝတ္ထုရေးဆရာ သောမဒေဝကိုယ် တိုင်ပင် ဗုဒ္ဓဘာသာဝင်ဖြစ်သည်ဟု အချို့က ဆုံးဖြတ်ကြ လေသည်။ အိန္ဒိယ ရဟန်းတော် အာနန္ဒာ ကောသလ္လာယန ကမူ သူ၏ဇာတက ဟိန္ဒီဘာသာ ပြန်နိဒါန်း၌ 'ဗရိဟတ် ကထာ' ၏ မြစ်ဖျားခံရာမှာ ဇာတ်နိပါတ်ဝတ္ထုများသာလျှင် ဖြစ်ပေလိမ့်မည်ဟု ရေးသားထားလေသည်။

မြန်မာစာပေနှင့် သက္ကတစာပေသည် ရှေးကျသော ဆက်သွယ်မှုရှိလေသည်။ မြန်မာ့ရိုးရာပုံပြင်များသဖွယ် မြန်မာလူမျိုးတို့၏ အသည်းစွဲနေသည့် အချို့ပုံဝတ္ထုများမှာ ဟိတောပဒေသ၊ ပဉ္စတန္တရတို့ကဲ့သို့သော ရှေးဟောင်း သက္ကတစာပေများထဲမှ ပုံဝတ္ထုများ ဖြစ်ကြလေ၏။ ရှေးဟောင်းသက္ကတစာပေများထဲမှ ပုံဝတ္ထုများမှာ မြန်မာ စာပေထဲ၌သာလျှင်မက ကမ္ဘာ့ စာပေ အနှံ့အပြားအတွင်းသို့ ဝင်ရောက် ပျံ့နှံ့လျက်ရှိပေသည်။ ပုံပြင်ဝတ္ထုတို့၏သမိုင်းကို လေ့လာကြည့်လျှင် ကမ္ဘာပေါ်ရှိ ဒေသအသီးသီး၌ ခေတ်စား လျက်ရှိသော ပုံပြင်ဝတ္ထုများမှာ တစ်ဦးနှင့်တစ်ဦး အပေးအယူ ရှိကြသည့်သဘောကို တွေ့မြင်သိရှိရပေ၏။

mgyoe.com

mgyoe.com



ဤဝေတာလဝတ္ထုပြဲပါသော ပုံဝတ္ထုတို့သည်လည်း မြန်မာနိုင်ငံ၌ အင်းဝခေတ် သက္ကရာဇ် ရှစ်ရာကျော်လောက်ကပင် စတင်ပြီး ကြားဖူးနားဝရှိနေသည့် ပုံဝတ္ထုများ ဖြစ်ကြလေသည်။ ယင်းကိုထောက်၍ မြန်မာစာပေနှင့် သက္ကတစာပေသည် ရှေးအလွန်ကျသော ဆက်သွယ်မှုရှိကြောင်းမှာ သိသာထင်ရှားပေသည်။

ကြမ္မာဒိုက်မင်းကြီးဝတ္ထုဟူသည်မှာ ဤဝေတာလဝတ္ထုပင် ဖြစ်လေသည်။ 'ကြမ္မာဒိုက်မင်းကြီးဝတ္ထု' အမည်ဖြင့် ရှေးစာအုပ်တစ်အုပ်ပင် ရှိလေသည်။ ထိုစာအုပ်မှာ ဝေတာလပဉ္စဝိံသတိကို ဘာသာပြန်ထားခြင်းပင် ဖြစ်လေသည်။ သို့ရာတွင် ဝတ္ထုကြောင်းများမှာ စုံစုံလင်လင် မရှိပေ။ ရေးသားပြန်ဆိုထားပုံမှာလည်း ရှေးဟန်မျိုးဖြင့် ရေးသားထားခြင်း ဖြစ်သည်။ သို့ဖြစ်၍ ခေတ်မီပြီး အတိအကျ အပြည့်အစုံ ဘာသာပြန်ထားသည့် စာအုပ်တစ်အုပ် လိုအပ်သည်ဟု အထင်ရှိ၍ ဝေတာလပဉ္စဝိံသတိကို 'ဝေတာလဝတ္ထု' အမည်ဖြင့် ဘာသာပြန်ဆိုလိုက်ရခြင်း ဖြစ်ပေသည်။

ဤဝတ္ထုများကို တစ်ခါက မြဝတီမဂ္ဂဇင်းတွင် 'တစ္ဆေပြောသောဝတ္ထု' အမည်ဖြင့် ဝတ္ထုခြောက်ပုဒ်လောက် ထည့်ခဲ့ဖူးသည်။ ယခု ဝတ္ထုများကား ယင်းခြောက်ပုဒ်နှင့် ကျန် ၁၉ ပုဒ်ပင် ဖြစ်ပေ၏။

ပါရဂူ
၂၇-၈-၆၄

❒

mgyoe.com

mgyoe.com

# ၁။ ပန်းပုဆရာ့သမီး

ဂေါဝေရီကမ်းပါး၌ ပတိဋ္ဌာနအမည်ရှိသည့် ဒေသတစ်ခု ရှိလေသည်။ ထိုဒေသ၌ တန်ခိုးသတ္တိအရာ၌ သိကြားမင်းနှင့် ယှဉ်ပြိုင်တုပနိုင်သည့် တရိဝိက္ကမသေနအမည်ရှိ ထင်ပေါ်ကျော်ကြားသော ဘုရင်တစ်ပါးသည် ထီးနန်းစိုးစံ၍နေလေသည်။ ထိုဘုရင်သည် နေ့စဉ်နေ့တိုင်း ညီလာခံခန်းမဆောင်၌ ညီလာခံသဘင် ဆင်ယင်ကျင်းပနေစဉ် ကာလဝယ် ခန္တိသီလ အမည်ရှိ ဇော်ဂျီတစ်ဦးသည် ဘုရင်မင်းကြီးထံ အခစားလာပြီးလျှင် သစ်သီး တစ်လုံးကျ တစ်လုံးကျ ပေးကမ်းဆက်သလေ၏။ ဘုရင်မင်းကြီးကလည်း . နေ့စဉ်နေ့တိုင်း ထိုရသေ့ပေးသည့် သစ်သီးကို လက်ခံရရှိသည်နှင့်တစ်ပြိုင် နက် အပါးတွင်ခစားနေသော ဘဏ္ဍာတိုက်ဝန်၏ လက်ထဲကိုသာ ပေးအပ် ထားလေ့ရှိ၏။

ယင်းသို့လျှင် နှစ်ပရိစ္ဆေဒအားဖြင့် ဆယ်နှစ်ကာလ ကုန်ဆုံးကျော် လွန်လာခဲ့လေ၏။ သို့ရာတွင် တစ်နေ့သောအခါတွင်ကား ဘုရင်မင်းကြီးကို သစ်သီးဆက်သပြီး ညီလာခံခန်းမဆောင်က ဇော်ဂျီ ထွက်ခွာသွားသောအခါ ဘုရင်မင်းကြီးသည် အရှင်သခင်၏ လက်ထဲမှလွတ်ပြီး ထိုနေရာသို့ ရောက် လာသော မျောက်တစ်ကောင်အား ဇော်ဂျီပေးထားခဲ့သည့် သစ်သီးကို ပေးလိုက်လေသည်။ ထိုသစ်သီးကို မျောက်က ကိုက်လိုက်သောအခါ သစ်သီး

mgyoe.com

mgyoe.com


သည် ကွဲသွားပြီးလျှင် သစ်သီးအထဲက အလွန်တောက်ပသော အဖိုးအနဂ္ဃ ထိုက်တန်သည့် ကျောက်မျက်ရတနာတစ်လုံး ထွက်ပေါ်လာလေ၏။

ဘုရင်မင်းကြီးသည် ထိုကျောက်မျက်ရတနာကို တွေ့မြင်သောအခါ ဘဏ္ဍာတိုက်ဝန်အား 'ကျွန်ုပ် သင့်ကို ပေးအပ်ထားခဲ့သော ဇော်ဂျီပေးသည့် သစ်သီးများကို သင် ဘယ်မှာထားသနည်း' ဟု မေးလေ၏။ ဘဏ္ဍာတိုက်ဝန်သည် ဘုရင်မင်းကြီးစကားကို ကြားရသောအခါ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် 'အရှင်မင်းကြီး အကျွန်ုပ်သည် ထိုသစ်သီးများကို ဘဏ္ဍာတိုက်တွင်းသို့ တံခါးမဖွင့်ဘဲ အပြင်ကနေပြီး ပစ်သွင်းထားခဲ့ပါသည်။ အရှင်မင်းကြီး အမိန့်ရှိပါလျှင် အကျွန်ုပ် တံခါးဖွင့်ပြီး သစ်သီးများကို ကြည့်ပါဦးမည်' ဟု ပြောလေ၏။

ဘဏ္ဍာတိုက်ဝန်က ယင်းသို့ လျှောက်ထားပြောပြသောအခါ ဘုရင်မင်းကြီးသည် ဘဏ္ဍာတိုက်ဝန်အား သစ်သီးများကို သွားကြည့်ဖို့ အခွင့်ပေးလိုက်လေ၏။ ဘဏ္ဍာတိုက်ဝန်သည် ထွက်သွားပြီး မကြာခင် ပြန်ရောက်လာလေသည်။ ဘုရင်မင်းကြီးအား ဤသို့ လျှောက်တင်လေသည်။

''အရှင်မင်းကြီး၊ ထိုသစ်သီးများ ဘဏ္ဍာတိုက်ထဲမှာပုပ်ပြီး ခြောက်နေသည်ကို မြင်ခဲ့ရပါသည်။ ထို့အပြင် ဘဏ္ဍာတိုက်ထဲမှာ ပြိုးပြိုးပြက်ပြက် အရောင်တလက်လက်ထွက်နေသည့် ရတနာပုံကြီးတစ်ခုကိုလည်း အကျွန်ုပ် တွေ့ခဲ့ရပါသည်''

ဘုရင်မင်းကြီးသည် ထိုစကားကိုကြားသောအခါ ဝမ်းသာကျေနပ်သွားလေ၏။ ထိုရတနာများကိုလည်း ဘဏ္ဍာတိုက်ဝန်အားသာလျှင် ပေးအပ်ထားလေ၏။ နောက်တစ်နေ့တွင် ယခင်နည်းအတိုင်း ဇော်ဂျီရောက်လာသောအခါ ဘုရင်မင်းကြီးက ဇော်ဂျီအား ဤသို့မေးလေ၏။

''ဝိဇ္ဇာဓိုရ်ဇော်ဂျီ၊ အသင်သည် အဘယ်ကြောင့် ပစ္စည်းရတနာ မြောက်မြားစွာ အကုန်ခံပြီး ကျွန်ုပ်ကို နေ့စဉ်မပြတ် ချဉ်းကပ်ခစားနေဘိသနည်း။ ယနေ့ ထိုအကြောင်းကို အသင်ဇော်ဂျီ ပြောမပြမချင်း ကျွန်ုပ်သည် သင် ဇော်ဂျီ၏သစ်သီးကို လက်ခံလိမ့်မည်မဟုတ်ပါ'

ဘုရင်မင်းကြီးက ထိုသို့ပြောသောအခါ ဇော်ဂျီသည် ဘုရင်မင်းကြီးအား နှစ်ကိုယ်ကြား ဤသို့ပြောလေ၏။

mgyoe.com

mgyoe.com


'အကျွန်ုပ်မှာ ဆေးစီရင်စရာ တစ်ခုရှိသည်။ ထိုကိစ္စအတွက် သူ့ရဲ ကောင်းတစ်ဦး၏ အကူအညီလိုနေပါသည်။ အို-သူရဲကောင်းဘုရင်၊ ထိုကိစ္စ အတွက် အကျွန်ုပ်အား အကူအညီပေးပါဟု သင့်အား တောင်းပန်ပါ၏''

ဘုရင်ကြီးသည် ထိုစကားကို ကြားရသောအခါ ဦးခေါင်းညိတ်ပြီး လျှင် ဇော်ဂျီပြောသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်မည့်အကြောင်း ဝန်ခံ ကတိပေးလေ၏။ ထိုအခါ ဇော်ဂျီသည် အားရကျေနပ်သွားပြီးလျှင် ဘုရင် မင်းကြီးအား ဤသို့ ဆက်၍ပြောပြလေ၏။

''အရှင်မင်းကြီး၊ ထိုသို့ဖြစ်ပါမူ လကွယ်နေ့ည ညဥ့်ဦးယံအချိန် လောက်မှာ သုသာန်တစပြင်က ညောင်ပင်ရိပ်မှာ အကျွန်ုပ် သင်မင်းကြီးကို စောင့်နေပါမည်၊ ထိုနေရာကို မင်းကြီးဆက်ဆက်လာခဲ့ပါ''

''ကောင်းပြီး ကျွန်ုပ် ဆက်ဆက်လာခဲ့ပါမည်''

ဘုရင်မင်းကြီး၏ ကတိစကားကို ကြားရသောအခါ ခန္တိသီလဇော်ဂျီ သည် ကျေနပ်အားရစွာဖြင့် သူ၏နေရာသို့ ပြန်သွားလေ၏။

ထို့နောက် သူရဲကောင်းဘုရင်သည် လကွယ်နေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် သူဝန်ခံကတိပေးထားသည့် ဇော်ဂျီ၏တောင်းပန်ချက်ကို သတိရ လေ၏။ သို့ဖြစ်၍ ညဥ့်အချိန်သို့ ကျရောက်လျှင် ကျရောက်ချင်း ဦးခေါင်းကို အဝတ်နက်စည်းပြီးလျှင် လက်က ဓားကိုင်လျက် ကိုယ်ယောင်ဖျောက်ကာ သုသာန်တစပြင်ရှိရာသို့ ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် ထွက်လာခဲ့လေ၏။ ပတ်ဝန်းကျင်၌ကား သိပ်သည်းထူထပ်သော ညဥ့်နက်ကမ္ဘာကြီးက ကြောက်ရွံ့ဖွယ် ဖုံးအုပ်ထားသဖြင့် မည်းမှောင်နက်ချိုပ်၍ နေလေသည်။ သုသာန်တစပြင်၏ အခြေအနေသည် လူသေကောင်ကို မီးသင်္ဂြိုဟ်သည့် မီးပုံများမှ တစ္ဆေသရဲသဏ္ဌာန် ထိုးထွက်နေသော မီးညွန့် မီးလျှံများကြောင့် ကြောက်ရွံ့ထိတ်လန့်ဖွယ် အသွင်ပေါ်၍ နေပေသည်။ ထို့ပြင် သုသာန်တစပြင် ၌ရှိသော လူသေကောင်များ၏ အရိုးများ၊ နံရိုးများ၊ ဦးခေါင်းခွံများကလည်း ကြက်သီးတဖြန်းဖြန်းထအောင် ဖန်တီးနေကြသည်။ ထိုသုသာန်၌ရှိနေကြသော ကြောက်မက်ဖွယ်ကောင်းသည့် တစ္ဆေသရဲများ၊ အစိမ်းသဘက်များကလည်း ပြူးတူးပြဲတဲနှင့် ခြောက်လှန့်နေကြသည်။ ခွေးအ များ၏ ကျယ်လောင်စွာ အော်သံများမှာ သုသာန်တစပြင်ကို အသက်သွင်းပေးလျက် ရှိလေ၏။

mgyoe.com

mgyoe.com


ဘုရင်သည် သုသာန်၌ ဟိုဟိုသည်သည် လှည့်ပတ်ရှာဖွေပြီးသော အခါ ညောင်ပင်ကြီးတစ်ပင်အောက်၌ ပတ်ပတ်လည် လှည့်ပတ်နေသော ဇော်ဂျီကို သွားတွေ့လေ၏။ သို့ဖြစ်၍ ဇော်ဂျီအနီးသို့ ချဉ်းကပ်သွားလျက် 'အို ဇော်ဂျီ၊ ကျွန်ုပ် ရောက်ရှိလာပါပြီ၊ ကျွန်ုပ် သင် ဇော်ဂျီအတွက် ဘာလုပ်ပေးရမည်နည်း' ဟု မေးလေ၏။

ဇော်ဂျီသည် ထိုစကားကိုကြားရသောအခါ ဘုရင်မင်းကြီးကို ကြည့်ပြီးလျှင် ဝမ်းသာအားရ ဤသို့ပြောပြလေ၏။

"အရှင်မင်းကြီး၊ သင်မင်းကြီးသည် ကျွန်ုပ်ကို ကူညီလိုသည့်စိတ်ဆန္ဒရှိပါလျှင် ဒီကနေပြီး မြောက်ဘက်တည့်တည့်သို့ တစ်ယောက်တည်းသွားပါ၊ လက်ပံပင်တစ်ပင်ကို တွေ့ရလိမ့်မည်။ ထိုလက်ပံပင်၌ အလောင်းကောင်တစ်ခု တွဲရရွဲဆွဲထားသည်ကို တွေ့ရပေလိမ့်မည်။ ထိုအလောင်းကောင်ကိုယူပြီး ကျွန်ုပ်ဆီကို ပြန်ခဲ့ပါ။ ဤနည်းအားဖြင့် ကျွန်ုပ်ကို ကူညီစေချင်ပါသည်"

မိမိ၏ ကတိသစ္စာကို စောင့်သိရှိသေသော သူရဲကောင်းဘုရင်သည် ဇော်ဂျီ၏စကားကို ကြားရလျှင် ကြားရချင်း 'ကျွန်ုပ်ဆောင်ရွက်ပါမည်' ဟုပြောပြီး မြောက်ဘက်သို့ ထွက်သွားလေ၏။ လူသေကောင် မီးရှို့သည့် မီးရောင်များဖြင့် မှုန်တိမှုန်မွှားသာမြင်ရသော လမ်းကြောင်းအတိုင်း မြောက်ဘက်သို့ လျှောက်သွားလေရာ ခရီးအတန်ငယ်သွားမိသောအခါ အမှောင်ထဲတွင် ခဲခဲယဉ်းယဉ်းနှင့် ထိုလက်ပံပင်ရှိရာသို့ ရောက်သွားလေ၏။ ထိုလက်ပံပင်မှာ လူသေကောင်မီးရှို့သည့် မီးခိုးမှိုင်းများ လောင်မြိုက်ခြင်းခံရသောကြောင့် ကျိုးတိုးကျဲတဲနှင့် နွမ်းခြောက်၍နေလေရာ သရဲတစ်ကောင်နှင့် ပမာတူ၍ နေသည်။ လူသေကောင်များ၏ အသားများမှာလည်း အနံ့အသက်များ ထွက်နေကြသည်။ ဘုရင်မင်းကြီးသည် အစိမ်းသရဲတစ်ကောင်၏ ပခုံးပေါ်၌ တင်ထားသကဲ့သို့ ထိုသစ်ပင် ပင်စည်၌ တွဲရရွဲဆွဲထားသော လူသေကောင်ကို မြင်လေ၏။ ထို့ကြောင့် သစ်ပင်ပေါ်တက်သွားပြီးလျှင် လူသေကောင်၌ချည်ထားသော ကြိုးကို ဖြတ်ချလိုက်လေ၏။ မြေကြီးပေါ်သို့ကျသွားသောအခါ လူသေကောင်သည် နာကျင်သွားသကဲ့သို့ 'အမလေးဗျ' ဟု ဟစ်အော်လိုက်လေ၏။

mgyoe.com

mgyoe.com


ထိုအခါ ဘုရင်မင်းကြီးသည် အသက်ရှင်နေသေးသည် ထင်သဖြင့် သစ်ပင်ပေါ်က ဆင်းလာပြီး လူသေကောင်ကို ကရုဏာစိတ်ဖြင့် ပွတ်သပ်ပေးလေ၏။ ထိုအခိုက် လူသေကောင်က 'ဟား… ဟား' ဟု သရဲသဘက်ရယ်သကဲ့သို့ ကျယ်လောင်စွာ ရယ်လိုက်လေသည်။ ဘုရင်မင်းကြီးသည် လူသေကောင်ကို အစိမ်းစီးနေပြီဟု သိသွားပြီးလျှင် တွန့်ဆုတ်ခြင်း အလျှင်းမရှိဘဲ 'အသင် အဘယ်ကြောင့် ရယ်ရသနည်း၊ လာ ငါတို့ သွားကြစို့' ဟု ပြောလိုက်လေ၏။ ထိုအခိုက် ဘုရင်မင်းကြီးသည် မြေကြီးပေါ်မှ အစိမ်းစီးနေသော လူသေကောင်ပျောက်သွားပြီး ထိုသစ်ပင်ပေါ်၌ တစ်ဖန်ပြန်၍ တွဲရရွဲဆွဲနေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ဘုရင်မင်းကြီးသည် သစ်ပင်ပေါ် တစ်ဖန်ပြန်တက်ပြီးလျှင် ထိုလူသေကောင်ကို အောက်သို့ ယူချပြန်လေသည်။ အကြောင်းမူကား သူရဲကောင်းတို့၏ နှလုံးသည် စိန်ကျောက်ထက်ပင် ထွင်းဖောက်ဖို့ရန် ခဲယဉ်းသည့် အမျက်ရတနာ ဖြစ်လေသည်။ ထို့နောက် တရိဝိက္ကမသေန ဘုရင်သည် အစိမ်းစီးနေသော လူသေကောင်ကို သူ၏ပခုံးပေါ်တင်လိုက်ပြီးလျှင် ထိုလူသေကောင်နှင့်အတူ ဘာမပြောညာမပြော ထိုနေရာမှ ထွက်လာခဲ့လေ၏။ ယင်းသို့ထွက်လာခဲ့သောအခါ သူ၏ပခုံးပေါ်က လူသေကောင်၌ရှိနေသော အစိမ်းက ဤသို့ ဘုရင်မင်းကြီးအား ပြောလေ၏။

'အို… ဘုရင်၊ လမ်းမှာ ပျင်းမနေအောင် ကျွန်ုပ် သင့်ကို ပုံဝတ္ထုတစ်ခု ပြောပြပါမည်၊ နားထောင်ပါ' ဟု နိဒါန်းပျိုးကာ ပြောလေတော့သတည်း။

* * *

သိဝ၏ နေထိုင်ရာ အရပ်ဖြစ်သော ဗာရာဏသီအမည်ရှိသည့် မြို့တစ်မြို့ ရှိလေ၏။ ထိုမြို့မှာ သူတော်သူမြတ်များသာလျှင် နေထိုင်ရာမြို့ဖြစ်သဖြင့် ကေလာသတောင်ကလပ်နှင့် ပမာတူလှပေ၏။ ထာဝစဉ် ရေပြည့်၍နေသော ဂင်္ဂါမြစ်သည် ထိုမြို့၏အနီး၌ စီးဆင်းနေသည်မှာ လည်ပင်းတွင် အစဉ်မပြတ်ဆွဲထားသော လည်ဆွဲရတနာနှင့် ပုံသဏ္ဌာန်တူလေသည်။ ထိုမြို့တွင် ရှေးအထက်ကျော်ကာလက ဝတာပမကုဋ္ဌအမည်ရှိသည့် ဘုရင်တစ်ပါး ရှိလေ၏။ ထိုဘုရင်သည် တောမီးသည် တောကို ဖြုန်းတီးဖျက်ဆီးပစ်သကဲ့သို့

mgyoe.com

mgyoe.com


ရန်သူတို့၏ သားမယားများကို လက်ရုံးအားကိုးဖြင့် ချေမှုန်းဖျက်ဆီးပစ်လေ၏။ ထိုဘုရင်၌ ဝဇီရမကုဋ္ဌအမည်ရှိသည့် သားတော်တစ်ဦး ရှိလေသည်။ ထိုမင်းသားသည် သူ၏အလှဖြင့် အချစ်နတ်၏ မာန်မာနကိုလည်းကောင်း၊ သူ၏ခွန်အားသတ္တိဖြင့် ရန်သူတို့၏ ယုံကြည်စိတ်ချချက်ကိုလည်းကောင်း ချေမှုန်းဖျက်ဆီးပစ်လေသည်။ ထိုမင်းသား၌ ဗုဒ္ဓသရီရအမည်ရှိသည့် အဆွေခင်ပွန်းတစ်ဦး ရှိလေသည်။ ဗုဒ္ဓသရီရသည် အမတ်ကြီးတစ်ဦး၏ သားဖြစ်ပြီး ပညာဉာဏ်ထက်သန်ကြီးမားသူတစ်ဦး ဖြစ်လေသည်။ ထိုဗုဒ္ဓသရီရကို မင်းသားက သူ၏အသက်ထက်ပင် ချစ်ခင်မြတ်နိုးလေသည်။

တစ်နေ့သ၌ ထိုမင်းသားသည် သူ၏အဆွေခင်ပွန်းနှင့်အတူ အပျော်အပါးအလို့ငှာ တောကစားထွက်လေ၏။ တောကစားဝါသနာကြီးလွန်းလှသဖြင့် ထိုမင်းသားသည် တောကစားထွက်ရင်းနှင့် ခရီးကျွံပြီး အဝေးသို့ ရောက်သွားလေ၏။ ခြင်္သေ့များ၏ရှည်လျားလှသော၊ လည်ဆံရှိသော ဦးခေါင်းများကို မြားဖြင့် ပစ်ခွင်းရင်း တောနက်တစ်ခုထဲသို့ ရောက်သွားကြလေ၏။ ခြင်္သေ့၏လည်ဆံမှာ သူတို့၏သူရသတ္တိဂုဏ်ကို ဖော်ပြနေသည့် သားမြီးယပ်သဖွယ် ဖြစ်လေသည်။ ထိုတောနက်ကား အချစ်၏ ပျော်ပိုက်ရာ အိမ်ဂေဟာနှင့် တူလှပေသည်။ ဥဩငှက်များကလည်း ကဗျာဆရာများအတွက် တွန်ကျူးနေကြသည်။ သစ်ပင်များကလည်း သားမြီးယပ်ကဲ့သို့ လှုပ်ယမ်း၍နေသော သူတို့၏ပန်းခိုင်များဖြင့် ယပ်ခတ်ပေးနေကြသည်။

ထိုနေရာ၌ မင်းသားနှင့် အမတ်ကြီး၏သားတို့သည် ကြီးမားသော ရေကန်ကြီးတစ်ခုကို တွေ့ရလေ၏။ ထိုရေကန်၌ ကြာမျိုးစုံ ပေါက်နေကြသည်။ ထိုရေကန်ထဲ၌ မင်းသားသည် နတ်သမီးတမျှ လှပသည့် မိန်းမပျိုတစ်ဦးကို တွေ့မြင်ရလေသည်။ ထိုမိန်းမပျိုမှာ သူ၏အဖော် အခြွေအရံများနှင့် အတူ ထိုရေကန်သို့ ရေလာချိုးသည့် မိန်းမပျိုတစ်ဦးဖြစ်လေသည်။ မိန်းမပျိုသည် ကျက်သရေရှိလှသည့် ထိုရေကန်ကို သူ၏အလှ ရေပြည့် ရေလျှံဖြင့် ထပ်ဖြည့်နေသကဲ့သို့ ထင်ရသည်။ ထို့ပြင် သူ၏အကြည့်များဖြင့်လည်း ထိုရေကန်ထဲ၌ ကြာညိုရုံသစ် တစ်ရုံကို ဖန်ဆင်းနေသလားဟု အောက်မေ့ရသည်။ လမင်းကို အလှဖြင့် အနိုင်ယူလိုက်သည့် သူ၏မျက်နှာဖြင့် မိန်းမပျိုသည် ကြာဖြူများကို အရှက်ကွဲ အကျိုးနည်းအောင် ပြုမူနေသကဲ့သို့ပင်

mgyoe.com

mgyoe.com


ထင်ရလေသည်။ ထိုမိန်းမပျိုသည် ချက်ချင်းပင် သူ၏မျက်နှာဝန်းဖြင့် မင်းသား၏နှလုံးသားကို ဆွဲယူဖမ်းစားထားလိုက်၏။ ထိုနည်းတူစွာပင် လုလင်ပျိုကလည်း တစ်ချက်ကြည့်ရုံမျှနှင့် မိန်းမပျို၏မျက်လုံးကို လုံးဝအပိုင်ရလိုက်သည်ဖြစ်၍ မိန်းမပျိုသည် သူ၏ကာယိန္ဒြေကိုလည်းကောင်း သို့မဟုတ် သူ၏ဝတ်စားတန်ဆာကိုလည်းကောင်း ဂရုမစိုက်နိုင်အောင်ပင် ဖြစ်သွားခဲ့လေသည်။

မင်းသားသည် ထိုမိန်းမပျိုကို စိုက်ကြည့်ပြီး ဘယ်သူဘယ်ဝါများဖြစ်ပါလိမ့်မည်နည်းဟု အံ့သြငေးမောနေစဉ် မိန်းမပျိုသည် သူ၏တိုင်းပြည်၊ သူ၏အခြားအကြောင်းအရာများကို မင်းသားအား ပြောပြရန်အလို့ငှာ အပျင်းပြေကစားလိုသည့်ဟန်မျိုးဖြင့် အရိပ်အခြည်အမှတ်အသားကို လုပ်ပြလေ၏။ မိန်းမပျိုသည် သူ၏ပန်းကုံးမှ ကြာပွင့်တစ်ပွင့်ကိုယူပြီးလျှင် နား၌ ပန်ထားလိုက်လေ၏။ ထို့နောက် သူသည် ဒန္တပတ္တ (သွား-အရွက်) ဟုခေါ်သည့် အဆင်တန်ဆာ ပုံအသွင်ဖြစ်အောင် ထိုကြာပွင့်ကို အချိန်အကြာကြီး လိမ်ကျစ်နေလေ၏။ ထို့နောက် တစ်ဖန် အခြားကြာပွင့်တစ်ခုကို ယူပြီးလျှင် သူ၏ဦးခေါင်း၌ ပန်ထားလိုက်ပြီး သူ၏လက်ကိုမူ အဓိပ္ပာယ်ပါပါနှင့် သူ၏နှလုံးသားပေါ်၌ တင်ထားလေသည်။ မင်းသားသည် ထိုခဏ၌ အရိပ်အခြည်အမှတ်အသားများကို နားမလည်ပေ။ သို့ရာတွင် အမတ်ကြီး၏သား၊ သူ၏မိတ်ဆွေပညာရှင်ကမူ ထိုအမှတ်အသားများကို နားလည်လိုက်လေ၏။ ထို့နောက် မကြာမီပင် မိန်းမပျိုသည် သူ၏အဖော်အခြွေအရံများက ခေါ်သွားကြသည်ဖြစ်၍ ထိုနေရာမှ ခွဲခွာသွားလေ၏။ မိန်းမပျိုသည် သူ၏ အိမ်သို့ရောက်သောအခါ အိပ်ရာပေါ်တွင် ပစ်လှဲလိုက်လေ၏။ သူ၏နှလုံးသားကမူ မင်းသားနှင့်အတူ ကျန်ရစ်လေသည်။ သူညွှန်ပြခဲ့သည့် အမှတ်အသားများကို သိမှသိပါမည်လားဟု စိတ်တထင့်ထင့် ဖြစ်နေရှာလေသည်။

မင်းသားအဖို့မှာလည်း မိန်းမပျိုကို မမြင်ရသည့် အချိန်မှစပြီး မှော်အတတ်ပညာ လက်လွတ်ဆုံးရှုံးသွားသော ဝိဇ္ဇာဓိုရ်ကဲ့သို့ သူ၏နေပြည်တော်သို့ ပြန်သွားပြီး နေမထိထိုင်မသာ ဖြစ်နေလေ၏။ တစ်နေ့သ၌ အမတ်ကြီး၏သားသည် မင်းသားနှင့် နှစ်ကိုယ်တည်း မေးမြန်းစစ်ဆေးပြီးလျှင် ထိုမိန်းမပျိုအလှမှာ ရဖို့ရာ မခဲယဉ်းကြောင်း ပြောပြလေ၏။ ထိုအခါ

mgyoe.com

mgyoe.com


မင်းသားသည် ကာယိန္ဒြေကိုသော်မှ ချုပ်တည်းသိမ်းဆည်းမထားနိုင်ဘဲ ဤသို့ပြောလေ၏။

"သူ၏အမည်၊ သူ၏ဒေသ၊ သူ၏ဇာစ်မြစ်ကို မသိပါဘဲနှင့် သူ့ကို ဘယ်လိုလုပ်ရမည်နည်း၊ သင် ဘာကြောင့် ကျွန်ုပ်ကို မဟုတ်မမှန် လုပ်ကြံပြီး အားပေးစကား ပြောကြားဘိသနည်း"

မင်းသား၏စကားကို ကြားရသောအခါ အမတ်ကြီးသားက ဤသို့ ပြန်ပြောလေသည်။

"မိန်းမပျိုက သင့်ကို အမှတ်အသားဖြင့် စကားပြောပြလိုက်သည်ကို သင်မမြင်ဘူးလား၊ ကြာပွင့်ကို သူ၏နား၌ ပန်ပြလိုက်ခြင်းအားဖြင့် သူဟာ ဘုရင်ကဏ္ဏောပါလ၏ တိုင်းပြည်မှာ နေတယ်လို့ ပြောပြလိုက်ခြင်း ဖြစ်သည်။ ထိုကြာပွင့်ကို သွား-အရွက် တန်ဆာဖြစ်အောင် လုပ်ပြခြင်းအားဖြင့် သူဟာ ထိုတိုင်းပြည်က ဆင်စွယ်ပန်းပုဆရာ၏သမီးဖြစ်တယ်လို့ ဆိုလိုခြင်း ဖြစ်သည်။ ကြာပွင့်ကို မြှောက်ပြခြင်းကား သူ၏အမည် ပဒုမဝတီ လို့ ခေါ်တယ်လို့ သင့်အားသိစေခြင်း ဖြစ်သည်။ ထို့ပြင် သူ၏လက်ကို သူ၏နှလုံးသားပေါ်မှာ တင်ထားခြင်းအားဖြင့် သူ့နှလုံးသားကို သင် ပိုင်နေပြီ လို့ ပြောပြလိုက်ခြင်း ဖြစ်သည်။ ကလိင်္ဂတိုင်းနိုင်ငံမှာ ကဏ္ဏောပါလအမည် ရှိသည့် ဘုရင်တစ်ပါး ရှိသည်။ ထိုဘုရင်မှာ သင်္ဂရာမဝဓာနအမည်ရှိ ဘုရင့်နန်းတွင်းသား ဆင်စွယ်ပန်းပုဆရာကြီးတစ်ဦး ရှိသည်။ ထိုပန်းပုဆရာ ကြီးမှာ သုံးလောက၏ ပုလဲရတနာသဖွယ်ဖြစ်သည့် ပဒုမဝတီအမည်ရှိ သမီးကညာတစ်ယောက် ရှိသည်။ သူ့သမီးကို ဖခင် ပန်းပုဆရာကြီးသည် အသက်ထက်ပင် ချစ်မြတ်နိုးသည်။ ထိုအကြောင်းအရာအားလုံးကို ကျွန်ုပ် သည် တစ်ဆင့်စကား သိထားပြီးဖြစ်သည်။ ထို့ကြောင့် မိန်းမပျိုက သင့်အား ပြောပြလိုသော သူ၏တိုင်းပြည်နှင့် အခြားအကြောင်းအရာများကို ဆိုလိုသည့် အမှတ်အသားများကို ကျွန်ုပ်နားလည်ခြင်း ဖြစ်ပါသည်"

မင်းသားသည် အမတ်ကြီးသား၏ စကားကို ကြားသိရသောအခါ သူ၏ မိတ်ဆွေ ပညာရှိအမတ်ကြီးသားကို အထူးကျေနပ်အားရသွားလေ၏။ သူ၏ရည်မှန်းချက်ကို ရရှိဖို့ရန် အခွင့်ကောင်းပေါ်လာပြီဖြစ်သည့်အတွက် လည်း အထူးပင် ဝမ်းသာအားရ ဖြစ်လေသည်။ ထို့နောက် မင်းသားသည်

mgyoe.com

mgyoe.com


အမတ်ကြီးသားနှင့် ခေါင်းချင်းရိုက် တိုင်ပင်နှီးနှောပြီးလျှင် အမတ်ကြီးသားကို ခေါ်ခဲ့ပြီး တောကစားထွက်သွားသည့် ဟန်ဆောင်လျက် နန်းတော်မှ ထွက်လာခဲ့လေ၏။ အမှန်အားဖြင့်မူ အချစ်ကို အရှာထွက်လာခြင်း ဖြစ်ရကား မင်းသားသည် တောကစားသွားနေကျ နေရာဘက်သို့ ဟန်ဆောင်ထွက်လာခဲ့သော်လည်း လမ်းခုလတ်လောက်ရောက်သောအခါ နောက်လိုက်အဖြစ် ပါလာသူကို မျက်ခြည်ဖြတ်ထားခဲ့ပြီး မြင်းကို ဒုန်းစိုင်းလျက် အမတ်ကြီး၏ သားကိုသာ အဖော်ခေါ်ခဲ့ကာ ကလိင်္ဂတိုင်းဘက်သို့ ထွက်လာခဲ့လေသည်။

ကလိင်္ဂတိုင်းဘုရင် ကဏ္ဍောပါလ၏ နေပြည်တော်သို့ ရောက်သောအခါ သူတို့သည် ဆင်စွယ်ပန်းပုဆရာကြီး၏ အိမ်ဂေဟာကို လိုက်ရှာကြလေသည်။

မကြာခင်ပင် သူတို့သည် ပန်းပုဆရာကြီး၏ အိမ်ကို တွေ့ကြလေသည်။ ထိုအခါ မင်းသားနှင့် အမတ်ကြီးသားသည် တည်းခိုဖို့ရန်အတွက် ပန်းပုဆရာကြီး၏ အိမ်နှင့် မလှမ်းမကမ်းတွင်ရှိသော အဘွားအိုတစ်ယောက်၏ အိမ်ကို ဝင်ကြလေသည်။

အမတ်ကြီး၏သားသည် မြင်းကို အစာရေစာတိုက်ကျွေးပြီး လျှို့ဝှက်နေရာတစ်နေရာ၌ ဝှက်ထားလေ၏။ ထို့နောက် အမတ်ကြီး၏သားသည် မင်းသားရှေ့မှာပင် အဘွားအိုကြီးကို 'အမေ၊ သင်္ဂရာမဝဓနလို့ခေါ်သည့် ဆင်စွယ်ပန်းပုဆရာကြီးကို သိပါသလား' ဟု မေးလေ၏။ အဘွားအိုကြီးက ဤသို့ပြန်ပြောလေသည်။

"သင်္ဂရာမဝဓနကို ကောင်းကောင်းသိသည်၊ ကျုပ် သူ့ကလေးထိန်းပင် ဖြစ်သည်။ သူက ကျုပ်ကို သူ့သမီးကို ကြည့်ရှုစောင့်ရှောက်ဖို့ အထိန်းအယပြုလုပ်ထားသည်။ သို့သော် ကျုပ်အဝတ်အစားမရှိသည့်အတွက် သူတို့အိမ်ကို မသွားတော့ဘူး။ ကျုပ်သားက လူဆိုး ကစားသမား ဖြစ်သည်။ ကျုပ်အဝတ်အစားများ ကျုပ်သား ဖြုန်းပစ်တာနှင့်ကုန်ပြီ"

အမတ်ကြီး၏သားသည် အဘွားအို၏စကားကို ကြားရသောအခါ အားရကျေနပ်သွား၏။ သူ၏ အပေါ်လွှမ်းအထည်နှင့် အခြားလက်ဆောင်များကို အဘွားကြီးအား ပေးပြီးလျှင် ဤသို့ဆက်ပြောလေ၏။

"ကျွန်ုပ်တို့သည် အမေ့ကို အမေရင်းလို သဘောထားကြပါသည်။

mgyoe.com

mgyoe.com

သို့ဖြစ်၍ အမေက ကျုပ်တို့တိုက်တွန်းသည့်အချက်ကို လျှို့ဝှက်စွာ ဆောင်ရွက်ပေးစေချင်ပါသည်။ ဆင်စွယ်ပန်းပုဆရာကြီး၏သမီး ပဒုမဝတီဆီသို့သွားပြီး သူရေကန်မှာတွေ့ခဲ့သည့် မင်းသား ဒီကိုရောက်လာပြီဆိုသည့် အကြောင်းနှင့် သူ့ကို အချစ်ကြီးချစ်နေသည့် မင်းသားက အမေ့ကို လွှတ်လိုက်သည် ဆိုသည့်အကြောင်းကို ပြောပေးစေချင်ပါသည်''

အဘွားအိုသည် ထိုစကားကို ကြားရသောအခါ ပေးထားသည့် လက်ဆောင်များ၏ မျက်နှာကြောင့် ဆောင်ရွက်ပေးပါမည်ဟု ဝန်ခံလျက် ပဒုမဝတီဆီသို့သွားပြီး ချက်ချင်းပြန်လာလေ၏။ မင်းသားနှင့် အမတ်ကြီးသားက မေးမြန်းသောအခါ အဘွားကြီးသည် ဤသို့ပြောလေသည်။

''ကျုပ် ပဒုမဝတီဆီကိုသွားပြီး သင်တို့ရောက်လာသည်ဆိုသည့် အကြောင်းကို တိတ်တဆိတ်ပြောပြပါသည်။ ကျုပ်ပြောပြသည်ကို ကြားရတော့ သူက ကျုပ်ကို မာန်မဲမြည်တွန်ပြီး ကျုပ်ပါးနှစ်ဖက်ကို ပရုတ်ပေနေသည့် သူ့လက်နှစ်ဖက်နှင့် ရိုက်သည်။ ထို့ကြောင့် ကျုပ် သူ့အစော်ကားခံရတာကို မခံမရပ်နိုင်ဖြစ်ပြီး ငိုပြန်လာခဲ့ရခြင်း ဖြစ်သည်။ ဟောသည်မှာကြည့်၊ ကျုပ်မျက်နှာပေါ်မှာ သူ့လက်ချောင်းရာများ ထင်နေသည်''

အဘွားကြီးက ယင်းသို့ပြောသောအခါ မင်းသားသည် သူ့ရည်ရွယ်ချက်ကိုရဖို့ရန် မျှော်လင့်ချက်မရှိတော့ဟု တွေးပြီး အကြီးအကျယ် စိတ်ပျက်သွားလေ၏။ သို့ရာတွင် ပညာရှိအမတ်ကြီး၏သားသည် မင်းသားအား ဤသို့ပြောလေ၏။

''စိတ်မပျက်ပါနှင့်၊ သူ၏အကြံကို လျှို့ဝှက်ထားခြင်းအားဖြင့်လည်းကောင်း၊ အဘွားအိုကို မာန်မဲမြည်တွန်ခြင်းအားဖြင့်လည်းကောင်း၊ ပရုတ်ဖြင့် ဖြူနေသော သူ၏လက်ဆယ်ချောင်းဖြင့် အဘွားကြီး၏ပါးကို ရိုက်ပြခြင်းအားဖြင့်လည်းကောင်း အခုကျန်နေသည့် လဆန်းပက္ခ လသာညဆယ်ညတိတိ စောင့်ပါဦး၊ ထိုညများမှာ တွေ့ဆုံဖို့ အဆင်မပြေဘူးဟု ပြောပြလိုက်ခြင်း ဖြစ်ပါသည်''

အမတ်ကြီး၏သားသည် မင်းသားအား ယင်းသို့ အားပေးစကားပြောပြပြီးသောအခါ ဈေးထဲသို့သွားပြီး သူ့မှာပါလာသော ရွှေကို လျှို့ဝှက်စွာ ရောင်းချလေ၏။ ထို့နောက် အဘွားကြီးကို ကောင်းမွန်သည့် အစားအသောက်

mgyoe.com

mgyoe.com


များ ချက်ပြုတ်ခိုင်းပြီး သူတို့နှစ်ဦးသည် အဘွားကြီးနှင့်အတူ စားသောက်ကြလေသည်။ ယင်းသို့ ဆယ်ရက်မျှ အောင့်အည်းနေပြီးသည့်နောက် အမတ်ကြီးသားသည် အဘွားကြီးကို အခြေအနေ ဘယ်လိုနေသနည်းဟု ပဒုမဝတီထံသို့ အကြည့်လွှတ်လိုက်ပြန်လေသည်။ အရသာပြည့်ဝသည့် အစားကောင်း အသောက်ကောင်းများနှင့် အခြားလက်ဆောင်ပစ္စည်းများကို သဘောတွေ့နေသည့် အဘွားကြီးသည် ဧည့်သည်များ ကျေနပ်မှုရစေရန် အလို့ငှာ ပဒုမဝတီအိမ်သို့ တစ်ဖန်သွားပြီး ပြန်လာခဲ့လေ၏။ ဧည့်သည်များအား ဤသို့ပြောပြလေသည်။

"ကျုပ် ဒီနေ့ ပဒုမဝတီဆီသွားပြီး ဘာမှမပြောဘဲ ထိုင်နေသည်။ သို့သော်လည်း သူက ဘာမှမေးမြန်းပြောဆိုခြင်းမရှိဘဲ သင်တို့၏ သတင်းကို ယူဆောင်လာခဲ့ရမလားဟု သူ့ဟာသူ ကျုပ်ကို ရန်တွေ့ပါသည်။ ပြီးတော့ ကျုပ်ရင်ဘတ်ကို ဆေးနီတို့ထားသည့် သူ့လက်သုံးချောင်းဖြင့် ရိုက်ပါသည်။ ထို့ကြောင့် ကျုပ်ဟောသည် အမှတ်ရပြီး ပြန်လာခဲ့ရခြင်း ဖြစ်ပါသည်"

အမတ်ကြီး၏သားသည် ထိုအကြောင်းကိုကြားရသောအခါ မင်းသားအား ဤသို့ပြောလေ၏။

"စိတ်ပျက်စရာလို့ မအောက်မေ့ပါနှင့်၊ အနီရောင်ဆိုးထားသည့် သူ၏လက်ချောင်းသုံးချောင်းဖြင့် အဘွားကြီး ရင်ဘတ်ပေါ် အရာထင်အောင် လုပ်လိုက်ခြင်းအားဖြင့် သုံးညတိတိ ကျွန်မ ရှင့်ကို လက်မခံနိုင်သေးဘူးလို့ ဆိုလိုခြင်း ဖြစ်ပါသည်"

အမတ်ကြီးသားက ထိုသို့ပြောသောအခါ တစ်ဖန် အဘွားကြီးကို ပဒုမဝတီ၏အထံသို့ လွှတ်ပြန်လေ၏။ အဘွားကြီးသည် ပဒုမဝတီ၏ အိမ်တော်သို့ သွားပြန်လေ၏။ ထိုအခါတွင်ကား ပဒုမဝတီသည် အဘွားကြီးအား လေးလေးစားစား ဧည့်ခံဂုဏ်ပြုလေ၏။ ပျူပျူငှာငှာနှင့် အစားအသောက်များအပြင် အခြားဖွယ်ဖွယ်ရာရာများဖြင့် ကျွေးမွေးပြုစုလေ၏။ ထိုနေ့ည ညနေစောင်း အဘွားကြီး အိမ်ပြန်မည်လုပ်သောအခါ အိမ်အပြင်ဘက်၌ လူတွေ ဟိုပြေးသည်လွှားနှင့် လှုပ်လှုပ်ရွရွ ဆူဆူညံညံ ဖြစ်နေလေ၏။ ထိုအခိုက် 'အမယ်လေး၊ မုန်ယိုနေတဲ့ ဆင်တစ်ကောင် သူ့ကိုချည်ထားတဲ့နေရာကလွတ်ပြီး ပြေးလာတယ်၊ လူတွေကို တိုးဝှေ့နင်းသတ်နေတယ်'

mgyoe.com

mgyaye.com
ဟူသော အော်ဟစ်ပြောသံကို လူများကြားကြရလေသည်။ ထိုအခါ ပဒုမဝတီက အဘွားကြီးအား ဤသို့ပြောလေသည်။

"အမေ၊ ပေတစ်ရာလမ်းက သွားလို့မဖြစ်ဘူး၊ ပေတစ်ရာလမ်းပေါ်မှာ ဆင်ရန်ကို ကြောက်ရသည်၊ ကျွန်မ အမေ့ကို ကြိုးဖြင့် ခိုင်အောင်လုပ်ထားသည့် ထိုင်စရာ ခုံတစ်ခုပေါ်မှာ တင်ပေးမည်၊ ပြီးတော့ ဟောသည် ပြတင်းပေါက်ကျယ်ထဲကနေပြီး အိမ်ခြံဥယျာဉ်ထဲရောက်သွားအောင် ချပေးမည်။ ခြံထဲက သစ်ပင်တစ်ပင်ပေါ်ကို အမေတက်ပြီး နံရံကို ဖြတ်ကျော်ပြီးတော့ နောက်သစ်ပင် တစ်ပင်ကနေပြီး အောက်ကို ဆင်းသွားပါ၊ ပြီးတော့ အိမ်ကို ပြန်သွားပါ"

ပဒုမဝတီသည် ယင်းသို့ပြောပြီးသောအခါ သူ၏ အစေခံမတစ်ဦးကို အဘွားကြီးအား ကြိုးဖြင့် ခိုင်အောင်တုပ်ထားသည့် ထိုင်စရာခုံတစ်ခုပေါ် ထိုင်စေလျက် ပြတင်းပေါက်ကနေပြီး ခြံဥယျာဉ်ထဲကို အချခိုင်းလိုက်လေ၏။ အဘွားကြီးသည် သူကိုညွှန်ပြထားသည့် လမ်းအတိုင်း အိမ်သို့ပြန်သွားလေသည်။ အိမ်သို့ပြန်ရောက်သောအခါ အဘွားကြီးသည် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို အမှန်အတိုင်းပင် တစ်လုံးမကျန် မင်းသားနှင့် အမတ်ကြီးသားအား ပြန်ပြောလေ၏။ ထိုအခါ အမတ်ကြီးသားက မင်းသားအား ဤသို့ ပြောပြ၏။

"သင်၏အကြံ အောင်မြင်ပြီ၊ ပဒုမဝတီသည် သင် လာရမည့်လမ်းကို အလိမ္မာနှင့် ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ယနေ့ပင် နေဝင်သည်နှင့် တစ်ပြိုင်နက် ထိုလမ်းကြောင်းအတိုင်းသွားပြီး သင့်ချစ်သူ၏အိမ်ကို ဝင်ပေတော့"

အမတ်ကြီးသား၏စကားကို ကြားရသောအခါ မင်းသားသည် အမတ်ကြီး၏သားကိုခေါ်ကာ အဘွားကြီးပြောပြသည့် နံရံပေါ်ကလမ်းအတိုင်း ခြံထဲကိုဝင်ရောက်လာလေ၏။ ထိုနေရာ၌ ထိုင်ခုံတစ်ခုကို ချည်နှောင်ထားသည့် ကြိုးတစ်ခု တွဲရရွဲကျနေသည်ကို တွေ့ရလေ၏။ ထိုကြိုးအပေါ်ဘက်ထိပ်၌လည်း အစေခံမိန်းမအချို့ ရပ်နေကြသည်။ သူတို့သည် မင်းသား၏အလာကို ငံ့မျှော်နေကြပုံရသည်။ သို့ဖြစ်၍ မင်းသားသည် ကြိုးချည်ထားသည့် ခုံပေါ်၌ သွားထိုင်လိုက်လေ၏။ မင်းသားကို မြင်တွေ့
mgyaye.com

mgyoe.com


သောအခါ အစေခံမိန်းမများသည် မင်းသားကို ကြိုးဖြင့် ဆွဲတင်လိုက်ကြလေ၏။ မင်းသားသည် ပြတင်းပေါက်ကနေပြီး သူ့ချစ်သူ၏အခန်းထဲ ဝင်သွားလေသည်။ မင်းသား အခန်းထဲရောက်သွားသောအခါ အမတ်ကြီး၏သားသည် တည်းခိုရာအိမ်သို့ပြန်သွားလေသည်။ မင်းသားသည် အခန်းထဲ၌ ရောင်ခြည်နှင့်တူသော အလှများထိုးထွက်နေသည့် လပြည့်ဝန်းနှင့်တူသည့် မျက်နှာရှိသော ပဒုမဝတီကို လဆုတ်ပက္ခကို ကြောက်ရွံ့သဖြင့် ပုန်းကွယ်နေတုန်းရှိသေးသည့် လပြည့်နေ့ညလနှင့် ပမာတူစွာ တွေ့မြင်ရလေ၏။ ပဒုမဝတီသည် မင်းသားကို တွေ့မြင်လျှင်မြင်ချင်း ရဲဝံ့စွာ လူးလဲထပြီးလျှင် မျှော်တော်ဇောနှင့် ကြာမြင့်စွာ စောင့်မျှော်ရသူ၏ ဓမ္မတာအတိုင်း မင်းသားကို ဖက်လဲတကင်းပြုခြင်းစသော ချစ်မူချစ်ဟန်များနှင့်တကွ ခရီးဦးကြိုပြုလေသည်။ ထို့နောက် မင်းသားသည် 'ဂန္ဓဗ္ဗ' လက်ထပ်မင်္ဂလာထုံးစံနည်းအရ ပဒုမဝတီအလှကညာနှင့် လက်ထပ်မင်္ဂလာပြုလုပ်လိုက်လေသည်။ ထို့နောက် သူ၏အလိုဆန္ဒနှင့် အကြံအစည်များ ပြည့်ဝသွားသည်ဖြစ်၍ မင်းသားသည် ပဒုမဝတီနှင့် အတူတကွ အခန်းထဲ၌ လျှို့ဝှက်စွာ ပေါင်းသင်းနေထိုင်လေ၏။

ရက်အနည်းငယ်မျှ ပဒုမဝတီနှင့်နေထိုင်ပြီးနောက် တစ်ခုသောညကာလဝယ် မင်းသားသည် သူ၏ချစ်သူအား ဤသို့ပြောလေသည်။

"ကျွန်ုပ်၏မိတ်ဆွေ အမတ်ကြီးသားလည်း ကျွန်ုပ်နှင့်အတူပါလာသည်။ သူ အခု ဒီမြို့မှာရှိနေသည်။ သင့်အထိန်းမကြီး၏အိမ်မှာ တစ်ယောက်တည်း ကျန်နေခဲ့သည်။ ကျွန်ုပ် အခု သူ့ဆီကို အလည်အပတ်သွားမည်။ ပြီးမှ သင့်ဆီကို ပြန်လာခဲ့မည်"

ပါးနပ်လိမ္မာသည့် ပဒုမဝတီသည် ထိုစကားကိုကြားရသောအခါ ချစ်သူမင်းသားအား ဤသို့ပြန်ပြောလေသည်။

"ကျွန်ုပ်၏ချစ်လင်၊ ကျွန်ုပ် သင့်ကို မေးခွန်းတစ်ခု မေးဦးမည်။ ကျွန်ုပ်ပြောပြခဲ့သည့် အမှတ်သညာများ၏ အဓိပ္ပာယ်အနက်ကို သင်ပဲဖော်ထုတ်သလော၊ သို့တည်းမဟုတ် သင်၏မိတ်ဆွေ အမတ်ကြီး၏သား ဖော်ထုတ်သလော"

"ကျွန်ုပ်တစ်ခုမျှ မဖော်ထုတ်နိုင်ခဲ့ပါ၊ နတ်အမြင် နတ်အကြားမျိုး

mgyoe.com

mgyoe.com


ရှိနေသဖြင့် ထင်ပေါ်ကျော်ကြား၍နေသော ကျွန်ုပ်၏မိတ်ဆွေ အမတ်ကြီး၏သားသာလျှင် အားလုံးကို မှန်းဆဖော်ထုတ်ပြီး ကျွန်ုပ်အား ပြောပြခြင်းဖြစ်ပါသည်''

''ထိုသို့ဖြစ်မူ သူ့အကြောင်းကို ကျွန်ုပ်အား အစက ပြောမပြခြင်းသည် သင် အမှားကြီးမှားခဲ့သည်။ သင်၏မိတ်ဆွေဖြစ်သောကြောင့် သူသည် ကျွန်ုပ်၏မောင်လည်း ဖြစ်သည်။ ကျွန်ုပ် သူ့ကို အားလုံး၏ရှေ့မှာ ကွမ်းဆေးအပြင် အခြားဖွယ်ဖွယ်ရာရာတို့ဖြင့် ပြုစုဧည့်ခံရမည်''

ပဒုမဝတီသည် ဤသို့ပြောပြီး မင်းသားအား ပြန်လွှတ်လိုက်လေ၏။ အချိန်ကား ညဥ့်အခါသမယ ဖြစ်လေသည်။ မင်းသားသည် သူ၏ချစ်သူ စံအိမ်က ထွက်ခဲ့ပြီး အလာတုန်းက လမ်းအတိုင်း သူ့မိတ်ဆွေဆီသို့ ပြန်သွားလေ၏။ အိမ်သို့ရောက်သောအခါ ဟိုအကြောင်း သည်အကြောင်း ဆွေးနွေးပြောဆိုနေရင်းက သူ၏ချစ်သူပြုလုပ်ခဲ့သည့် အမှတ်သညာများ အဓိပ္ပာယ်ကို မှန်းဆဖော်ထုတ်သူမှာ သူ၏မိတ်ဆွေ အမတ်ကြီး၏သားဖြစ်ကြောင်းကို သူ့ချစ်သူအား ပြောပြခဲ့သည်ဟူ၍ အမတ်ကြီးသားအား ပြောပြလေ၏။ သို့ရာတွင် အမတ်ကြီး၏သားသည် ထိုသို့ပြောပြခဲ့ခြင်းကို နှစ်သက်သဘောမကျပေ။ နှိုင်းချိန်စဥ်းစားမှု မပြုသောကြောင့် ဤသို့ ထုတ်ဖော်ပြောပြလာခြင်း ဖြစ်သည်ဟု စဥ်းစားနေလေသည်။ သို့နှင့် စကားဆွေးနွေးပြောပြနေရင်းနှင့် တစ်နေကုန်သွားလေ၏။ နောက်တစ်နေ့တွင် နံနက်ဘုရားရှိခိုးပြီးသောအခါ သူတို့နှစ်ဦးသည် အတူတကွ စကားပြောဆိုနေကြပြန်လေသည်။ ထိုအခိုက် ပဒုမဝတီ၏ လူယုံမိန်းမတစ်ဦးသည် လက်ထဲတွင် ကွမ်းအပြင် ချက်ပြုတ်ထားသော စားသောက်ဖွယ်များကို ကိုင်ဆောင်ယူခဲ့ကာ သူတို့ထံရောက်လာလေ၏။ ထိုမိန်းမသည် အမတ်ကြီးသား၏ ကျန်းမာချမ်းသာကြောင်းကို မေးမြန်းပြောဆိုပြီး အနံ့အရသာနှင့် ပြည့်စုံသည့် စားသောက်ဖွယ်များကို အမတ်ကြီးသားအား ပေးလေ၏။ ထို့နောက် မင်းသားအား ထိုအစားအစာများကို မစားစေရန် ပရိယာယ်နှင့် တားမြစ်ပိတ်ပင်လိုသည်ဖြစ်၍ ထိုမိန်းမသည် မင်းသားအား 'သခင်မက သခင့်ကို အစားအသောက်များ ကျွေးမွေးပြီး သူနှင့်အတူတကွနေလို၍ စောင့်မျှော်နေပါသည်' ဟု ပြောပြလေ၏။ ထိုသို့ပြောပြီး မိန်းမသည် ကိုယ်ယောင်ဖျောက်

mgyoe.com

mgyoe.com


ကာ ထွက်သွားလေ၏။ ထိုအခါ အမတ်ကြီးသားက မင်းသားအား 'အဆွေ မင်းသား၊ ကျွန်ုပ်အံ့ဩဖွယ်ကောင်းသည့် အရာတစ်ခုကို သင်မင်းသားအား ပြပါမည်၊ ကြည့်ပါ' ဟူ၍ ပြောပြီး မိန်းမယူလာခဲ့သည့် ချက်ပြုတ်ပြီးသား စားသောက်စရာများကို ခွေးတစ်ကောင်အား ကျွေးလိုက်လေ၏။ ထိုအစား အစာများကို စားလိုက်သည်နှင့် တစ်ပြိုင်နက် ခွေးသည် ခဏမဆိုင်းဘဲ လဲကျသေဆုံးသွားလေသည်။ မင်းသားသည် ထိုအခြင်းအရာကို တွေ့ရ သောအခါ အမတ်ကြီးသားအား 'ဤထူးဆန်းအံ့ဩဖွယ် အဖြစ်အပျက်မှာ ဘယ်လိုအဓိပ္ပာယ်နည်း' ဟု မေးလေ၏။ အမတ်ကြီးသားက ဤသို့ ပြန် ပြောသည်။

"အကြောင်းမှန်မှာ သင်၏ချစ်သူသည် သူပြုလုပ်သည့် အမှတ် အသားများ၏ အဓိပ္ပာယ်ကို ကျွန်ုပ်ဖော်ထုတ်သည်ဟု သိရှိသွားသည့်အတွက် ကျွန်ုပ်ကို ပညာရှိတစ်ယောက်ဟု စွဲမှတ်ယူဆသွားသည်။ ထို့ကြောင့် ကျွန်ုပ် ကို သတ်ရန် အဆိပ်ခတ်ထားသည့် အစားအစာများကို ကျွန်ုပ်ဆီပို့လိုက်ခြင်း ဖြစ်သည်။ သူသည် သင်မင်းသားကို အရူးအမူးချစ်နေသည်ဖြစ်၍ ကျွန်ုပ် အသက်ထင်ရှားရှိနေသမျှ ကာလပတ်လုံး သင်က သူ့ကို စွဲစွဲမြဲမြဲချစ်လိမ့်မည် မဟုတ်၊ ကျွန်ုပ်၏သြဇာလွှမ်းမိုးမှုခံနေရသဖြင့် သင် သူ့ကို ခွဲခွာပြီး ကိုယ့်တိုင်းပြည်ကို ပြန်သွားလိမ့်မည်ဟု သူ အထင်ရှိနေသည်။ သို့ဖြစ်၍ သူ့ကို အမျက်ဒေါသထွက်ဖို့ရာ စိတ်မကူးပါနှင့်၊ စိတ်ထားမြင့်မြတ်သူ သင့်ချစ်သူကို သူ့ဆွေမျိုးများနှင့် ခွဲခွာအောင်သာ သွေးဆောင်ဖြားယောင်း ပါ။ သူ့ကို ခေါ်ဆောင်သွားဖို့ရာအတွက် ကျွန်ုပ် အကြံဉာဏ်တစ်ခုကြံပြီး သင့်ကို ပြောပြမည်"

'သင်ဟာ ဗုဒ္ဓသရီရခေါ်သည့် အမည်နှင့် တကယ်ပင် ကိုက်ညီပါ ပေသည်။ သင်ဟာ ပညာဉာဏ်၏ ကိုယ်စား ရုပ်ပွားပင် ဖြစ်ပါ၏' ဟု မင်းသားက အမတ်ကြီးသားအား ချီးကျူးစကားပြောလေ၏။

ယင်းသို့ မင်းသားက အမတ်ကြီးသားအား ချီးမွမ်းစကားပြောနေခိုက် တွင် အပြင်မှ ရုတ်တရက် 'အမယ်လေး ဘုရင့်သားတော် အငယ်ကလေး သေဆုံးပါပြီ' ဟူ၍ ဝမ်းနည်းပက်လက်နှင့် ဟစ်အော်ငိုကြွေးသံကို ကြားလိုက်ရလေသည်။ အမတ်ကြီး၏သားသည် ထိုငိုကြွေးသံကို ကြားလိုက်

mgyoe.com

mgyee.com


ရသည့်အခါ အကြီးအကျယ် ဝမ်းမြောက်သွားပြီးလျှင် မင်းသားအား ဤသို့ ပြောပြလေသည်။

"အသင်မင်းသား၊ ယခုည ပဒုမဝတီ၏ စံအိမ်သို့ သွားပါ။ ပြီးတော့ ပဒုမဝတီကို လူမှန်းမသိ သူမှန်းမသိ မူးလဲနေအောင်၊ အပြင်ကကြည့်လျှင် သေနေသည်ဟု ထင်ရလေအောင် အရက်ဖိတိုက်ပါ။ သူ လူမှန်းမသိ သူမှန်းမသိဖြစ်ပြီး အိပ်ပျော်သွားသည့်အခါ သူ့ခါးတင်ပါးကို သံပူနှင့်ဟပ်လိုက်ပြီး သူ့အဆင်တန်ဆာအားလုံးကို ချွတ်ယူခဲ့ပါ။ ပြီးတော့ ကြိုးနှင့် ပြတင်းပေါက်က ဆင်းပြီး ပြန်သာလာခဲ့ပါ။ အစစအရာရာ အောင်မြင် ထမြောက်ဖို့ရာအတွက် ရှေ့ခြေလှမ်းကိုတော့ ကျွန်ုပ် ကြည့်စီစဉ်ပါမည်"

အမတ်ကြီး၏သားသည် ယင်းသို့ပြောပြပြီးသောအခါ သံချွန်သုံးချောင်းကို မင်းသားအား ပေးလေ၏။ သံချွန်မှာ ဝက်မွေးကဲ့သို့ ချွန်ထက်နေလေသည်။ မင်းသားသည် သံချွန်များကိုယူပြီး 'သင် ညွှန်ပြပြောဆိုသည့်အတိုင်း ကျွန်ုပ် လိုက်နာပြုလုပ်မည်' ဟု ပြောဆိုပြီးလျှင် ပဒုမဝတီ၏ စံအိမ်သို့ ယခင်နည်းအတိုင်းပင် ညကြီးမင်းကြီး ထွက်ခဲ့လေ၏။ မင်းသားများသည် ပညာချွန်မှူးမတ်များ ညွှန်ပြပြောဆိုချက်ကို လိုက်နာဖို့အရေး၌မည်သည့်အခါမျှ နှောင့်နှေးတွန့်ဆုတ်ခြင်း မရှိကြပေ။ စံအိမ်သို့ရောက်သောအခါတွင် မင်းသားသည် သူ၏ချစ်သူကို အရက်ဖိတိုက်လျက် လူမှန်းသူမှန်းမသိအောင် မူးလာသောအခါ ခါးတင်ပါးကို သံပူနှင့်ဟပ်ကာ ပစ္စည်းတန်ဆာများကို ချွတ်ယူပြီး ပြန်လာခဲ့လေ၏။ အမတ်ကြီး၏သားအားလည်း သူလုပ်လာခဲ့သမျှကို ပြောပြလေ၏။ ထိုအခါ အမတ်ကြီးသားက သူ့အကြံအောင်မြင်ထမြောက်တော့မည်ဟု တွက်လေသည်။

နောက်တစ်နေ့ နံနက်ကျသောအခါ အမတ်ကြီး၏သားသည် သုသာန် သင်္ချိုင်းသို့သွားပြီးလျှင် သူ့ကိုယ်သူ ရတ်တရက် ရသေ့တစ်ပါးအသွင် ရုပ်ဖျက်ဟန်ဆောင်လိုက်လေ၏။ မင်းသားကိုလည်း သူ၏တပည့်တစ်ဦးအဖြစ် ဟန်ဆောင်ထားလိုက်လေ၏။ ထို့နောက် မင်းသားအား ဤသို့ ပြောလေသည်။

"ပဒုမဝတီ၏ အဆင်တန်ဆာထဲက ပုလဲသွယ်ကို သင်မင်းသားယူသွားပြီး ဈေးထဲမှာ ရောင်းချင်ယောင် ဟန်ဆောင်နေပါ။ အဖိုးကိုတော့

mgyee.com

mgyoe.com


ဘယ်သူမှ မဝယ်နိုင်အောင် တင်ထားရမည်။ ပုလဲသွယ်ကို လူတိုင်းမြင်နိုင်အောင် နေရာအနှံ့အပြား လှည့်ပြရမည်။ အကယ်၍ မင်းမှုထမ်းများ တွေ့ပြီး သင့်ကို ဖမ်းလားဆီးလားလုပ်လျှင် ဘာမှကြောက်ရွံ့ခြင်းမရှိဘဲ သည်ပုလဲသွယ်ကို ကျုပ်ဆရာက ကျုပ်ကို ရောင်းဖို့ ပေးထားတာလို့သာ ပြောပြပါ''

ယင်းသို့ အမတ်ကြီးသားသည် မင်းသားအား ပြောဆိုမှာထားပြီး လွှတ်လိုက်လေသည်။ မင်းသားသည် ပုလဲသွယ်ကိုယူလျက် ဈေးထဲသို့ ထွက်လာခဲ့ပြီးလျှင် လူသူလေးပါး မြင်နိုင်အောင် ပုလဲသွယ်ကိုပြလေ၏။ ထိုသို့ ပုလဲသွယ်ကို တကိုင်ကိုင်နှင့် ရောင်းချနေစဉ် ဆင်စွယ်ပန်းပုဆရာကြီးသမီး၏ ပစ္စည်းတန်ဆာများ ပျောက်ဆုံးမှုသတင်းကို ရရှိထားသဖြင့် လိုက်လံထောက်လှမ်းနေသော မင်းမှုထမ်းများနှင့် သွားတွေ့သောကြောင့် မင်းမှုထမ်းတို့က မင်းသားအား ဖမ်းဆီးလိုက်လေသည်။ မင်းမှုထမ်းများသည် မင်းသားကို ထိုခဏ၌ပင် တရားသူကြီးရှိရာသို့ ခေါ်ဆောင်သွားလေ၏။ တရားသူကြီးက မင်းသားကို ရသေ့အဝတ်အစားနှင့် တွေ့မြင်ရသည်ဖြစ်၍ ယဉ်ကျေးသိမ်မွေ့စွာဖြင့်ပင် ဤသို့ မေးလေသည်။

''အို··· ရှင်ရသေ့၊ သင်ရသေ့သည် ဤပုလဲသွယ်ကို ဘယ်နေရာက ရရှိပါသနည်း။ ယမန်နေ့ညက သည်မြို့ထဲက ဆင်စွယ်ပန်းပုဆရာကြီးသမီး၏ လက်ဝတ်ပစ္စည်းတန်ဆာများကို သူခိုး ခိုးသွားပါသည်''

ရသေ့ယောင်ဆောင်ထားသည့် မင်းသားက ထိုစကားကို ကြားရသောအခါ 'သည်ပုလဲသွယ်မှာ ကျွန်ုပ်ဆရာပေးသည့် ပုလဲသွယ် ဖြစ်ပါသည်။ ကျွန်ုပ် ဆရာကိုသာ လိုက်မေးကြည့်ပါ' ဟု ပြောလေ၏။ ထိုအခါ တရားသူကြီးသည် အမတ်ကြီးသားဆီသို့ လိုက်လာခဲ့ပြီးလျှင် ရှိခိုးဦးညွှတ်လျက် 'ရှင်ရသေ့၊ ရှင်ရသေ့၏တပည့် လက်ထဲမှာရှိသော ပုလဲသွယ်ကို ရှင်ရသေ့ ဘယ်နေရာက ရရှိပါသနည်း' ဟု မေးမြန်းလေ၏။

လိမ္မာပါးနပ်သည့် အမတ်ကြီးသားသည် တရားသူကြီး၏ စကားကို ကြားရသည့်အခါ တရားသူကြီးကို တစ်ဖက်ဆွဲခေါ်ပြီး ဤသို့ပြောပြလေ၏။

''ကျွန်ုပ်သည် ဤတောထဲ၌ အရှေ့မှ အနောက်သို့ လည်းကောင်း၊ အနောက်မှ အရှေ့သို့ လည်းကောင်း အမြဲတစေ လှည့်လည်လျှောက်သွား

mgyoe.com

mgyoe.com


နေသူ ရသေ့တစ်ပါး ဖြစ်ပါသည်။ အကြောင်းအားလျော်စွာ သည်နေရာကို ရောက်လာရင်း ညက သုသာန်သင်္ချိုင်းမှာ အရပ်လေးမျက်နှာက စုဝေးရောက်ရှိလာသည့် စုန်းကဝေတစ်စုကို တွေ့မြင်ရပါသည်။ ထိုစုန်းကဝေထဲက ကဝေမတစ်ဦးသည် မင်းသားငယ်လေးတစ်ဦးကို ယူလာပြီး သိဝနတ်ကို တင်ပါသည်။ မှော်အတတ်ပညာကို ကျွမ်းကျင်တတ်မြောက်ထားသူ ထိုကဝေမသည် သေရည်မူးမူးနှင့် ကျွန်ုပ် ပရိတ်ရွတ်နေစဉ်မှာ ကျွန်ုပ်၏ စိပ်ပုတီးကို လုယူသွားပါသည်။ သူ့အပြုအမူ တော်တော်လွန်ကဲလာသည့်အခါ ကျွန်ုပ် ဒေါသထွက်လာပြီး ကျွန်ုပ်၏ အသွားသုံးချောင်းတပ် မှိန်းက အသွားများကို ဂါထာမန္တရားဖြင့် ပူအောင်လုပ်ပြီးလျှင် ကျွန်ုပ်သည် သူ့ခါးတင်ပါးကို သံပူဖြင့် ဟပ်လိုက်ပါသည်။ ထို့နောက် သူ့လည်ပင်းက သည်ပုလဲသွယ်ကို ချွတ်ယူထားလိုက်ပါသည်။ ယခု သည်ပုလဲသွယ်မှာ ကျွန်ုပ်တို့ ရသေ့ရဟန်းနှင့် မအပ်စပ်သဖြင့် ရောင်းပစ်ဖို့ရာသာ ရှိပါတော့သည်''

ထိုစကားကို တရားသူကြီး ကြားသိရသည့်အခါတွင် တရားသူကြီးသည် ဘုရင်ကြီးထံသွားပြီး အကြောင်းကြားလိုက်လေသည်။ ထိုအကြောင်းကို အစအဆုံး သိရသည်ဖြစ်၍ ဘုရင်ကြီးသည် 'ဤပုလဲသွယ်သည် တကယ်ပင် ပျောက်ဆုံးသွားသည့် ပုလဲသွယ်ဖြစ်ရမည်' ဟု ဆုံးဖြတ်ချက်ချပြီးလျှင် ယုံကြည်စိတ်ချရသည့် အဘွားအိုကြီးတစ်ဦးအား ဆင်စွယ်ပန်းပုဆရာကြီးသမီး၏ ခါးတင်ပါးမှာ တကယ် သံပူနှင့်ဟပ်ထားသည့်အရာ ရှိ မရှိ အကြည့်လွှတ်လိုက်လေ၏။ အဘွားအိုကြီးသည် ဆင်စွယ်ပန်းပုဆရာကြီး သမီးဆီက ကြည့်ရှုပြန်လာခဲ့ပြီး အမှတ်အသားများကို ပြတ်ပြတ်သားသားပင် မြင်ခဲ့ရကြောင်း ဘုရင်မင်းကြီးအား လျှောက်လေသည်။ ထိုအခါ ဘုရင်မင်းကြီး သည် 'ဆင်စွယ်ပန်းပုဆရာကြီးသမီးသည် မုချ စုန်းကဝေဖြစ်ရမည်။ ငါ၏ သားငယ်ကို သတ်ဖြတ်သူမှာ သူပင် ဖြစ်ရမည်' ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။ ထို့နောက် ဘုရင်မင်းကြီးသည် ရသေ့ယောင်ဆောင်ထားသည့် အမတ်ကြီးသားဆီသို့ ကိုယ်တိုင်သွားပြီးလျှင် ပဒုမဝတီကို ဘယ်လိုအပြစ် ဒဏ်မျိုးပေးလျှင် သင့်လျော်မည်နည်းဟု မေးလေ၏။ အမတ်ကြီးသား၏ ညွှန်ကြားအကြံပေးချက်အရ ဘုရင်မင်းကြီးသည် သူ၏မိဘများက တငိုငို

mgyoe.com

mgyoe.com


တရိရိနှင့် တောင်းပန်ကြသည့်ကြားထဲက ပဒုမဝတီကို မြို့ထဲက နှင်ထုတ်ပစ်လိုက်ဖို့ရန် အမိန့်ချမှတ်လိုက်လေ၏။ ယင်းသို့ ပဒုမဝတီကို နှင်ဒဏ်ပေးပြီး တောထဲ၌ စွန့်ပစ်လိုက်သည့်အခါ ပဒုမဝတီသည် ထိုအကြံမှာ အမတ်ကြီးသား ပရိယာယ်ဆင်သည့် အကြံဉာဏ်ဖြစ်ရမည်ဟု အတပ်တွေးမိလေ၏။ ညနေချမ်းသို့ရောက်သောအခါ ရသေ့အသွင်ဖျောက်ပြီး မူလအဝတ်အဆင်ဖြင့် အမတ်ကြီးသားနှင့် မင်းသားတို့သည် မြင်းကိုယ်စီဖြင့် ငိုကြွေးနေရှာသည့် ပဒုမဝတီ၏အထံသို့ ရောက်လာကြလေ၏။ သူတို့သည် ပဒုမဝတီကို ချော့မော့နှစ်သိမ့်စေပြီးလျှင် မြင်းတစ်ကောင်ပေါ်တွင် တင်ပြီး သူတို့၏တိုင်းနိုင်ငံသို့ ခေါ်ဆောင်သွားကြလေသည်။ ထိုနိုင်ငံ၌ မင်းသားသည် ပဒုမဝတီနှင့်တကွ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လေသည်။ သို့ရာတွင် ဆင်စွယ်ပန်းပုဆရာကြီးမှာမူ သူ၏သမီးသည် တောထဲ၌ သားရဲတိရစ္ဆာန်တို့ အစားခံရပြီဟု တွေးပြီး သမီးစိတ်နှင့် သေဆုံးသွားရှာလေသည်။ ဆင်စွယ်ပန်းပုဆရာကြီး၏ ဇနီးသည်လည်း သမီးစိတ်နှင့် လင်စိတ်ကြောင့် နောက်ဆုံးတွင် ကွယ်လွန်သွားရှာလေသတည်း။

* * *

အစိမ်းသည် ဤပုံဝတ္ထုကို ပြောပြပြီးသောအခါ သူ့ကို ထမ်းယူလာသော ဘုရင်မင်းမြတ်အား ဆက်လက်၍ ဤသို့ပြောပြန်လေ၏။

"ကျွန်ုပ်သည် ဤဝတ္ထုနှင့်ပတ်သက်၍ ယုံမှားသံသယ ဖြစ်နေပါသည်။ ကျွန်ုပ်အတွက် ဆုံးဖြတ်ချက်ချပေးစေချင်ပါသည်။ ဆင်စွယ်ပန်းပုဆရာကြီးနှင့် သူ့ဇနီး သေဆုံးရသည့်ကိစ္စ၌ အမတ်ကြီးသားသည် အပြစ်ရှိသလော၊ သို့တည်းမဟုတ် မင်းသားသည် အပြစ်ရှိသလော၊ သို့တည်းမဟုတ် ပဒုမဝတီသည် အပြစ်ရှိသလော၊ မှန်ကန်သည့် ဆုံးဖြတ်ချက်ကို ကျွန်ုပ်အား ပြောပြပါ။ အကြောင်းမူကား အသင်သည် သူမြတ်တကာတို့ထက် မြင့်မြတ်သူ အခေါင်အချုပ် ဖြစ်သည်။ အို… ဘုရင်မင်းမြတ်၊ အကယ်၍ အသင်သည် သိရှိနားလည်သည်ဖြစ်ပါလျက် မှန်ကန်သော ဆုံးဖြတ်ချက်ကို ကျွန်ုပ်အား ပြောမပြပါလျှင် သင်၏ဦးခေါင်းသည် အမှန်တကယ်ပင် အစိတ်တစ်ရာ ကွဲသွားပါလိမ့်မည်"

mgyoe.com

mgyoe.com


အစိမ်းက ယင်းသို့ မေးမြန်းလိုက်သည့်အခါ မှန်ကန်သော ဆုံးဖြတ်ချက်ကို သိရှိနားလည်သည့် ဘုရင်မင်းကြီးသည် အစိမ်း၏ကျိန်စာသင့်မှာ ကြောက်ရွံ့ထိတ်လန့်သောကြောင့် ဤသို့ ပြန်ဖြေဆိုလေ၏။

"ဤပြဿနာနှင့် ပတ်သက်ပြီး ဘာအခက်အခဲတွေ့စရာလိုသနည်း၊ သူတို့ သုံးဦးအနက် တစ်ဦးမှ အပြစ်မရှိပါ။ အပြစ်ရှိသူမှာ ကဏ္ဍောပါလ ဘုရင်ပင် ဖြစ်ပါ၏"

"အဘယ်ကြောင့် ကဏ္ဍောပါလဘုရင် အပြစ်ရှိရမည်နည်း၊ သူ မည်သည့်အရာကို ပြုလုပ်သနည်း။ ဤပုဂ္ဂိုလ်သုံးဦးသာလျှင် သည်အမှုနှင့် ပတ်သက်ဆက်နွယ်သူများ ဖြစ်သည်။ ဆန်ကိုစားသူမှာ ငန်းဖြစ်ပြီး အပြစ်ရှိသူမှာ ကျီးကန်းဖြစ်နေသလော"

အစိမ်းက ယင်းသို့ မေးမြန်းပြန်သည်ဖြစ်၍ ဘုရင်မင်းကြီးသည် ပြန်ပြောရပြန်လေသည်။

"အမှန်စင်စစ်အားဖြင့် ထိုပုဂ္ဂိုလ်သုံးဦးအနက် တစ်ဦးမျှ အပြစ်မရှိကြပါ။ အကြောင်းမူကား အမတ်ကြီးသားသည် သူ့သခင်၏အကျိုးကို သယ်ပိုးဆောင်ရွက်ခြင်းဖြစ်သောကြောင့် ပြစ်မှုကို ကျူးလွန်သည်မမည်ပါ။ ပဒုမဝတီနှင့် မင်းသားတို့မှာလည်း အချစ်မြားဒဏ်သင့်နေသည်ဖြစ်၍ ဘာမျှ မသိနားမလည်တော့ဘဲ သူတို့၏အလိုပြည့်ဖို့လောက်သာ ရည်ရွယ်ချက်ထားသဖြင့် အပြစ်တင်ထိုက်သူများ မဟုတ်ကြပါ။ ကဏ္ဍောပါလဘုရင်သည် သာလျှင် ရာဇပရိယာယ်ကို သင်ကြားတတ်မြောက်ခြင်း မရှိသောကြောင့်လည်းကောင်း၊ မိမိတိုင်းသူပြည်သားများ၏အတွင်း၌ ဖြစ်ပျက်သည့် အဖြစ်အပျက် အခြေအနေမှန်ကို သူလျှိုစုံထောက်များ၏ အကူအညီဖြင့် သိအောင် စုံစမ်းထောက်လှမ်းခြင်း မရှိသောကြောင့်လည်းကောင်း၊ လူလိမ်လူညာတို့၏ နည်းပရိယာယ်ကို မရိပ်မိသောကြောင့်လည်းကောင်း၊ အမှုအရာနှင့် အမှတ်အသားများ၏အဓိပ္ပာယ်ကို ဖော်ရာ၌ ကျွမ်းကျင်မှုမရှိသောကြောင့်လည်းကောင်း၊ အမြော်အမြင်နည်းပါးသောကြောင့်လည်းကောင်း အပြစ်ရှိသူဟု ယူဆထိုက်ပါသည်"

လှူသေကောင်တွင် စီးနေသော အစိမ်းက ဘုရင်မင်းကြီး၏ အဖြေမှန်ကို ကြားသိရသောအခါ ဘုရင်မင်းကြီး၏ဖွဲ့ကို စမ်းသပ်လိုသည်ဖြစ်၍

mgyoe.com

mgyoe.com


ဘုရင်မင်းကြီး၏ ပခုံးပေါ်မှ ကမ္ဘာဇိဒွိတန်ခိုးဖြင့် တစ်နေရာသို့ ကိုယ်ယောင်ဖျောက်ပြီး ထွက်ခွာသွားလေ၏။ သူရဲကောင်းဘုရင်သည် ထိုခဏာ၌ပင် လူသေကောင်ကို တစ်ဖန်ပြန်ရှာဖို့ရန် ဆုံးဖြတ်လိုက်လေသည်။

❐

mgyoe.com

mgyoe.com

# ၂။ လင်ရွေးပွဲ

တရိဝိက္ကမသေနဘုရင်သည် အစိမ်းသရဲကို ဖမ်းရန် လက်ပံပင်ရှိရာသို့ တစ်ဖန်သွားပြန်လေ၏။ သစ်ပင်အနီးသို့ရောက်သောအခါ လူသေကောင်များကို မီးရှို့ထားသည့် မီးရောင်ဖြင့် အမှောင်ထဲသို့ ကြည့်လိုက်ရာ မြေကြီးပေါ်၌ လဲကျ၍နေသော လူသေကောင်ကိုမြင်ရပြီး ပါးစပ်မှ ညည်းတွားနေသံကိုလည်း ကြားရလေ၏။ ထို့နောက် ဘုရင်သည် အစိမ်းစီး၍နေသော လူသေကောင်ကို မချီပြီး ပခုံးပေါ်တင်လျက် အချိန်းအချက်ပြုလုပ်ထားသည့်နေရာသို့ သုတ်သီးသုတ်ပျာနှင့် တိတ်တဆိတ်ထွက်လာခဲ့လေ၏။ ထိုအခါ ပခုံးပေါ်က အစိမ်းသည် တစ်ဖန် ဘုရင်အား ပြောပြန်လေသည်။

"အို··· ဘုရင်၊ သင်တွေ့ကြုံနေရသည့် ဒုက္ခမှာ အင်မတန်ကြီးလေးလှပါသည်။ သင်နှင့်လည်း ကြည့်လို့မတော်ပါ။ သို့ဖြစ်၍ သင် မပျင်းရအောင် ကျွန်ုပ် သင့်ကို ပုံတစ်ခု ပြောပြပါမည်၊ နားထောင်ပါ"

* * *

ယမုံနာမြစ်ကမ်းပါး၌ ဗြဟ္မဋ္ဌလအမည်ရှိ ဗြာဟ္မဏလူမျိုးတို့၏ မြို့တစ်မြို့ ရှိလေသည်။ ထိုမြို့၌ ဝေဒကျမ်းဂန်များကို တစ်ဖက်ကမ်းခပ် တတ်မြောက်သူ အဂ္ဂိသာမိအမည်ရှိ ဗြာဟ္မဏတစ်ဦး ရှိလေသည်။ ထို

mgyoe.com

mgyoe.com


ဗြာဟ္မဏာ၌ ရုပ်ဆင်းအင်္ဂါ အလွန်တရာလှပသည့် မန္တာရဝတီအမည်ရှိ သမီးငယ်တစ်ယောက် ရှိလေသည်။ ထိုသမီးငယ် အချိန်တန် အရွယ်ရောက်လာသည့်အခါ ကာညကုဗ္ဇဇတိုင်းမှ ဗြာဟ္မဏလူရွယ်သုံးဦးသည် ဗြဟ္မဒ္ဒလမြို့သို့ ရောက်လာလေ၏။ ထိုဗြာဟ္မဏ လူရွယ်သုံးဦးသည် အတတ်ပညာအစွမ်းအစမှာ တစ်ဦးနှင့်တစ်ဦး ညီတူညာတူပင် ဖြစ်ကြလေ၏။ ထိုသုံးဦးလုံးကပင် မန္တာရဝတီ မိန်းမပျိုနှင့် လက်ထပ်ပေးစားရန် ဖခင်ဗြာဟ္မဏကြီးအား တောင်းဆိုကြလေသည်။ သူတို့သုံးဦးတွင် တစ်ဦးဦးနှင့် ပေးစားလိုက်ပါက ကျန်လူငယ်တို့မှာ အသက်သေခံဖို့ရန်လည်း အသင့်ဖြစ်နေကြလေသည်။ သို့ဖြစ်လေရာ ဖခင်ဗြာဟ္မဏကြီးသည် သူတို့သုံးဦးအနက် မည်သူနှင့်မျှ သူ့သမီးကို ထိမ်းမြားပေးစားခြင်း မလုပ်တော့ပေ။ အကြောင်းမူကား တစ်ဦးဦးနှင့် ထိမ်းမြားပေးစားလိုက်လျှင် ကျန်ပုဂ္ဂိုလ်များ၏ အသက်သေရာသေကြောင်း ပြုလုပ်ရာရောက်မည်ဟု တွေးတောထိတ်လန့်မိသောကြောင့် ဖြစ်လေ၏။ ထို့ကြောင့် မိန်းမပျိုသည် အိမ်ထောင်မပြုရတော့ဘဲ နဂိုအတိုင်းပင် နေရလေတော့၏။ ဗြာဟ္မဏလူရွယ်သုံးဦးမှာလည်း ထိုနေရာက မခွာတော့ဘဲ တစ်နေ့လုံး တစ်ညဉ့်လုံး မလျှော့သော ဇွဲလုံ့လဖြင့် မန္တာရဝတီကို ပိုးပန်းနေကြလေသည်။

ထိုအခိုက် မန္တာရဝတီသည် ရုတ်တရက် အပြင်းဖျားသွားလေရာ မကြာမီပင် ထိုအဖျားရောဂါဖြင့် သေဆုံးသွားလေသည်။ ထိုအခါ ဗြာဟ္မဏလူရွယ်သုံးဦးသည် အကြီးအကျယ် ပူဆွေးသောကရောက်ပြီးလျှင် မိန်းမပျို၏အလောင်းကို သုသာန်သို့ယူဆောင်သွားကြကာ မီးသင်္ဂြိုဟ်ပစ်လိုက်ကြလေ၏။ ထို့နောက် လူရွယ်သုံးဦးအနက် တစ်ဦးသည် သုသာန်၌ပင် တဲကလေးဆောက်ပြီး နေလေ၏။ မိန်းမပျို၏ပြာပုံပေါ်မှာအိပ်ပြီး ခွက်လက်စွဲပြီး တောင်းရမ်း၍ ရသမျှဖြင့်သာ စားသောက်နေထိုင်လေ၏။ ဒုတိယလူကမူ မိန်းမပျို၏အရိုးများကိုကောက်ပြီး ဂင်္ဂါမြစ်သို့သွားလေ၏။ တတိယလူကတော့ ရသေ့ဝတ်ပြီးလျှင် အရပ်တကာ ခရီးလှည့်လေသည်။

ရသေ့ဝတ်သောသူသည် အရပ်တကာလှည့်လည် ခရီးထွက်လာခဲ့လေရာ ဝဇရလောကအမည်ရှိ ရွာတစ်ရွာသို့ ရောက်လာခဲ့လေ၏။ ထိုရွာ၌ ဗြာဟ္မဏတစ်ဦး၏အိမ်တွင် ဝင်ရောက်တည်းခိုလေသည်။ အိမ်ရှင် ဗြာဟ္မဏ

mgyoe.com

mgyoe.com


က ရသေ့အား ဧည့်ဝတ်ကျေပွန်စွာဖြင့် ဧည်ခံပြုစုလေ၏။ ထိုအိမ်၌ ရသေ့သည် ထမင်းစားရန် ဝင်ထိုင်လိုက်သည့်အခါ ကလေးငယ်တစ်ဦးသည် ငိုလေတော့သည်။ အငိုတိတ်ရန် အမျိုးမျိုးချော့မော့ပါသော်လည်း ကလေးငယ်သည် မတိတ်ဘဲ ငိုမြဲငိုနေသောကြောင့် အိမ်ရှင်မသည် ဒေါသထွက်လာပြီးလျှင် ကလေးလက်မောင်းကိုဆွဲပြီး မီးဖိုထဲပစ်ချလိုက်လေ၏။ ကလေး၏ကိုယ်ကာယမှာ နူးညံ့လှသဖြင့် တစ်ခဏအတွင်းပင် ပြာအတိဖြစ်သွားလေသည်။

ဧည့်သည်အဖြစ်ရောက်နေသော ရသေ့သည် ထိုအဖြစ်အပျက်ကို တွေ့ရသည့်အခါ မျက်လုံးပြူးသွားပြီးလျှင် 'အမယ်လေး ငါ ဗြာဟ္မဏဘီလူးအိမ်ကို ရောက်လာပါကလား၊ ဒီအိမ်က ထမင်းကို ငါမစားတော့ဘူး' ဟု ပြောလေ၏။

ထိုအခါ အိမ်ရှင်က 'သေသူကို ပြန်ရှင်အောင်လုပ်သည့် ဂါထာမန္တရား၏ တန်ခိုးသတ္တိကို ကြည့်မလား၊ ဂါထာမန္တရားကို ရွတ်လိုက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း တန်ခိုးပြလိမ့်မည်' ဟု ပြောပြောဆိုဆို ထိုဂါထာမန္တရားပါသည့် ပေကိုယူပြီးလျှင် မြေမှုန့်အနည်းငယ်ကို ဂါထာမန္တရားဖြင့် မန်းမှုတ်ပြီး ပြာပုံပေါ်ဖြူးလိုက်လေ၏။ ထိုခဏ၌ ကလေးငယ်သည် နဂိုပကတိအတိုင်း အသက်ပြန်ရှင်လာလေသည်။

ထိုအခါမှ ရသေ့သည် ဘဝင်ကျသွားပြီးလျှင် ထမင်းစားနိုင်တော့၏။ အိမ်ရှင်သည် ဂါထာမန္တရားပါသည့်ပေစာကို စင်ပေါ်၌တင်ထားပြီး ထမင်းစားလေ၏။ စားသောက်ပြီးသောအခါ အိမ်ရှင်ရော ရသေ့ပါ အိပ်ရာဝင်ကြလေသည်။

သို့ရာတွင် အိမ်ရှင် အိပ်ပျော်သွားသောအခါ ရသေ့သည် အသာထပြီး ကွယ်လွန်သွားသူ သူ၏ချစ်သူကို အသက်ပြန်ရှင်လာအောင် လုပ်လိုသဖြင့် ဂါထာမန္တရားပါသည့် ပေစာကို ခိုးယူခဲ့ပြီး ထိုအိမ်မှ ထွက်လာခဲ့လေသည်။

ထို့နောက် တစ်နေ့နှင့် တစ်ညလုံး ခရီးပြင်းနှင်လာခဲ့ရာ နောက်ဆုံးတွင် ရသေ့သည် သူ၏ချစ်သူ ဖုတ်ကြည်းမီးသင်္ဂြိုဟ်ရာ သုသာန်သို့ ရောက်လာခဲ့လေ၏။

ထိုခဏ၌ပင် ရသေ့သည် ကွယ်လွန်သူ မိန်းမပျို၏အရိုးကို ဂင်္ဂါ

mgyoe.com

mgyoe.com


မြစ်ထဲသွားမျှောပြီး ပြန်လာသည့် ဒုတိယလူလည်း သုသာန်သို့ ပြန်ရောက်လာသည်ကို တွေ့ရလေ၏။ ထို့ပြင် မီးသင်္ဂြိုဟ်သည့်နေရာ၌ တဲထိုးပြီး ချစ်သူ၏ ပြာပုံပေါ်မှာ အိပ်နေသည့် လူကိုလည်း တွေ့ရသဖြင့် ရသေ့သည် ထိုသူအား ပြောလေသည်။

"မိတ်ဆွေရဲ့ တဲကို ဖယ်လိုက်ပါ။ ဂါထာမန္တရားကို မန်းမှုတ်ပြီး ကျွန်ုပ်ချစ်သူကို အသက်ပြန်ရှင်လာအောင် လုပ်ရမည်"

ထိုသူအား တဲကို ဖယ်ပေးဖို့ အတန်တန်တောင်းပန်ပြီးနောက် ရသေ့သည် ပေစာကို ဖွင့်ပြီးလျှင် မြေမှုန့်အနည်းငယ်ကို ဂါထာမန္တရားဖြင့် ရွတ်ဆိုမန်းမှုတ်လေသည်။ ထို့နောက် မြေမှုန့်ကို ပြာပုံပေါ်၌ ဖြူးလေ၏။ ထိုခဏ၌ပင် မန္တာရဝတီသည် အသက်ပြန်ရှင်လာလေသည်။ မန္တာရဝတီ၏ အသားအရေမှာ နဂိုကထက်ပင် ဝင်းဝါတောက်ပပြီး တင့်တယ်လှပနေသည်။

ဗြာဟ္မဏလူရွယ်သုံးဦးသည် သူတို့၏ချစ်သူ ပြန်ရှင်လာသည်ကို တွေ့ရသည့်အခါ အချစ်ရူး ရူးနေကြသည့်အလျောက် သူ ရထိုက်သည်၊ ငါ ရထိုက်သည်ဟု အချင်းများကြလေတော့၏။

ပထမလူက 'မိန်းမပျိုသည် ငါ၏ ဂါထာမန္တရားတန်ခိုးဖြင့် အသစ်တစ်ဖန်ပြန်ရှင်လာခြင်းဖြစ်၍ ငါ၏မယားဖြစ်သည်' ဟု ပြောလေသည်။

ဒုတိယလူကလည်း 'မြင့်မြတ်သော ရေချိုးဆိပ်၏ တန်ခိုးစွမ်းရည်ကြောင့်သာလျှင် မိန်းမပျို အသက်ပြန်ရှင်လာခြင်းဖြစ်၍ ငါကသာ ရထိုက်သည်'ဟု ဆိုလေသည်။

တတိယလူကလည်း အားကျမခံ 'ငါသည်သာလျှင် ပြာကို စောင့်ရှောက်ကြည့်ရှုထားပြီး ငါ၏ အကျင့်ကြောင့်သာလျှင် မိန်းမပျို အသက်ပြန်ရှင်လာခြင်း ဖြစ်သည်။ သို့ဖြစ်၍ မိန်းမပျိုကို ငါသာ ပိုင်သည်' ဟု အရေးဆိုလေသည်။

* * *

"ကဲ... ဘုရင်မင်းကြီး၊ သူတို့ အငြင်းအခုံဖြစ်နေသည်ကို အဆုံးအဖြတ်ပေးပါ။ မိန်းမပျိုကို မည်သူက မယားအဖြစ် ရထိုက်ပါသနည်း။

mgyoe.com

အကယ်၍ သင်မင်းကြီး သိပြီး မပြောပြလျှင် သင်၏ဦးခေါင်းသည် အစိတ်စိတ်အမွှာမွှာ ကွဲသွားပေလိမ့်မည်''

ဘုရင်ကြီးသည် အစိမ်းထံမှ ထိုအကြောင်းကို ကြားရသောအခါ အစိမ်းအား ပြန်ပြောလေ၏။

''ဂါထာမန္တရားကို မန်းမှုတ်ပြီး မိန်းမပျိုကို အသက်ပြန်ရှင်အောင် ပြုလုပ်ထားသောသူသည် အခက်အခဲကို ရင်ဆိုင်ရလင့်ကစား မိန်းမပျို၏ အဖနှင့်တူလေသည်။ အရိုးပြာကို ဂင်္ဂါမြစ်ထဲသွားမျှောသောသူသည် မိန်းမပျို၏ သားအရာ၌ ထားသင့်ပေသည်။ အချစ်ကြီး ချစ်လွန်းသဖြင့် ပြာပုံပေါ်မှ တစ်ဖဝါးမှ မသွားနိုင်ဘဲ ထိုနေရာ၌နေပြီး အကျင့်ကြီးကျင့်နေသူသာလျှင် မိန်းမပျို၏လင်ယောကျ်ား ဖြစ်သင့်လေသည်။ အကြောင်းမူကား သူ၏အချစ်သည်သာလျှင် ပို၍နက်နဲကြီးကျယ်သောကြောင့် ဖြစ်သည်''

အစိမ်းသည် ဘုရင်မင်းကြီး၏ စကားကိုကြားရသည့်အခါ ပခုံးပေါ်မှ ခွဲခွာခဲ့ပြီး ကိုယ်ယောင်ဖျောက်လျက် သူ၏နေရာသို့ ပြန်သွားလေ၏။ သို့သော်လည်း ဘုရင်သည် ဇော်ဂျီ၏အလိုကို ဖြည့်မည်ဟု ပိုင်းဖြတ်ထားသည်ဖြစ်၍ အစိမ်းကို တစ်ဖန်ပြန်ယူဖို့ရန် စိတ်ဆုံးဖြတ်လိုက်ပြန်လေသည်။ အကြောင်းသော်ကား ဖွဲ့ထက်သန်သော ပုဂ္ဂိုလ်များသည် သူတို့ဝန်ခံကတိပြုလိုက်သည့် တစ်စုံတစ်ရာသောအလုပ်ကို လုပ်၍ မပြီးမချင်းအလုပ်ကို ကြိုးပမ်းရင်းဖြင့် အသက်ဆုံးရှုံးသွားစေကာမူ နောက်တွန့်ခြင်းရှိလိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်။

❒

mgyoe.com

mgyoe.com

## ၃။ ကျားနှင့်မ

သူရဲကောင်းဘုရင် တရိဝိက္ကမသေနသည် အစိမ်းသရဲကို ဖမ်းရန် တစ်ဖန် လက်ပံပင်ရှိရာသို့ သွားပြန်လေ၏။ သစ်ပင်ရင်း၌ လူသေကောင်ကို တွေ့ရ၍ ပခုံးပေါ်ထမ်းတင်ပြီးလျှင် တိတ်ဆိတ်ငြိမ်သက်စွာ ထွက်လာခဲ့ပြန်လေသည်။ ထိုအခါ သူ၏ပခုံးပေါ်၌ရှိသော အစိမ်းက ဘုရင်ကြီးအား ပြောပြလေသည်။

"ဘုရင်မင်းကြီး၊ သင်မင်းကြီးသည် ညအချိန်မတော် လူသေကောင်ကို ပိုးပြီး သွားချည်လာလှည့်လုပ်နေသည်မှာ အံ့သြစရာကောင်းလှပါသည်။ သို့ဖြစ်၍ သင် မပျင်းအောင် ကျွန်ုပ် ပုံတစ်ခုကို ပြောပြပါဦးမည်၊ နားထောင်ပါ"

* * *

ကမ္ဘာမြေပြင်ပေါ်၌ ပါတလိပုတ္တအမည်ရှိ ထင်ပေါ်ကျော်ကြားလှသော မြို့ကြီးတစ်မြို့ ရှိလေသည်။ ထိုမြို့၌ ဝိက္ကမသေရိန အမည်ရှိဘုန်းသမ္ဘာကြီးမားသော မင်းသားတစ်ပါး ရှိလေသည်။

ထိုမင်းသား၌ သျှတ္တရကျမ်းဂန်အားလုံးကို ကျွမ်းကျင်တတ်မြောက်သော ပညာဉာဏ်ထက်မြက်သည့် ကျေးသားတစ်ကောင်ရှိလေသည်။ ထိုကျေးသားသည် ကိုယ်နှစ်သင့်ပြီး ကျေးသားအဖြစ် မွေးဖွားလာရခြင်းဖြစ်ပြီး

mgyoe.com

သူ၏အမည်မှာ ဝိဒ္ဓစူဋ္ဌာမဏိဟု ခေါ်တွင်လေ၏။ မင်းသားသည် ထို ကျေးသား၏ ညွှန်ကြားအကြံပေးချက်အရ စန္ဒာပဘာအမည်ရှိ အန္ဒယ်တူ မာဂဓဘုရင့်အန္ဒယ်တော် မင်းသမီးနှင့် လက်ထပ်ထိမ်းမြားခြင်း ပြုခဲ့လေ၏။ ထိုမင်းသမီးမှာလည်း အသိပညာနှင့် ဇဝနဉာဏ်အရာမှာ ထင်ပေါ်ကျော်ကြား လှသည့် သောမိကာအမည်ရှိ သာလိကာမတစ်ကောင်ရှိလေ၏။ ထိုကျေးသား နှင့် သာလိကာမသည် လှောင်ချိုင့်တစ်ခုအတွင်းမှာပင် အတူနေပြီး သူတို့၏ သခင်နှင့် သခင်မအား သူတို့ အသိဉာဏ်ပညာဖြင့် အကူအညီပေးနေကြ လေ၏။

တစ်နေ့သ၌ ကျေးသားသည် သာလိကာမကို ချစ်ကြိုက်လာပြီး သာလိကာမအား 'တို့နှစ်ယောက် လှောင်ချိုင့်တစ်ခုတည်းမှာ အတူတူ စား၊ အတူတူနေရတဲ့ အတူတူ လင်မယားအဖြစ်ပဲ ပေါင်းသင်းနေကြပါ စို့လား' ဟု လူပျိုစကားပြောလေ၏။ ထိုအခါ သာလိကာမက ပြန်ပြောလေ သည်။

"ကျွန်ုပ် အထီးဆိုတဲ့သတ္တဝါများနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းလိုစိတ်မရှိဘူး။ ဘာဖြစ်လို့လဲဆိုရင် အထီးဆိုတဲ့ သတ္တဝါများဟာ သစ္စာမရှိဘူး၊ အင်မတန်မှ ဆိုးတယ်"

ကျေးသားကလည်း အားကျမခံ ပြန်လှန်ပြောဆိုလေသည်။

"အထီးဆိုတဲ့ သတ္တဝါများ ဆိုးတယ်ဆိုတာ မဟုတ်ဘူး၊ အမှန်က အမဆိုတဲ့သတ္တဝါများသာ ဆိုးတာ၊ ရက်စက်တာ"

ယင်းသို့အားဖြင့် သူက မှန်တယ်၊ ငါက မှားတယ်နှင့် ကျေးသားနှင့် သာလိကာမသည် အငြင်းပွားကြလေရာ နောက်ဆုံး သူတို့နှစ်ဦးသည် အကယ်၍ ကျေးသားကနိုင်လျှင် သာလိကာမကို မယားအဖြစ် သိမ်းပိုက် မည်၊ သာလိကာမက နိုင်လျှင် ကျေးသားက သာလိကာမကို ကျွန်ခံရမည် ဟူ၍ နှစ်ဦးသဘောတူ ကတိထားပြီး မင်းသား၏ရှေ့မှောက်သို့ တရား အဆုံးအဖြတ်ခံယူရန် သွားကြလေ၏။ ခမည်းတော်ဘုရင်၏ တရားခွင် ခန်းမဆောင်၌ ထိုင်နေသည့် မင်းသားက ကျေးသားနှင့် သာလိကာမ၏ အရှုပ်အရှင်းကြားရသည့်အခါ သာလိကာမအား 'အထီးဆိုတဲ့သတ္တဝါများ သစ္စာမရှိပုံ ငါ့ကို ပြောပြစမ်း' ဟုမေးသည်ဖြစ်၍ သာလိကာမက 'နားထောင်'

mgyoe.com

mgyoe.com


ဟု အစချီပြီး သူ၏အယူအဆကို အခိုင်အမာတင်ပြရန်အလို့ငှာ ယောကျ်ားများ၏အပြစ်ကို ဖော်ပြသည့် ဤပုံပြင်ကို ပြောပြလေ၏။

* * *

ကမ္ဘောပေါ်၌ ကာမန္ဒကီအမည်ရှိ ထင်ရှားသည့် မြို့တစ်မြို့ ရှိလေသည်။ ထိုမြို့၌ ဘတ္တဒတ္တအမည်ရှိ သူကြွယ်တစ်ဦး ရှိလေသည်။ ထိုသူကြွယ်၌ ဓနဒတ္တခေါ် သားတစ်ယောက်ရှိ၏။ သူ့ဖခင်ကွယ်လွန်သွားသောအခါ ဓနဒတ္တသည် လေလွင့်ပျက်စီးလာလေသည်။ သူ၏အပေါင်းအဖော် လူလေလူလွင့်များကြောင့် ဓနဒတ္တသည် အပျော်အပါးနှင့် လောင်းကစားဖက်လာရာ မကြာမီပင် ရှိသည့်ပစ္စည်းများ ပြုတ်ပြုတ်ပြုန်းသွားခဲ့လေ၏။ ထိုအခါ ဓနဒတ္တသည် ချို့ချို့တဲ့တဲ့ နေရသည်ကို ရှက်လှသဖြင့် သူ့မြို့မှ တစ်ပြည်တစ်ရပ်ခြားသို့ ထွက်ခွာလာခဲ့လေ၏။

တစ်ပြည်တစ်ရပ်ခြားတွင် လှည့်လည်သွားလာရင်းနှင့် စန္ဒနပူရ အမည်ရှိ နေရပ်တစ်ခုသို့ရောက်သည့်အခါ ဆာလောင်မွတ်သိပ်လှသဖြင့် ကုန်သည်တစ်ဦး၏အိမ်သို့ ဝင်ရောက်သွားလေ၏။ ကံအားလျော်စွာ ကုန်သည်သည် ဓနဒတ္တကိုမြင်သည့်အခါ ရုပ်ရည်သနားကမားရှိသဖြင့် အမျိုးအနွယ်စသည်တို့ကို မေးကြည့်ရာ မျိုးကောင်းဆွေကောင်းထဲမှဖြစ်ကြောင်း သိရှိရသဖြင့် ဧည့်ခံကျွေးမွေးပြီးနောက် အိမ်၌နေစေပြီး ခန်းဝင်ပစ္စည်းအပြည့်အစုံနှင့်တကွ ဓနဒတ္တကို သူ၏သမီး ရတနာဝလီနှင့် လက်ထပ်ပေးစားလိုက်လေ၏။ ဓနဒတ္တသည် သူ၏ယောက္ခမအိမ်၌ပင် သူ့မယားနှင့်အတူ နေထိုင်လာခဲ့လေသည်။

နေ့ရက်အနည်းငယ် အတောအတွင်းမှာပင် ဓနဒတ္တသည် ချမ်းချမ်းသာသာနေရသဖြင့် ယခင် ဆင်းရဲဒုက္ခကို မေ့ပျောက်သွားလေ၏။ ပစ္စည်းဥစ္စာများ လက်ဝယ်ရရှိလာသဖြင့် သူ့နေရပ်သို့ပြန်ပြီး ထိုပစ္စည်းများကို သုံးဖြုန်းပျော်ပါးကစားပစ်လိုစိတ် ပေါ်ပေါက်လာလေ၏။ သို့ဖြစ်၍ လူပွေဓနဒတ္တသည် သူ၏ယောက္ခမအား သူ့မယားကို သူနှင့် သူ့ရပ်ရွာသို့ ထည့်လိုက်ဖို့ တောင်းပန်နှားချလေ၏။ ချစ်မငြီးသည့်တစ်ဦးတည်းသောသမီးဖြစ်သဖြင့် ခွဲလိုစိတ်မရှိသော်လည်း ဓနဒတ္တက အဖန်ဖန် တောင်းပန်သဖြင့်

mgyoe.com

mgyoe.com


ခွင့်ပြုလိုက်လေသည်။ ဓနဒတ္တသည် ဝတ်စားတန်ဆာအပြည့် ဝတ်ဆင်ထားသည့် မိန်းမကြီးတစ်ယောက်ကိုပါခေါ်ခဲ့ပြီး သုံးဦးသား ထိုနေရာမှ ထွက်လာခဲ့လေသည်။ လမ်းခရီး တောနက်တစ်ခုထဲသို့ ရောက်သည့်အခါ သူခိုး ဓားပြရန် ကြောက်ရသည်ဟု အကြောင်းပြလျက် သူ့မယား၏ လက်ဝတ်တန်ဆာများကို ဖြုတ်ပြီး သိမ်းထားလိုက်လေ၏။

အပျော်အပါး အလောင်းအစားစသော စက်ဆုပ်ဖွယ်အကျင့်များ စွဲကပ်နေသည့် သစ္စာဖောက် ယောကျ်ားများ၏ နှလုံးဟာ သံပြားကျောက်စောင်းလို ဘယ်လောက်ခိုင်မာသလဲ၊ ရက်စက်သလဲဆိုတာ ကြည့်စမ်းပါ။

ထို့နောက် လူဆိုး ဓနဒတ္တသည် သူ၏မယားကို မယားပီသသော်လည်း ဥစ္စာကိုလိုချင်သည့် လောဘကြောင့် သတ်ပစ်ဖို့ စိတ်ပိုင်းဖြတ်လိုက်ပြီး မယားနှင့် မိန်းမကြီးအား ချောက်ထဲတွန်းချလိုက်လေ၏။

မိန်းမနှစ်ဦးကို ကိစ္စတုံး ချောက်ထဲတွန်းချလိုက်ပြီးနောက် ဓနဒတ္တသည် ထိုနေရာမှ ထွက်ခွာသွားလေသည်။ မိန်းမကြီးသည် ချောက်ထဲကျပြီး သေဆုံးသွားသော်လည်း ရတနာဝလီကမူ ကံအားလျော်စွာ နွယ်တန်းပေါ်မှာ တင်နေလေ၏။

ရတနာဝလီသည် ကယ်ပါ ယူပါ ငိုကြွေးပြီး နွယ်ပင် မြက်ပင်များကို တွယ်ပြီးလျှင် ချောက်ကမ်းပါးထဲမှ တဖြည်းဖြည်း တက်လာခဲ့ရာ သေကံမရောက်သေးသဖြင့် အပေါ်သို့ရောက်လာလေ၏။

ထို့နောက် ကိုယ်လက်အင်္ဂါများ ပွန်းပဲ့နာကျင်နေသဖြင့် တစ်လမ်းပြီး တစ်လမ်းမေးမြန်းပြီး ခဲခဲယဉ်းယဉ်းနှင့်လာခဲ့ရာ နောက်ဆုံးတွင် သူ၏ဖခင်အိမ်သို့ ရောက်လာခဲ့လေ၏။ အခြေအနေမလှဘဲ ရုတ်တရက် တစ်ယောက်တည်း ပြန်ရောက်လာသည်ကို တွေ့ရသည့်အတွက် သူ၏ မိခင်နှင့် ဖခင်က မျက်လုံးပြူး မျက်ဆန်ပြူးပြီး အကြောင်းကို မေးကြည့်ကြလေသည်။ လိမ္မာပါးနပ်သည့် အမျိုးသမီးက ရှိုက်ကြီးတငင်နှင့် ငိုယိုပြီး အကြောင်းကို ပြောပြလေသည်။

"ကျွန်မတို့ လမ်းမှာ ဓားပြအတိုက်ခံရပါသည်။ ကျွန်မ ယောကျ်ားကို ဓားပြတွေ ဖမ်းယူသွားကြသည်။ အမေကြီးလည်း အသတ်ခံရပါသည်။ ကျွန်မကတော့ ချောက်ထဲကျပြီး အသက်ဘေးက လွတ်သွားပါသည်။

mgyoe.com

mgyoe.com


ဓားပြတွေ ထွက်သွားသည့်အခါ ခရီးသွားသူတော်ကောင်းတစ်ယောက် ထိုနေရာ အနီးဖြတ်လာတာနှင့်ကြုံ၍ ကျွန်မကို တွေ့သွားပြီး ချောက်ထဲက ကယ်တင်သည့်အတွက် ကျွန်မ ပြန်လာရခြင်း ဖြစ်ပါသည်''

ယင်းသို့ ရတနာဝလီက ငိုငိုရယ်ရယ်နှင့် ပြောပြသည့်အခါ မိဘနှစ်ဦးက သူ့ကို အားပေးချော့မော့ကြလေ၏။ ထို့နောက် ရတနာဝလီသည် သူ့ယောကျ်ားကိုသာလျှင် လွမ်းဆွတ်တသ၍ နေလေ၏။

သူ့ရပ်သူ့ရွာသို့ ပြန်သွားသော ရတနာဝလီယောကျ်ား ဓနုဒတ္တသည် ပါလာသည့် ပစ္စည်းဥစ္စာများကို အလောင်းအစား ကစားပစ်လိုက်ရာ မကြာမီ ပြောင်သွားသည်ဖြစ်၍ 'ငါ့ယောက္ခမအိမ်ကို ပြန်သွားပြီး မိန်းမကို အိမ်မှာ ထားခဲ့တယ်လို့ ပြောပြီး ဥစ္စာပစ္စည်းများကို တောင်းရလျှင် ကောင်းမည်' ဟု အကြံဖြစ်ပေါ်လာလေ၏။ ယင်းသို့ အကြံဖြစ်သည့်အလျောက် သူ့ယောက္ခမရှိရာသို့ ထွက်လာခဲ့ရာ အိမ်အနီးသို့ရောက်သွားသောအခါ သူ၏မယားသည် ခပ်လှမ်းလှမ်းကပင် သူ့ကိုမြင်သည်ဖြစ်၍ သူ့ယောကျ်ားရှိရာကို ပြေးလာပြီး သူ့အပေါ်မှာ မည်မျှရက်စက်ထားသူဖြစ်စေကာမူ ခြေထောက်ကို လှမ်းဖက်လေသည်။ အကြောင်းမူကား ယောကျ်ားက ဘယ်လောက်ပင်ဆိုးသွမ်းနေစေကာမူ လိမ္မာသည့် မယားသည် လင့်အပေါ်၌ ထားသည့် သဘောထားကို ပြောင်းလဲ့မရှိပေ။ ဓနုဒတ္တသည် ထိတ်ထိတ်ပျာပျာဖြစ်နေသည်ကိုတွေ့ရ၍ ရတနာဝလီက သူ့မိဘများအား ကောင်းသလို ကြည့်ပြောထားသည့်အကြောင်းကို ပြောပြလေ၏။ ဤတွင်မှ ဓနုဒတ္တသည် သူ့ယောက္ခမအိမ်ထဲကို စိတ်ချလက်ချ ဝင်ရဲပေတော့၏။ သူ့ယောက္ခမများက သူ့ကို တွေ့ရသည့်အခါ ဝမ်းသာအားရ ဆီးကြိုကြသည်။ ထို့နောက် ယောက္ခမကြီးသည် သူ၏မိတ်ဆွေသင်္ဂဟများကိုခေါ်ပြီး သူ့သမက်ပြန်လာသည့် အထိမ်းအမှတ်ဖြင့် ပျော်ပွဲစားသောက်ကြလေသည်။

''ကျွန်ုပ်သမက် ဓားပြများလက်ထဲက အသက်ရှင်ပြီးပြန်လာတာ အင်မတန် ဝမ်းသာစရာကောင်းတယ်''

ဓနုဒတ္တ၏ယောက္ခမက ယင်းသို့ မိတ်ဆွေများအား ပြောပြလေသည်။ ထို့နောက် ဓနုဒတ္တသည် သူ၏မယားနှင့်အတူ သူ့ယောက္ခမ ပစ္စည်းများကို သုံးဆောင်ခံစားရင်းနှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့လေသည်။ သို့ရာတွင်

mgyoe.com

mgyoe.com


စက်ဆုပ်ဖွယ်ကောင်းလိုက်ပုံမှာ ရက်စက်ကြမ်းကြုတ်လှသည့် ယောကျ်ားက ဘယ်လိုလုပ်တယ်ဆိုတာကိုတော့ဖြင့် ပြောရမှာ ရှက်စရာ ကောင်းလှသော် လည်း ပြောရပေတော့မည်။ ဓနဒတ္တသည် သူ၏ရင်ခွင်ထဲတွင် အိပ်ပျော် နေသည့် သူ၏မယားကို သတ်ပြီး လက်ဝတ်လက်စားများကို ချွတ်ယူလျက် သူ့ရပ်ရွာသို့ ရှပ်ဖျောက်ပြီးထွက်ပြေးလေ၏။ အထီးဆိုသည့် သတ္တဝါများဟာ ထိုမျှလောက်ပင် ဆိုးသွမ်းကြပါသည်။

* * *

သာလိကာမ၏ ပုံပြင် ပြီးဆုံးသွားသောအခါ မင်းသားက ကျေးသား အား 'သင်က ဘာပြောချင်သေးသနည်း' ဟု မေးသည်ဖြစ်၍ ကျေးသားက ပြောပြလေသည်။ 'အို... ဘုရင်၊ အမဆိုသော သတ္တဝါများဟာ မခံမရပ် နိုင်လောက်အောင်ပင် မိုက်မဲလှသည်၊ အကျင့်ဆိုးသည်၊ ဆိုးသွမ်းယုတ်မာ လှသည်၊ ကျွန်ုပ် သက်သေသာဓကေ ပုံဝတ္ထုတစ်ခု ပြောပြပါမည်'

ဟာသဝတီအမည်ရှိသော မြို့တစ်မြို့၌ ဓမ္မဒတ္တအမည်ရှိ ကုဋေများ စွာ ကြွယ်ဝချမ်းသာသော ကုန်သည်ကြီးတစ်ဦး ရှိလေ၏။ ထိုကုန်သည်ကြီး ၌ ဝသုဒတ္တာအမည်ရှိ သမီးတစ်ယောက် ရှိလေသည်။ ဝသုဒတ္တာသည် ပြိုင်ဘက်ကင်းလောက်အောင်ပင် လှပချောမောလေသည်။ ဖခင် ကုန်သည် ကြီးကလည်း သူ့အသက်ထက်ပင် သူ့သမီးအား ချစ်မြတ်နိုးလေ၏။ ဝသုဒတ္တာ အချိန်တန်အရွယ် ရောက်လာသည့်အခါ၌ ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝသည့် သမုဒ္ဒရဒတ္တအမည်ရှိ အဆင့်အတန်းတူ လုလင်တစ်ဦးနှင့် လက်ထပ်ထိမ်းမြား ပေးစားလိုက်လေ၏။ ထိုလုလင်သည် မိန်းမပျိုအလှ တို့၏ ချစ်ခင်စွဲမက်ခြင်း ခံရသူဖြစ်၏။ သူ၏နေရပ်မှာ ဂုဏ်သရေရှိ ပုဂ္ဂိုလ် များ နေထိုင်ရာဖြစ်သော တာမရလိပ္ပတိမြို့ ဖြစ်လေသည်။

တစ်ရံရောအခါ ကုန်သည်၏သမီးသည် သူက သူ့ဖခင်အိမ်မှာနေပြီး သူ့ယောကျ်ားက သူ့ရပ်ရွာသို့သွားနေခိုက် မလှမ်းမကမ်းတွင် ရုပ်ရည်သနား ကမားနှင့် လုလင်ပျိုတစ်ဦးကို တွေ့ရလေ၏။ ထိုအခါ လော်လည်ဖောက်ပြား သော ကုန်သည်၏သမီးသည် ထိုလုလင်အား လူယုံတစ်ယောက်ကို အခေါ် ခိုင်းပြီး ထိုလုလင်နှင့် တိတ်တိတ်ပုန်း ချစ်ကြိုးသွယ်လေ၏။ ထိုအချိန်မှ

mgyoe.com

mgyoe.com


စပြီး ကုန်သည်၏သမီး ဝသုဒတ္တာသည် ညစဉ်ညတိုင်းလိုပင် ထိုလင်ငယ်လုလင်နှင့်သာ ပျော်ပါးပြီး ထိုလင်ငယ်ကိုသာလျှင် စွဲလမ်း၍ နေလေသည်။

တစ်နေ့တွင် သူ၏လင်ယောကျ်ားသည် သူ့ဇာတိရပ်ရွာက ပြန်ရောက်လာလေသည်။ ဝသုဒတ္တာမိဘများက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေ၏။ ထိုနေ့ည၌ ဝသုဒတ္တာသည် ဝတ်စားတန်ဆာတို့ဖြင့် ပြင်ဆင်ခြယ်သထားလေသည်။ သို့သော်လည်း သူ၏ယောကျ်ားအား စကားတစ်ခွန်းတစ်ပါဒမျှ ပြောဆိုခြင်း မရှိပေ။ သူ့ယောကျ်ားက သူ့ကိုစကားပြောဆိုသည့်အခါ သူသည် အိပ်ချင်ဟန်ဆောင်လိုက်လေ၏။ သူ၏စိတ်မှာမူ လင်ငယ်ကိုသာ တမ်းတစွဲလမ်း၍ နေလေ၏။ ထိုအခါ သေရည်ကလည်း ယစ်တစ်တစ်၊ ခရီးကလည်း ပန်းလာသဖြင့် ကုန်သည်သမီး၏ယောကျ်ားသည် အိပ်ပျော်သွားလေ၏။

ထိုအခိုက် အိမ်ရှိလူများ အစားအသောက်ကိစ္စ ပြီးစီးသွားပြီး တခေါခေါနှင့် အိပ်မောကျသွားသည့်အခါ သူခိုးတစ်ယောက်သည် အိမ်နံရံကိုဖောက်ပြီး အိမ်ခန်းထဲသို့ဝင်လာ၏။ ထိုခဏ၌ပင် ကုန်သည်၏သမီးသည် အိပ်ရာက အသာထပြီး သူခိုးကို သတိမပြုမိဘဲ သူ၏လင်ငယ်နှင့် အချိန်းအချက်ပြုထားရာသို့ တိတ်တဆိတ် ထွက်လာခဲ့လေ၏။ သူခိုးက ထိုအခြင်းအရာကို တွေ့ရသည့်အခါ သူ့အကြံပျက်ရမလိုဖြစ်သောကြောင့် 'ငါ ခိုးဖို့လာခဲ့တဲ့ လက်ဝတ်တန်ဆာများကို ဝတ်ဆင်ပြီး ညကြီးအချိန်မတော်မှာ သူအပြင်ကို ထွက်သွားတယ်၊ သူဘယ်သွားတယ်ဆိုတာ ငါ လိုက်ကြည့်ဦးမယ်' ဟု စိတ်ကူးရလေ၏။ ယင်းသို့အကြံဖြစ်ပြီးလျှင် သူခိုးသည် ကုန်သည်သမီး ဝသုဒတ္တာ၏နောက်သို့ ကိုယ်ယောင်ဖျောက်ပြီး နောက်ယောင်ခံလိုက်သွားလေသည်။

ကုန်သည်၏သမီးသည် ပန်းနှင့်အခြား ပစ္စည်းများကို လက်ကကိုင်လျက် သူ၏လူယုံကို အဖော်ခေါ်ခဲ့ပြီး မြို့ပြင်မလှမ်းမကမ်းမှာရှိသည့် ဥယျာဉ်ထဲသို့ဝင်ရောက်သွားလေ၏။ ဥယျာဉ်ထဲသို့ရောက်သည့်အခါ လည်ပင်းကြိုးကွင်းစွပ်ပြီး သစ်ပင်ပေါ်မှတန်းလန်းကျနေသော သူ၏လင်ငယ်ချစ်သူကို တွေ့ရလေ၏။ အကြောင်းမူကား ညဥ့်အချိန်မတော် အချိန်းအချက်ပြုရာသို့ ရောက်လာသောသူ့ကို မြို့စောင့်များက တွေ့ရှိသောကြောင့် သူခိုး

mgyoe.com

mgyoe.com


ဟူသော သံသယနှင့် ဖမ်းပြီး သစ်ပင်မှာ ကြိုးကွင်းစွပ်လျက် သတ်ပစ်လိုက်သောကြောင့် ထိုကဲ့သို့ ကြိုးကွင်းတန်းလန်းနှင့် တွေ့မြင်ရခြင်း ဖြစ်လေသည်။

ကုန်သည်၏သမီးသည် ထိုအခြင်းအရာကို တွေ့မြင်ရသည့်အခါ စိတ်ထိခိုက်ပြီး 'အမယ်လေး' ဟု အော်လျက် မြေကြီးပေါ် လဲကျသွားလေ၏။ ထို့နောက် ဖြေမဆည်နိုင် မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းလျက် သူ၏လင်ငယ်ယောကျ်ားကို သစ်ပင်ပေါ်က ကြိုးဖြေချပြီး မြေကြီးပေါ်၌ ထိုင်နေသည့်ပုံချထားပြီးနောက် ပန်းနံ့သာတို့ဖြင့် ဆင်ယင်ပေးပြီးလျှင် အချစ်နှင့်အဆွေးကြောင့် အရူးအမူးဖြစ်ပြီး အသေကောင်ပင်ဖြစ်စေကာမူ ပွေ့ဖက်လိုက်လေ၏။ ထို့နောက် သောကမွန်ပြီး ကုန်သည်၏သမီးသည် အသေကောင်ပါးစပ်ကို မပြီး နမ်းစုပ်လိုက်လေ၏။ ထိုအခိုက်တွင် အပမှီနေသည့်သူ၏လင်ငယ်က ရုတ်တရက် ကုန်သည်သမီး၏နှာခေါင်းကို ကိုက်ဖြတ်လိုက်လေသည်။ ထို့နောက်တွင် ဝေသုဒတ္တာသည် ဝမ်းနည်းပက်လက်နှင့်သူ့လင်ငယ်၏အလောင်းကို ပစ်ထားခဲ့ပြီး ထွက်လာခဲ့လေသည်။ သို့ရာတွင်အသက်ရှင်နေလိုနေငြား တစ်ဖန် ပြန်ကြည့်ပြန်၏။ ပူးနေသည့်အစိမ်းထွက်သွားပြီး အသေကောင်အတိုင်းဖြစ်နေသည်ကို တွေ့ရ၍ ကုန်သည်၏သမီးသည် ကြောက်လည်း ကြောက်၊ ဆွေးလည်း ဆွေးကာ သူ့လင်ငယ်အလောင်းရှိရာမှ ငိုကြွေးပြီး ခွဲခွာလာခဲ့လေ၏။

ထိုအချိန် အတောအတွင်း ထိုနေရာ၌ ပုန်းနေသည့် သူခိုးက အခြင်းအရာဥသံကို တွေ့မြင်ရသည်ဖြစ်၍ ဤသို့စဉ်းစားမိလေ၏။

"ဒီမိန်းမယုတ်ဟာ ဘယ်လိုများ လုပ်ထားပါလိမ့်၊ မ ဆိုတဲ့ သတ္တဝါများရဲ့သဘောဟာ ကြောက်လန့်ဖွယ်ကောင်းလှပါကလား။ မည်းမှောင်နေတဲ့ရေတွင်းလို မှောင်လည်းမှောင် နက်လည်းနက် ထောက်လို့လည်း မမီဘူး။ သူရှေ့လျှောက် ဘာလုပ်မယ်ဆိုတာ ငါ သိချင်သေးတယ်"

ယင်းသို့ စဉ်းစားပြီး သူခိုးသည် သိချင်သည့်ဇောနှင့် ကုန်သည်သမီး၏နောက်သို့ တစ်ဖန်လိုက်ပြန်သည်။

ကုန်သည်၏သမီးသည် အိမ်သို့ပြန်လာပြီး သူ့လင် အိပ်စက်နေသည့်အခန်းထဲသို့ဝင်လျက် 'အမယ်လေး ကယ်ကြပါ၊ ဟောဒီ လင်လို့ခေါ်နေတဲ့

mgyoe.com

mgyoe.com


လူယုတ်မာက ကျွန်မရဲ့နှာခေါင်းကို ဘာမှအပြစ်မရှိဘဲနှင့် ဖြတ်ပစ်ပါတယ်' ဟု ငိုယိုအော်ပြောလေ၏။ သူ၏အော်သံငိုသံကို ကြားရသည်ဖြစ်၍ သူ၏ လင်ယောကျ်ားနှင့် သူ၏ဖခင်အပြင် အိမ်အစေခံများသည် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အိပ်ရာမှ အတင်းထကြလေသည်။ ထိုအခါ ကုန်သည်ကြီး သည် သူ့သမီး နှာခေါင်းပြတ်နေသည်ကိုတွေ့ရ၍ ဒေါသထောင်းခနဲ ထွက်သွားပြီး သမီးကို ရက်ရက်စက်စက် လုပ်ရမလားဆိုပြီး သူ့သမက် အား ကြိုးနှင့်ချည်နှောင်ထားလိုက်လေ၏။ လုလင်သည် သူ့အား ကြိုးဖြင့် တုပ်နှောင်စေကာမူ အအ အဆွံ့ကဲ့သို့ ကြက်သေသေနေပြီး ပါးစပ်အဟောင်း သားနှင့် ဘာတစ်ခွန်းမှ မပြောနိုင် ဖြစ်နေလေ၏။ သူ၏ ယောက္ခမနှင့်တကွ အားလုံးက သူ့အား စားတော့မလို ဝါးတော့မလို ဝိုင်းကြည့်နေကြလေ၏။

သူခိုးသည် ထိုအဖြစ်အပျက်အားလုံးကို တွေ့မြင်ရသည်ဖြစ်၍ အသာ ကိုယ်ရှိန်သတ်ပြီး တိတ်တဆိတ် ထွက်သွားလေ၏။ သို့နှင့် ထိုညအဖို့မှာ လည်း ရုတ်ရုတ်ရက်ရက်နှင့်ပင် ကုန်ဆုံးသွားလေသည်။ နံနက်မိုးလင်းသည့် အခါ လုလင်ကို နှာခေါင်းပြတ်နေသည့် သူ့မယားနှင့်တကွ ယောက္ခမ ကုန်သည်ကြီးက ဘုရင်ကြီးထံခေါ်သွားပြီး တိုင်ကြားလေ၏။ ဘုရင်မင်းကြီး သည် အမှုသွားအမှုလာကို ကြားနာစစ်ဆေးပြီးနောက် ကုန်သည်လုလင်အား သူ၏မယားအား အင်္ဂါချွတ်ယွင်းအောင်လုပ်သည့် ပြစ်မှုဖြင့် သတ်စေဟု ကြိုးမိန့်ပေးလိုက်လေ၏။ ဘုရင့်အမိန့်အရ ကုန်သည်လုလင်ကို ကြိုးစင်တင် ၍ သတ်မည့်နေရာသို့ စည်တီးပြီး ခေါ်ဆောင်သွားသည့်အခါ သူခိုးသည် မင်းချင်းယောကျ်ား အာဏာသားတို့အနီးသို့ ကပ်သွားပြီး ဤသို့ပြောလေ၏။

"ဒီလူမှာ ကြိုးဒဏ်ပေးထိုက်သည့်အပြစ် ဘာမှမရှိပါ။ ကျွန်ုပ် အဖြစ်အပျက်အားလုံးကို အမှန်အတိုင်း သိရှိပါသည်။ ကျွန်ုပ်ကိုသာ ဘုရင့် ထံခေါ်သွားပါ။ ကျွန်ုပ် အဖြစ်အပျက်ကို ပြောပြပါမည်"

သူခိုးကို ဘုရင်မင်းကြီး၏အထံသို့ ခေါ်ဆောင်သွားသည့်အခါ သူခိုး က ဘုရင်မင်းကြီးထံ ခွင့်ပန်ပြီး ညက တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို အစမှ အဆုံးအထိ ပြောပြပြီး 'အကယ်၍ အသင်မင်းကြီး အကျွန်ုပ်ပြော တာကို မယုံကြည်လို့ရှိလျှင် သေသူ၏ ပါးစပ်ထဲမှာရှိနေသည့် ကုန်သည် သမီး၏နှာခေါင်းကို သွားရောက်ကြည့်ရှုနိုင်ပါသည်' ဟု ပြောလေ၏။

mgyoe.com

mgyoe.com


ဘုရင်မင်းကြီးသည် မင်းချင်းယောကျ်ားများအား သူခိုးပြောသည့်အတိုင်း ဟုတ်မဟုတ် သွားရောက်ကြည့်ရှုခိုင်းလေ၏။ သူခိုးပြောသည့်အတိုင်း တကယ်ပင် ဟုတ်မှန်နေသည်ကို တွေ့ရသောအခါ ကုန်သည်လုလင်အား ကြိုးဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်လေ၏။ ကုန်သည်၏သမီး မိန်းမယုတ်ကိုမူ နားနှစ်ဖက်ကို ထပ်ဖြတ်ခိုင်းပြီး ပြည်နှင်ဒဏ်ပေးလိုက်လေ၏။ လုလင်၏ယောက္ခမ ကုန်သည်ကြီးအားလည်း သူ၏ပစ္စည်းဥစ္စာများကို ဘုရင့်ဘဏ္ဍာတော်အဖြစ် သိမ်းစေဟု အပြစ်ဒဏ်ချမှတ်လိုက်လေ၏။ သူခိုးကိုမူ ဘုရင်မင်းကြီးက နှစ်သက်သဘောကျသည်ဖြစ်၍ မြို့သူကြီးအဖြစ် ခန့်ထားလိုက်လေသည်။

* * *

"မ ဆိုတဲ့ သတ္တဝါမျိုးဟာ ဘယ်လောက်အကျင့်ယုတ်တယ်။ ဘယ်လောက်သစ္စာဖောက်တယ်ဆိုတာ အဲဒါသာကြည့်ပါတော့"

ကျေးသားက ထိုပုံပြင်ဝတ္ထုကို ပြောပြပြီးသည့်အခါ သူ့အပေါ်တွင် သင့်နေသော နတ်သိကြား၏ကျိန်စာသည် ပျက်ပြယ်သွားပြီးလျှင် ဓနွဗ္ဗဝတရှိနတ်သားဘဝသို့ ပြန်ရောက်သွားပြီး ကောင်းကင်ဘုံသို့ ပြန်သွားလေ၏။ တစ်ချိန်တည်းမှာပင် သာလိကာမ၏ ကျိန်စာသည်လည်း ဆုံးခန်းသို့ ရောက်သွားပြီးလျှင် သာလိကာမသည် တိလုတ္တမာနတ်သမီးဘဝသို့ ပြန်ရောက်သွားပြီး နတ်ဘုံဗိမာန်သို့ ပြန်သွားသည်။ ထို့ကြောင့် သူတို့နှစ်ဦး၏ အငြင်းအခုံမှာ တရားရုံးခန်းမဆောင်ထဲ၌ မပြီးမပြတ်ဘဲ ကျန်နေခဲ့လေ၏။

* * *

အစိမ်းက ထိုပုံပြင်ကို ပြောပြ၍ပြီးသည့်အခါ ဘုရင်မင်းကြီးအား ဤသို့ ဆက်ပြောလေ၏။

"ကဲ… အသင်မင်းကြီးပဲ အဆုံးအဖြတ်ပေးပါတော့။ မိန်းမနှင့် ယောကျ်ား ဘယ်သူက ပိုဆိုးသလဲ၊ အသင်မင်းကြီးသိလျက်နှင့် အဖြေမပေးဘဲနေလျှင် သင်မင်းကြီး၏ ဦးခေါင်းသည် အစိတ်စိတ်အမြွာမြွာကွဲသွားပေလိမ့်မည်"

mgyoe.com

mgyoe.com


ပခုံးပေါ်တွင် စီးနေသော အစိမ်းက ယင်းသို့ မေးခွန်းထုတ်လိုက်သည့်အခါ ဘုရင်မင်းကြီးသည် မနေသာတော့ဘဲ အဖြေပေးရလေတော့၏။

"မိန်းမများက ပို၍ဆိုးသွမ်းပါသည်။ တစ်ခါတစ်ရံ ဆိုးတဲ့ယောကျာ်းများလည်း ရှိတတ်ပါသည်။ သို့သော်လည်း ဓမ္မတာထုံးစံအရမှာမူ မိန်းမဆိုးမိန်းမယုတ်များသာ နေရာတကာမှာ ရှိနေတတ်ပါ၏"

ဘုရင်မင်းကြီးက ယင်းသို့ အဖြေပေးလိုက်သည့်အခါ အစိမ်းသည် ယခင်နည်းအတိုင်းပင် သူ၏ပခုံးပေါ်မှ ပျောက်ကွယ်သွားလေသည်ဖြစ်၍ ဘုရင်မင်းကြီးသည် တစ်ဖန်ပြန်ပြီး အစိမ်းကို ဖမ်းရပြန်လေ၏။

❒

mgyoe.com

mgyoe.com

## ၄။ သူရဲကောင်း မိသားစု

တရိပိက္ကမသေနဘုရင်သည် ညအချိန်မတော်တွင် သုသာန်သင်္ချိုင်းတွင်ရှိသော ထိုသစ်ပင်ရှိရာသို့ တစ်ဖန်သွားပြန်လေသည်။ ဘုရင်သည် ကြောက်ရွံ့ ထိတ်လန့်ခြင်း ကင်းမဲ့စွာဖြင့် အလောင်းကောင်တွင် စီး၍နေသော အစိမ်း သရဲကို ဖမ်းယူလိုက်၏။ အစိမ်းက 'ဟား… ဟား… ဟား' ဟု ကြောက်ရွံ့ထိတ်လန့်ဖွယ် ရယ်လိုက်သော်လည်း ဘုရင်သည် ကြောက်ရွံ့ခြင်း အလျှင်းမရှိဘဲ ဣန္ဒြေရစွာဖြင့်ပင် ထွက်လာခဲ့လေ၏။ လမ်းသို့ရောက်သည့် အခါ သူ၏ပခုံးပေါ်တွင်ရှိသော အစိမ်းက ဤသို့ပြောလေ၏။

"အို… ဘုရင်၊ သင်သည် ဒီဇော်ဂျီယုတ်အတွက် ဘာဖြစ်လို့ ဒါလောက်တောင် ဒုက္ခခံနေရသနည်း။ သင်သည် ဒီအကျိုးမရှိသည့် အလုပ် ကို မညည်းညူဘဲနှင့် ပြုလုပ်နေသည်မှာ အံ့သြစရာကောင်းလှသည်။ ထို့ကြောင့် သင် အပျင်းပြေအောင် ကျွန်ုပ် လမ်းသွားရင်း ပုံဝတ္ထုတစ်ခုကို ပြောပြပါမည်"

* * *

ကမ္ဘာပေါ်၌ သောဘာဝတီအမည်ရှိသည့် မြို့တစ်မြို့ရှိလေ၏။ ထိုမြို့ ၌ သုဒ္ဒကအမည်ရှိ ဘုန်းသမ္ဘာရှင်ဘုရင်တစ်ပါး ရှိလေ၏။ ထိုဘုရင်

mgyoe.com

mgyoe.com


စိုးမိုးချိန်အခါက ကမ္ဘာမြေကြီးသည် ဘုရင်၏ တရားမျှတမှုကြောင့် ဘယ်လောက် သာယာကြည်နူး၍ နေသနည်းဆိုလျှင် ပထဝီမြေပြင်ရှိ အခြားသော ဘုရင်များကိုပင် မေ့လျော့၍ နေလေ၏။

တစ်နေ့သောအခါတွင်မူ ဓဝလတိုင်းမှာ ဝီရဝရအမည်ရှိသော ဗြာဟ္မဏတစ်ဦးသည် သူ့ရဲကောင်းများကို မြတ်မြတ်နိုးနိုးရှိသော ထိုဘုရင်၏ လက်အောက်တွင် အမှုထမ်းရန် ရောက်လာလေ၏။ သူ၏ဇနီးနာမည်ကို ဓမ္မဝတီဟုခေါ်ပြီး သူ၏သားနှင့်သမီး နာမည်မှာ သတ္တဝရဟုလည်းကောင်း၊ ဝီရဝတီဟုလည်းကောင်း အသီးသီးခေါ်ကြသည်။ ထိုသားသမီးနှင့် ဇနီးအပြင် ဝီရဝရတွင် အစေအပါးသုံးဦးလည်း ပါလာလေ၏။ ထိုသုံးဦးကားအခြားမဟုတ်။ သူ၏နံပါးတွင်ရှိသော သန်လျက်၊ သူ၏လက်တစ်ဖက်တွင်ရှိသော ဓားလွယ်၊ သူ၏ အခြားလက်တစ်ဖက်တွင်ရှိသော ဒိုင်းကြီးများပင်ဖြစ်လေ၏။ နောက်လိုက် နောက်ပါ အခြွေအရံဟူ၍ ပြောလောက်ဆိုလောက် ပါမလာစေကာမူ ဝီရဝရသည် ဘုရင့်ထံမှ အခကြေး ငွေသဘောမျိုးနှင့် အမှုထမ်းခ တစ်ရက်လျှင် အသပြာ ငါးရာတောင်းလေ၏။ ဝီရဝရကို ကြည့်ရသည်မှာ သူရသတ္တိနှင့် ပြည့်စုံပုံရသဖြင့် ဘုရင်သုဒ္ဒကက သူတောင်းသည့်အတိုင်း အသပြာငါးရာပေးဖို့ သဘောတူလိုက်လေ၏။ သို့ရာတွင် ဘုရင်သည် နောက်လိုက်နောက်ပါ အခြွေအရံလည်း ပြောလောက်ဆိုလောက်မရှိဘဲနှင့် ယခုလောက် အခကြေးငွေများကို နေ့စဉ် ဝီရဝရအလိုရှိခြင်းမှာ စည်းမရှိ ကမ်းမရှိ သုံးဖြုန်းပစ်လို၍လော၊ သို့တည်းမဟုတ် သုံးသင့်သုံးထိုက်သည့် နေရာများ၌ သုံးစွဲလို၍ပင်လောဟု စုံစမ်းချင်သည့်စိတ်ပေါ်လာလေ၏။ သို့ဖြစ်၍ ဘုရင်သည် ဝီရဝရ၏ အနေအထိုင် အသွားအလာကို အကဲခတ်ရန်အတွက် သူလျှိုအထောက်တော်များကို ချထားလေသည်။

ဝီရဝရသည် နေ့စဉ်နေ့တိုင်း နံနက်စောစောတွင် ဘုရင်မင်းကြီးထံတွင် သွားရောက်ခစားပြီး နေ့လယ်တွင် နန်းတော်တံခါးဝ၌ လက်ကဓားကိုင်ပြီး ရပ်စောင့်နေသည်။ ထို့နောက်တွင် အိမ်သို့ပြန်လျက် သူ၏ဇနီးအား အစားအသောက် စီမံချက်ပြုတ်ဖို့ သူတို့၏အခကြေးငွေထဲက အသပြာတစ်ရာကျပ်ကို ပေးအပ်လေ၏။ ထို့ပြင် အသပြာ ကျပ်တစ်ရာဖြင့် အဝတ်

mgyoe.com

mgyoe.com



အစား၊ လိမ်းရန်ဆီများ၊ ကွမ်းသီးများကိုဝယ်ခြမ်းလေ၏။ ထို့နောက် ရေမိုးချိုးပြီးသည့်အခါ ပိသနိုးနှင့် သိဝအား ပူဇော်ပသရန်အလို့ငှာ အသပြာတစ်ရာကို တခြားဖယ်ထားလေ၏။ ထို့နောက်တွင်မှ ကျန်သည့် အသပြာနှစ်ရာကို ဆင်းရဲသည့် ဗြာဟ္မဏများအား ပေးကမ်းလှူဒါန်းလေသည်။ ဤကား ဝီရဝရ နေ့စဉ် သူရရှိသည့် အခကြေးငွေ ငါးရာကို ခန့်ခွဲသုံးစွဲပုံ ဖြစ်လေသည်။ ထိုမှနောက်တွင် ဝီရဝရသည် ယဇ်မီးကို ထောပတ်ဆီဦးဖြင့် ညှိထွန်းပူဇော်ပြီး ထမင်းကိုစားလေ၏။ ထမင်းစားပြီးသောအခါ တစ်ဖန် ညအခါတွင် နန်းတော်တံခါးဝ၌ ဓားကို လက်က ကိုင်ပြီး တစ်ယောက်တည်း စောင့်နေပြန်သည်။

ဘုရင်မင်းကြီးသည် သူလျှိုအထောက်တော်များထံမှ ဝီရဝရ၏ မှန်ကန်သောလမ်းစဉ်ကို ကြားသိရသဖြင့် ကျေနပ်အားရသွားပြီးလျှင် သူလျှိုအထောက်တော်များအား ဝီရဝရနောက်သို့ နောက်ယောင်ခံပြီး သတင်းထောက်လှမ်းရန် မလိုတော့ကြောင်း အမိန့်ပေးလိုက်လေသည်။ ဝီရဝရအားလည်း ထူးခြားသည့် သူရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုထားလိုက်လေသည်။

ပူပြင်းသည့် ရာသီဥတု တစ်လျှောက်လုံး နန်းတော်တံခါးဝ၌ စောင့်လာခဲ့ပြီးသည့်နောက်တွင် ရာသီလေသည် မြည်ဟည်းတိုက်ခတ်လာလေသည်။ လျှပ်စီးသည် ဝင်းခနဲ ဝင်းခနဲ လက်လာလေသည်။ မိုးသီးမိုးပေါက်များလည်း ရွာကျလာလေသည်။ ကြောက်ရွံ့ထိတ်လန့်ဖွယ် တိမ်ထုသည် တစ်နေ့လုံး တစ်ညလုံး မိုးသီးမိုးပေါက်များကို ရွာသွန်းချနေသော်လည်း ဝီရဝရသည် နန်းတော်တံခါးဝ၌ ယခင်အတိုင်းပင် မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ပင် ရပ်၍နေသည်။

ဘုရင်သုဒ္ဒကသည် နေ့အခါတွင် နန်းတော်အထက်ထပ်မှ ဝီရဝရကို ကြည့်ရှုပြီး တစ်ဖန် ညဥ့်အခါတွင် နန်းတော်တံခါးဝ၌ ဝီရဝရ ရှိ၊ မရှိ သိလို၍ နန်းတော်အပေါ်ထပ်သို့တက်ပြီး 'နန်းတော်တံခါးဝမှာ ဘယ်သူအစောင့်ရှိသလဲ' ဟု အော်မေးလေ၏။ ဘုရင်၏အသံကို ကြားရသည့်အခါ ဝီရဝရက 'ကျွန်တော်မျိုး စောင့်နေပါတယ်' ဟု ပြန်ဖြေလေသည်။ ထိုအခါ ဘုရင်က 'ဝီရဝရဟာ တကယ် သူရသတ္တိနှင့် ပြည့်စုံသူ ဖြစ်သည်။ ငါ့

mgyoe.com

mgyoe.com


အပေါ်မှာလည်း သစ္စာရှိရှိနှင့် ဆည်းကပ်ခစားသည်။ သူ့ကို ရာထူးတိုးမြှင့်ခန့်မှ တော်မည်' ဟု စဉ်းစားစိတ်ကူးကြည့်လေ၏။

ယင်းသို့ စဉ်းစားစိတ်ကူးပြီး အောက်ထပ်သို့ ဆင်းလာခဲ့ပြီးလျှင် ဘုရင်မင်းကြီးသည် သူ၏ခန်းမဆောင်ထဲဝင်ပြီး အိပ်စက်လေ၏။

နောက်တစ်နေ့ ညချမ်းချိန်ခါတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ပတ်ဝန်းကျင်တွင် မည်းမှောင်နက်ချိပ်၍ နေလေသည်။ ကောင်းကင်တစ်ပြင်လုံးမှာလည်း အမှောင်ပိတ်ဖုံး၍ နေလေသည်။ ထိုအခိုက်တွင် ဘုရင်သည် တစ်ဖန် စုံစမ်းလိုသဖြင့် နန်းတော်အထက်ထပ်သို့ တက်ပြီး 'နန်းတော်တံခါးဝမှာ ဘယ်သူအစောင့်ရှိသလဲ' ဟု အော်ဟစ်မေးလိုက်ပြန်လေ၏။ ဝီရဝရက 'ကျွန်တော်မျိုး စောင့်နေပါတယ်' ဟု ပြန်ဖြေလေ၏။ ဘုရင်သည် ဝီရဝရ၏ သူရသတ္တိကို တွေ့ရ၍ အံ့ဩငေးမောနေစဉ် ခပ်လှမ်းလှမ်းမှ မိန်းမတစ်ဦး ကြင်နာသနားဖွယ် ကျူကျူပါအောင် အော်ဟစ်ငိုကြွေးလိုက်သည်ကို ကြားရလေ၏။ ထိုမိန်းမ၏ ငိုကြွေးသံကို ကြားရသဖြင့် ဘုရင်သည် သနားကြင်နာစိတ် ဖြစ်ပေါ်လာပြီး 'ငါ၏နိုင်ငံမှာ အဖိနှိပ် အညှဉ်းဆဲခံရသူဟူ၍မရှိ၊ ဆင်းရဲဒုက္ခရောက်နေသူဟူ၍ မရှိ၊ ညကြီး အချိန်မတော် တစ်ယောက်တည်း ငိုကြွေးနေသူ မိန်းမမှာ ဘယ်သူပါလိမ့်' ဟု စဉ်းစားကြည့်လေ၏။ ထို့နောက် အောက်တွင် တစ်ယောက်တည်းရှိနေသော ဝီရဝရအား အမိန့်ပေးလိုက်လေသည်။

''ဝီရဝရ၊ မိန်းမတစ်ဦး ငိုနေသံကို ကြားရဲ့ မဟုတ်လား၊ ငိုနေတာ ဘယ်သူဆိုတာရယ်၊ ဘာဖြစ်လို့ ငိုနေတယ်ဆိုတာရယ် သိရအောင် သွားပြီး စုံစမ်းချေ''

'အမိန့်တော်မြတ်အတိုင်းပါ'ဟု ပြန်လျှောက်ထားပြီး ဝီရဝရသည် သန်လျက်ကို ခါးမှာချိတ်လျက် ဓားကို လက်ကကိုင်ကာ ထိုမိန်းမရှိရာသို့ ထွက်သွားလေ၏။ ကမ္ဘာလောကကြီးသည် မိုးသားများ အုံ့ဆိုင်းနေသဖြင့် မည်းနက်သော ဘီလူးကြီးအသွင်ကဲ့သို့ မြင်နေရသည်။ တလက်လက်ပြက်နေသော လျှပ်စီးများမှာ ဘီလူးနက်ကြီး၏ မျက်စိပေါက်မှ ထိုးထွက်နေသော မီးလျှံများသဖွယ် ဖြစ်နေ၏။ မိုးသီးမိုးပေါက်ကြီးများကမူ ကြဲချလိုက်သည့် ကျောက်တုံးကျောက်ခဲများ အသွင်ဆောင်၍ နေလေသည်။

mgyoe.com

mgyoe.com


ဘုရင်သုဒ္ဒကသည် ယင်းကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသည့် ညကြီးသန်းခေါင် တစ်ယောက်တည်း ထွက်သွားသော ဝီရဝရကို တွေ့ရ၍ သနားစိတ်နှင့် စူးစမ်းလိုစိတ်တို့ ရောနှောပြီး နန်းတော်အောက်သို့ ဆင်းလာခဲ့ပြီးလျှင် ဓားကို ဆွဲကိုင်လျက် တစ်ကိုယ်တည်း ဝီရဝရ၏နောက်သို့ နောက်ယောင်ခံ လိုက်သွားလေ၏။ ဝီရဝရသည် ငိုသံကြားရာဘက်သို့ ထွက်သွားလေရာ မြို့အစွန်ရှိ ရေကန်တစ်ခုသို့ ရောက်သွားလေ၏။ ထိုနေရာ၌ ရေအလယ်တွင် ဟစ်အော်ငိုကြွေးနေသော မိန်းမကို တွေ့ရပြီး ထိုမိန်းမက 'အို… သူရဲကောင်း၊ သင်သာ မကယ်လျှင် ကျွန်ုပ် အသက်ရှင်ရတော့မည်မဟုတ်ပါ' ဟု ပြောလေ၏။ နောက်က ဘုရင် အမှတ်မထင် ကပ်ပါလာသော ဝီရဝရသည် အံ့သြစွာဖြင့် 'သင် ဘယ်သူနည်း၊ ဘာကြောင့် ငိုကြွေးနေရသနည်း' ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းမက ပြန်ပြောလေသည်။

''ဝီရဝရ၊ ကျွန်ုပ်ဟာ ဤပထဝီမြေစောင့်နတ် ဖြစ်ပါသည်။ ဘုရင်သုဒ္ဒကဟာ ကျွန်ုပ်၏ တရားစောင့်သောဘုရင် ဖြစ်ပါသည်။ ဘုရင်သည် ဒီနေ့ကစပြီး သုံးရက်မြောက်နေ့၌ အသက်ခန္ဓာ ကြွေရပါတော့မည်။ ကျွန်ုပ်သူ့လို မင်းမျိုးကို ဘယ်မှာရနိုင်တော့မည်နည်း''

ထိုစကားကို ကြားသည့်အခါ ဝီရဝရက ထိတ်ထိတ်ပျာပျာဖြင့် ပြောလေ၏။

''အို… နတ်သမီး၊ ဒီလိုဆိုရင် ဘုရင်အသက်မသေအောင် ကာကွယ်ဖို့ နည်းလမ်း မရှိတော့ဘူးလား''

မြေစောင့်နတ်က ပြန်ပြောလေ၏။

''ဘုရင် အသက်မသေအောင် ကာကွယ်ဖို့ နည်းလမ်းတစ်ခုတော့ ရှိသည်။ ထိုနည်းလမ်းကို သင်တစ်ဦးတည်းသာ ပြုလုပ်ဆောင်ရွက်နိုင်ပေလိမ့်မည်''

''ဒီလိုဆိုရင် ပြောပြပါ နတ်သမီး၊ ကျွန်ုပ် အမြန်ပဲ ဆောင်ရွက်ပါမည်။ ကျွန်ုပ်၏အသက်ဟာ ဘာများ အဖိုးတန်သနည်း''

''သင့်လို ရဲရင့်သူ၊ သင့်လို သခင့်ကို သစ္စာရှိသူမျိုး ဘယ်မှာရှိဦးမည်နည်း။ သင်၏သခင် အသက်ရှင်ရာရှင်ကြောင်း နည်းလမ်းကို ကျွန်ုပ်ပြောပြပါမည်။ အကယ်၍ သင်သည် သင်၏သားချစ် သတ္တဝရကိုယ်ကို

mgyoe.com

mgyoe.com


နတ်သမီးအား ပူဇော်ပသလျှင် ဘုရင်သည် အသက်မသေဘဲ နောက်ထပ် အနှစ်တစ်ရာနေရဖို့ ရှိသည်။ ဤနည်းကို သင်လိုက်နာလျှင် သင်၏ သခင့် အသက် စိုးရိမ်စရာမရှိပေ။ မလိုက်နာလျှင်တော့ ဒီကနေ့ကစပြီး သုံးရက် မြောက်နေ့၌ အသက်ခန္ဓာ ကြွေရမှာ အမှန်ဖြစ်သည်”

မြေနတ်သမီးက ယင်းသို့ ပြောပြသည့်အခါ ဝိရဝရက 'ကျွန်ုပ် အခု ချက်ချင်းသွားပြီး ပြုလုပ်ဆောင်ရွက်ပါမည်' ဟု ပြောလေ၏။ နတ်သမီး ကလည်း 'သင်၏လုပ်ငန်း အောင်မြင်ပါလိမ့်မည်' ဟု ပြောပြီး ပျောက်ကွယ် သွားလေ၏။ ဝိရဝရနောက်မှ တိတ်တဆိတ်လိုက်ပါလာသော ဘုရင်သည် အကြောင်းအရာ ဥသုံကို ကြားရလေ၏။

ထို့နောက် ဝိရဝရသည် မှောင်ကြီးမည်းကြီးထဲ၌ သူ့အိမ်ရှိရာသို့ ခပ်သုတ်သုတ်ပင် ပြန်သွားလေသည်။ ဘုရင်သုဒ္ဒကသည်လည်း ဆက်လက် စုံစမ်းလိုသည်နှင့် ကိုယ်ယောင်ဖျောက်၍ ဝိရဝရနောက်က လိုက်ပါလာခဲ့ လေသည်။ အိမ်သို့ရောက်သည့်အခါ ဝိရဝရသည် သူ၏ဇနီး ဓမ္မဝတီကို နှိုးပြီးလျှင် မြေနတ်သမီးက ဘုရင်အသက်ရှင်ရာရှင်ကြောင်းအတွက် သူ၏ သားအား ယဇ်ပူဇော်ပသလိုက်ရန် ညွှန်ကြားပြောပြကြောင်းကို ပြောပြလေ ၏။ သူ၏ဇနီးက ထိုအကြောင်းကို ကြားသည့်အခါ 'ကျွန်မတို့ဟာ ဘုရင့် အကျိုးကို သယ်ပိုးဆောင်ရွက်ဖို့ တာဝန်ရှိသည်။ ကလေးကိုနှိုးပြီး ရှင်ကိုယ် တိုင်သာ ပြောပြပါတော့'ဟု ပြောလေ၏။ ဝိရဝရသည် သူ၏သားငယ် သတ္တဝရကို နှိုးပြီး 'ငါ့သား၊ မင်းကိုသတ်ပြီး စန္ဒိနတ်ကို ပူဇော်ပသလျှင် ဘုရင်ကြီး အသက်ရှင်လိမ့်မယ်။ ဒါမှမဟုတ်ရင် ဒီနေ့ကစပြီး သုံးရက် မြောက်နေ့မှာ သူသေဖို့ရှိသတဲ့' ဟု ပြောပြလေ၏။

သတ္တဝရက ထိုအကြောင်းကို ကြားရသည့်အခါ ကလေးငယ်ပင် ဖြစ်စေကာမူ ရဲရဲဝံ့ဝံ့နှင့် ပြန်ပြောလေ၏။

“အကယ်၍ ကျွန်တော်၏အသက်ကို စွန့်လွှတ်လိုက်ခြင်းအားဖြင့် ဘုရင်မင်းကြီး အသက်ရှင်မည်ဆိုလျှင် ကျွန်တော်၏ အလိုဆန္ဒပြည့်ဝလိမ့် မည်။ အကြောင်းမှာမူ ကျွန်တော်တို့ သူ့ထမင်းကို စားထားကြပြီးပြီ ဖြစ်သည့်အတွက် သူ့ကျေးဇူးကို ပြန်ဆပ်ရပေလိမ့်မည်။ ကဲ… နှောင့်နှေး မနေပါနှင့်၊ အမြန်သာ ကျွန်တော့်ကို စန္ဒိနတ်သမီးရှေ့ခေါ်သွားပြီး ပူဇော်

mgyoe.com

ပသလိုက်ပါ။ ကျွန်တော်တို့ သခင်ဘုရင်ကြီး၏ ချမ်းမြေ့ပျော်ရွှင်ရာ ပျော်ရွှင်ကြောင်းကို ကျွန်တော်ဆောင်ရွက်ပါရစေ''

သားငယ်၏ စကားကိုကြားရသည့်အခါ ဝီရဝရက 'ဒါမှ ငါ့သား အစစ်' ဟု အားရဝမ်းသာပြောလေ၏။ ထိုအခါ အပြင်ဘက်မှ သူတို့၏ စကားကို ချောင်း၍ နားထောင်နေသည့် ဘုရင်က 'သူတို့ မိသားစုတွေဟာ သူရသတ္တိအရာမှာ ညီတူညီမျှ ရှိကြပါပေတယ်' ဟု တစ်ကိုယ်တည်း ချီးကျူးလေ၏။

ထို့နောက် ဝီရဝရသည် သူ၏သားငယ် သတ္တဝရကို ပခုံးပေါ်ထမ်းပြီး သူ၏ဇနီးက ဝီရဝတီကိုချီ၍ ထိုည ညတွင်းချင်းပင် စန္ဒိနတ်ကွန်းသို့ သွားကြလေသည်။ ထို့နောက် နတ်ကွန်းသို့ရောက်သည့်အခါ ဝီရဝရသည် သူ၏သား သတ္တဝရကို ပခုံးပေါ်မှချပြီး နတ်ရုပ်တု၏ရှေ့၌ ချထားလိုက်လေ၏။ သူရသတ္တိနှင့် ပြည့်စုံသည့် သူငယ် သတ္တဝရသည် နတ်ရုပ်တု၏ ရှေ့မှောက်၌ ရှိခိုးဦးညွှတ်လျက် 'ကျွန်ုပ်၏ဦးခေါင်းကို ပူဇော်ပသခြင်း အားဖြင့် ဘုရင်သုဒ္ဒက အသက်ချမ်းသာပါစေ၊ ဘုရင်သုဒ္ဒကသည် နောက်ထပ် အနှစ်တစ်ရာတိတိ ဘေးမထိ ရန်မခဘဲ အုပ်ချုပ် မင်းလုပ်နိုင်ပါစေ' ဟု ဆုတောင်းလေသည်။

သားငယ်က ယင်းသို့ဆုတောင်းလိုက်သည့်အခါ ဝီရဝရသည် 'ဒါမှ ငါ့သား သူရဲကောင်း' ဟု ကြွေးကြော်ပြီးလျှင် သူ၏ဓားကိုထုတ်ပြီး သား၏ ဦးခေါင်းကို ပိုင်းဖြတ်လိုက်လျက် 'ကျွန်ုပ်၏သားကို ပူဇော်ပသလိုက်ခြင်းဖြင့် ဘုရင်မင်းမြတ် အသက်ချမ်းသာပါစေ' ဟု ပြောလေ၏။ ထိုခဏ၌ ကောင်းကင်ယံမှ အသံတစ်သံ ကြားရလေ၏။

''သူရဲကောင်း ဝီရဝရ၊ ကိုယ့်သားကို ယဇ်ပူဇော်ပြီး ဘုရင်နှင့် တိုင်းပြည်ကို ကယ်ဆယ်သည့် သင့်လိုလူမျိုး လောကမှာရှိသေးသလော''

ထိုအခါ ဝီရဝတီ သူငယ်မကလေးသည် ထလာပြီး သူ၏မောင် ခေါင်းပြတ်ကိုဖက်၍ သည်းထန်စွာ ငိုကြွေးပြီးလျှင် ရင်ကွဲနာကျပြီး သေဆုံးသွားရှာလေ၏။ ဘုရင်သည် ထိုအခြင်းအရာအားလုံးကို ဆိတ်ကွယ်ရာမှ မြင်လည်း မြင်၊ ကြားလည်း ကြားရလေ၏။ ထို့နောက် ဝီရဝရ၏ ဇနီးသည် ဓမ္မဝတီက ဝီရဝရအား ပြောလေ၏။

mgyoe.com

mgyoe.com


''ကျွန်မတို့ဟာ ဘုရင်မင်းမြတ်၏အကျိုးကို သယ်ပိုးဆောင်ရွက်ပြီးပြီ။ အခု ကျွန်မ ရှင့်ကို တစ်ခုပြောချင်ပါသည်။ ဘာမှ မသိတတ်သည့် လူမမည်ကလေးပင်ဖြစ်စေကာမူ သမီးကလေးသည် သူ့မောင်အတွက် ပူဆွေးသောကရောက်ပြီး သေဆုံးသွားရှာပြီဖြစ်သည့်အတွက် ကျွန်မမှာ သားရော သမီးပါ နှစ်ယောက်စလုံး ဆုံးရှုံးသွားရပြီ။ သို့ဖြစ်၍ ကျွန်မ အသက်ရှင်နေလို့လည်း အကျိုးမထူးတော့ပါ။ ကျွန်မဟာ ဘုရင်မင်းမြတ်၏ ကောင်းကျိုးချမ်းသာအတွက် ကျွန်မ၏ဦးခေါင်းကို မပူဇော် မပသခဲ့သည်မှာ အင်မတန်မိုက်မဲလှပါသည်။ သို့အတွက် ကျွန်မကို ကလေးများ၏ ကိုယ်ခန္ဓာများနှင့်အတူ မီးပုံထဲကိုသာ ဝင်ခွင့်ပြုပါတော့''

ထိုအခါ ဝီရဝရက ပြန်ပြောလေ၏။

''သင် စိတ်ကြိုက်သလိုသာ ပြုလုပ်ပါ၊ အသက်ရှင်နေလျှင် ကလေးများအတွက် ပူဆွေးသောကရောက်နေသည်မှတစ်ပါး ဘာမှပျော်မွေ့စရာ ရှိတော့မည် မဟုတ်''

ယင်းသို့ပြောပြီးလျှင် ဝီရဝရသည် ထင်းများကို စုပုံ၍ ထင်းပုံ၌ သူ၏သားနှင့်သမီးကို တင်လျက် မီးရှို့လိုက်လေ၏။ ထိုအခါ သူ၏ သူရဲကောင်း ဇနီး ဓမ္မဝတီကလည်း စန္ဒိနတ်သမီးအား ရှိခိုးလျက် 'ကျွန်မ၏ ယခု လင်ယောကျ်ားသည် နောင်တမလွန်ဘဝ၌လည်း ကျွန်မ၏ လင်ယောကျ်ား ဖြစ်ပါစေ။ ယခုကဲ့သို့ အသက်ကိုစွန့်လွှတ်ခြင်းအားဖြင့် ကျွန်မချစ်လင်၏ သခင်ဖြစ်သော ဘုရင်မင်းကြီးသည် ချမ်းသာသုခနှင့် ပြည့်စုံပါစေ'ဟု ဆုတောင်းလေ၏။ ယင်းသို့ ဆုတောင်းပြီးနောက် ဓမ္မဝတီသည် တောက်လောင်နေသော မီးပုံထဲသို့ ခုန်ချလိုက်၏။

ထိုအခါ သူရဲကောင်း ဝီရဝရသည် ဤသို့ တွေးတောမိလေ၏။

''ဘုရင်မင်းကြီး၏ ကောင်းကျိုးချမ်းသာ လုပ်သင့်လုပ်ထိုက်တာကို နတ်သမီး ညွှန်ကြားပြောဆိုသည့်အတိုင်း ငါ ပြုလုပ်ဆောင်ရွက်ပြီးပြီ။ ငါစားသောက်လာသော ထမင်းအတွက် အရှင်သခင်ကို ငါ ကျေးဇူးဆပ်ပြီးပြီ။ ယခုအခါ ငါတစ်ယောက်တည်းသာ ကျန်တော့သည်။ ငါ၏အသက်ကို ဘာတွယ်တာနေစရာ ရှိတော့သနည်း။ ထိန်းသိမ်းကျွေးမွေးဖို့ တာဝန်ရှိသည့် တစ်အိမ်ထောင်လုံးက အသက်ကို စွန့်လွှတ်ပြီးကြမှတော့

mgyoe.com

mgyoe.com


ကိုယ်တစ်ဦးတည်း အသက်ကို ခင်မင်နေလျှင် သင့်လျော်မည် မဟုတ်ပေ။ ထို့ကြောင့် ငါလည်း ငါ့အသက်ဖြင့် စန္ဒီနတ်သမီးအား ပူဇော်ပသတော့မည်''

ယင်းသို့ တွေးတောပြီး ဝီရဝရသည် စန္ဒီနတ်သမီးအနီးသို့ကပ်၍ 'ကျွန်ုပ်၏အသက်ကို စွန့်လွှတ်ခြင်းအားဖြင့် ကျွန်ုပ်၏သခင် ဘုရင်သုဒ္ဒကသည် အသက်စည်းစိမ်တိုးတက်ပါစေသား' ဟု ဆုတောင်းပြီး သူ၏ဦးခေါင်းကို သူ့ဓားဖြင့် ကိုယ်တိုင်ပိုင်းလိုက်လေ၏။

ထိုအဖြစ်အပျက်အားလုံးကို ဆိတ်ကွယ်ရာမှနေပြီး ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိရသော ဘုရင်သုဒ္ဒကသည် ဝမ်းနည်းခြင်း၊ အံ့သြခြင်း၊ တုန်လှုပ်ခြင်းများဖြစ်ပေါ်လာပြီး ဤသို့ စဉ်းစားမိလေ၏။

''ဤ လူ့အဖိုးတန်နှင့် သူ့တစ်အိမ်ထောင်လုံးဟာ ဘယ်နေရာမှာမှ၊ ဘယ်အခါတုန်းကမျှ မတွေ့ဖူး မကြုံဖူးခဲ့သော အံ့သြဖွယ်ရာ စွန့်လွှတ်ခြင်းမျိုးကို ငါ၏အကျိုးအတွက် စွန့်လွှတ်ခဲ့ကြသည်။ ဤကမ္ဘာလောကသည် ပြန့်ကျယ်ကြီးမားလှသော်လည်း လူသိထင်ရှား ထုတ်ဖော်ကြေညာခြင်းမရှိဘဲ တိတ်တဆိတ် ကိုယ့်သခင်အတွက် အသက်ကို ရဲရဲဝံ့ဝံ့စွန့်လွှတ်သည့်လူမျိုး ဤကမ္ဘာလောကမှာ တွေ့ဖူးပါသလော။ သူတို့၏ ဤစွန့်စားချက်ကို ငါပြန်ပြီး ဂုဏ်မပြုနိုင်လျှင် ငါ၏ တိုင်းပြည်နိုင်ငံရော၊ တိရစ္ဆာန်သဖွယ်ဖြစ်နေမည့် ငါ၏ ဤအသက် ကိုယ်ခန္ဓာရော ဘာအသုံးကျဦးမည်နည်း''

ယင်းသို့ တွေးတောစဉ်းစားပြီးလျှင် သူရဲကောင်းဘုရင်သည် သူ၏လက်သုံးတော်ဓားကို ဓားအိမ်မှဆွဲနုတ်ပြီး နတ်သမီး၏အနီးသို့ကပ်၍ 'ကျွန်ုပ်၏ ဤဦးခေါင်းကို အသင်နတ်သမီးအား ပူဇော်ပသပါမည်။ အသင်နတ်သမီးသည် ကျွန်ုပ်အား ဆုတစ်ခု ပေးသနားပါ။ မိမိ မိသားစုနှင့်တကွ ကျွန်ုပ်၏အသက်ချမ်းသာရေးအတွက် အသက်စွန့်လွှတ်သွားသူ ဝီရဝရသည် သူ၏မိသားစုနှင့်တကွ အသက်တစ်ဖန် ပြန်ရှင်ပါစေသား' ဟု ဆုတောင်းပြီးလျှင် ဓားဖြင့် ဦးခေါင်းကိုဖြတ်ရန် ချိန်ရွယ်စဉ်၌ပင် ကောင်းကင်ယံမှ အသံတစ်သံ ထွက်လာလေ၏။

''ဤကဲ့သို့ အရမ်းမဲ့မလုပ်လိုက်နှင့်၊ သင်၏သူရဲသတ္တိကို ငါနှစ်သက်

mgyoe.com

mgyoe.com


မြတ်နိုးသည်။ ဝိရဝရနှင့် သူ၏မိသားစု အသက်ရှင်ဖို့ သင် ဆုတောင်းသည်ကို ငါပေးလိုက်မည်။ သူတို့အားလုံး အသက်ပြန်ရှင်ကြစေ”

ဤမျှသာ အသံပေါ်ပေါက်လာပြီး ပျောက်ကွယ်သွားလေ၏။ ဝိရဝရသည် သူ၏ဇနီး၊ သူ၏ သားသမီးနှင့်အတူ ဒဏ်ရာအနာတရမရှိဘဲ အသက်ပြန်ရှင်လာလေ၏။ ဘုရင်သည် ပုန်းကွယ်ရာသို့ အလျင်အမြန် တစ်ဖန်ပြန်သွားပြီး ထိုထူးဆန်းအံ့ဩဖွယ် အခြင်းအရာကို ကြည့်ပြီးလျှင် ဝမ်းသာအားရဖြစ်လွန်းလှသဖြင့် ပီတိမျက်ရည်များ ကျလာလေသည်။

ဝိရဝရသည် အိပ်ရာမှ နိုးသကဲ့သို့ ပျာပျာသလဲ ထပြီးလျှင် သူ၏ကလေးများနှင့်ဇနီး အသက်ပြန်ရှင်နေသည်ကိုတွေ့ရသည့်ပြင် သူပါ အသက်မသေဘဲရှိနေသည်ကို တွေ့ရ၍ စိတ်ထဲတွင် မတွေးတတ်အောင် ဖြစ်နေလေ၏။ ထို့နောက် သူ၏ ဇနီးနှင့် သားသမီးများအား နာမည်တပ်ခေါ်လျက် ‘သင်တို့ မီးလောင်ပြာကျသွားပြီးမှ ဘယ်နည်းဘယ်ပုံ အသက်ပြန်ရှင်လာကြသနည်း။ ငါလည်း ငါ၏ဦးခေါင်းကို ဖြတ်ခဲ့သည်။ ယခုတစ်ဖန် အသက်ကို ပြန်ရှင်နေရခြင်းမှာ ဘယ်လိုအဓိပ္ပာယ်နည်း။ အမှတ်မှားနေခြင်းပင်လော၊ သို့တည်းမဟုတ် နတ်သမီး၏ တန်ခိုးဣဒ္ဓိပါဒ်ကြောင့်ပင်လော’ ဟု မေးလေ၏။

ထိုအခါ သူ့ဇနီးနှင့် သားသမီးများက ‘ကျွန်မတို့ အသက်တစ်ဖန်ပြန်ရှင်ခြင်းမှာ နတ်သမီး၏ မေတ္တာကရုဏာကြောင့်ပင် ဖြစ်ပေလိမ့်မည်’ ဟု ပြန်ပြောလေ၏။ ဝိရဝရကလည်း ထိုကဲ့သို့ပင် ယူဆလိုက်ပြီး နတ်သမီးအား ပူဇော်ကန်တော့လျက် သူ၏ကိစ္စ ပြုလုပ်ပြီးစီးသွားပြီဖြစ်၍ ဇနီးနှင့်သားသမီးများကိုခေါ်ကာ အိမ်သို့ပြန်သွားလေသည်။

သူ၏ ဇနီးနှင့် သားသမီးများကို အိမ်မှာထားခဲ့ပြီး ဝိရဝရသည် ညတွင်းချင်းပင် ဘုရင်မင်းမြတ်၏ နန်းတော်တံခါးဝသို့ သွားပြီးလျှင် ထိုနေရာတွင် ယခင်ကကဲ့သို့ပင် ရပ်၍ စောင့်နေလေ၏။ ဝိရဝရတို့၏ အခြေအနေကို မျက်ခြည်မပြတ် တိတ်တဆိတ် စောင့်ကြည့်နေသော သုဒ္ဒက ဘုရင်သည် ကိုယ်ရှိန်သတ်လျက် သူ၏နန်းတော်ပေါ်သို့ ပြန်တက်သွားပြီး ‘နန်းတော်တံခါးဝမှာ ဘယ်သူအစောင့်ရှိသလဲ’ ဟု အော်မေးလိုက်၏။ ထိုအခါ ဝိရဝရက ပြန်ပြောလေ၏။

mgyoe.com

mgyoe.com


"ကျွန်တော်မျိုး စောင့်နေပါသည်။ အရှင်မင်းကြီး အမိန့်တော်အတိုင်း ကျွန်တော်မျိုး ဟိုမိန်းမကို သွားရှာပါသည်။ သို့သော်လည်း ကျွန်တော်မျိုး သူ့ကိုတွေ့လိုက်တာနှင့် တစ်ပြိုင်နက် သူ ချက်ချင်းပျောက်ကွယ်သွားတာ တွေ့ရပါသည်"

ဝီရဝရ၏စကားကို ကြားရသည့်အခါ ဘုရင်သည် သူကိုယ်တိုင် တွေ့မြင်သိရှိထားသည်ဖြစ်၍ အထူးပင် အံ့အားသင့်သွားပြီး... 'စိတ်ထား မြင့်မြတ်သူပုဂ္ဂိုလ်တို့မှာ အမှန်တကယ်ပင် သမုဒ္ဒရာကဲ့သို့ နက်နဲတည်ကြည်ကြပါပေသည်။ ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်ကြပါပေသည်။ တဘက်ကင်းသည့် စွန့်စားမှုကို ပြုလုပ်ဆောင်ရွက်တာတောင်မှ လူသူတစ်ပါးကို ထုတ်ဖော်မပြောကြားကြပေဘူး' ဟု တွေးတောစဉ်းစားမိလေ၏။ ထိုသို့ စဉ်းစားပြီး ဘုရင်သည် နန်းတော်အပေါ်ထပ်မှ တိတ်တဆိတ် ငြိမ်သက်စွာ ဆင်းလာကာ သူ၏ အိပ်ခန်းဆောင်ထဲသို့ ဝင်သွားပြီးလျှင် အိပ်စက်လေ၏။

နံနက်မိုးလင်းသောအခါ ဝီရဝရသည် ညီလာခံသဘင်၌ ဘုရင့်ထံမှောက်တွင် ဝင်ရောက်ခစားလေ၏။ ဝီရဝရကို အကျေနပ်ကြီး ကျေနပ်၍ နေသော ဘုရင်သည် ယမန်နေ့ညက ဝီရဝရ ဆောင်ရွက်ခဲ့သမျှကို မှူးမတ် ပရိသတ်များအား တစ်ဆင့်ပြောပြလေ၏။ ထိုအခါ မင်းပရိသတ်အားလုံးမှာ အံ့သြမဆုံး ဖြစ်နေလေ၏။ ထို့နောက်တွင် ဘုရင်သည် ဝီရဝရနှင့် သူ၏သား အား ဂုဏ်ပြုလေးစားသောအားဖြင့် တာနာရပြည်ကို အပိုင်စားပေး သနားလိုက်လေသည်။ ထိုအချိန်မှ အစပြုပြီး ဝီရဝရနှင့် သုဒ္ဒက ဘုရင်နှစ်ပါးသည် တန်ခိုးအာဏာ တူညီစွာဖြင့် ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ကြပြီးလျှင် အချင်းချင်း တစ်ပြည်နှင့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်လျက် စိုးမိုးအုပ်ချုပ်မင်းလုပ်ကြလေသည်။ အစိမ်းက ထိုအံ့ဖွယ်သူရဲပုံဝတ္ထုကို ပြောပြပြီးသည့်နောက် တရိဝိက္ကမသေနဘုရင်အား 'အို... ဘုရင်၊ ထိုပုဂ္ဂိုလ်များအနက် အဘယ်ပုဂ္ဂိုလ်သည် သူရသတ္တိအရှိဆုံးပုဂ္ဂိုလ်ဖြစ်သနည်း။ သင် ဘုရင်မင်းကြီးသည် သိပြီးပြောမပြလို့ရှိလျှင် ကျွန်ုပ် ယခင်က ပြောပြဖူးသည့် ကျိန်စာသည် သင်မင်းကြီးအား သင့်ပါလိမ့်မည်' ဟု ထပ်လောင်းပြောပြလေသည်။

ယင်းမေးခွန်းကို ကြားရသည့်အခါ ဘုရင် တရိဝိက္ကမသေနက 'ထိုပုဂ္ဂိုလ်များအနက် ဘုရင်သုဒ္ဒကသည် သူရသတ္တိအရှိဆုံးပုဂ္ဂိုလ်ဖြစ်ပါ၏'

mgyoe.com

mgyoe.com


ဟု ပြန်ကြားပြောဆိုလေသည်။ အစိမ်းက ထပ်မေးပြန်လေသည်။

"ကမ္ဘာပေါ်မှာ ပြိုင်ဘက်ကင်းအောင် ထူးခြားနေသည့် ဝီရဝရသည် သူရသတ္တိနှင့် အပြည့်စုံဆုံးပုဂ္ဂိုလ်ဖြစ်သည် မဟုတ်လော။ မိခင်တစ်ဦး ဖြစ်လျက်နှင့် ကိုယ့်ရင်သွေးကိုသတ်ပြီး ယဇ်ပူဇော်နေသည်ကို ကြည့်နေသည့် သူ၏ဇနီးသည် သတ္တိအရှိဆုံး မဟုတ်လော။ ကလေးသူငယ်ပင်ဖြစ်စေကာမူ ထိုကဲ့သို့ ရဲရဲဝံ့ဝံ့ အသေခံပြလိုက်သည့် သားငယ် သတ္တဝရသည် အရဲရင့်ဆုံး မဟုတ်လော။ ဘုရင်သုဒ္ဒက သူတို့ထက် ပိုမိုလွန်ကဲပြီး သူရသတ္တိရှိသည်ဟု သင် ဘာကြောင့်ပြောရသနည်း"

အစိမ်းက ယင်းသို့မေးသည့်အခါ ဘုရင် တရိဝိက္ကမသေနက ပြန်ပြောလေသည်။

"ထိုကဲ့သို့ မပြောပါနှင့်၊ ဝီရဝရသည် မြင့်မြတ်သည့် အမျိုးအနွယ်ထဲက ဖြစ်သည်။ သူတို့၏အမျိုးအနွယ်၌ ထုံးစံတစ်ခုရှိသည်မှာ တိုင်းပြည်နိုင်ငံကို ကာကွယ်ရန်အတွက် ကိုယ့်အသက်ကိုသော်လည်းကောင်း၊ ကိုယ့်သားမယားကိုသော်လည်းကောင်း စွန့်လွှတ်ရလေသည်။ သူ၏ဇနီးမှာလည်း အမျိုးမြတ်သည့်အထဲကဖြစ်၍ သူ၏ လင်ယောကျ်ားကိုသာလျှင် ကိုးကွယ်ပြီး သူ၏လင်ယောကျ်ား ချမှတ်သည့် လမ်းစဉ်အတိုင်း သွားဖို့ရန်မှာ သူ၏တာဝန်ဝတ္တရား ဖြစ်သည်။ သားငယ် သတ္တဝရမှာလည်း သူတို့၏ သားဖြစ်၍ တစ်နွယ်ငင် တစ်စင်ပါဖြစ်ပြီး ထိုကဲ့သို့ စွန့်စားသည်မှာ မထူးဆန်းလှပေ။ သုဒ္ဒကဘုရင်သည်သာလျှင် သူတို့ထက် သူရသတ္တိအရာ၌ ပိုမိုလွန်ကဲလေ၏။ အကြောင်းမူကား သူသည် သူ့အသက်ရှင်ရန် အသက်ကို စွန့်လွှတ်သွားသူများအတွက် အသက်ပြန်ရှင်ရန် အသက်ကို ရဲရဲဝံ့ဝံ့ စွန့်လွှတ်လိုက်သောကြောင့် ဖြစ်ပေ၏"

အစိမ်းက ထိုစကားကို ကြားရသည့်အခါ သူ၏ကမ္ဗဇိဒ္ဓိတန်ခိုးဖြင့် တရိဝိက္ကမသေနဘုရင်၏ ပခုံးပေါ်မှ ခွဲခွာပြီးလျှင် ယခင်နေရာဟောင်းသို့ ပြန်လေ၏။ သို့သော်လည်း ဘုရင်သည် မြဲမြံသော၊ ခိုင်ခံ့သော ဇွဲဖြင့် ထိုည၌ပင် အစိမ်းကို တစ်ဖန်ပြန်ဖမ်းရန် သွားပြန်လေသည်။

❒

mgyoe.com

mgyoe.com

## ၅။ သတို့သား သုံးဦး

တရိဝိက္ကမသေနဘုရင်သည် လက်ပံပင်သို့ ပြန်သွားသောအခါ ယခင်အတိုင်း ပင် သစ်ပင်ပေါ်မှ တွဲလွဲဆွဲကျ၍နေသော အစိမ်းပူးနေသည့် အလောင်းကောင်ကို တစ်ဖန် တွေ့ရပြန်သည်ဖြစ်၍ ထိုအလောင်းကောင်ကို ဆွဲချလျက် အလောင်းကောင်အား မကျေချမ်းသည့် အမူအရာ တစ်ချက်ပြပြီးလျှင် သူသွားရမည့်နေရာသို့ ခပ်သုတ်သုတ် ထွက်လာခဲ့ပြန်လေသည်။ ယင်းကဲ့သို့ ယခင်နည်းအတိုင်း ညအချိန်မတော် သုသာန်သင်္ချိုင်းကိုဖြတ်လျက် တိတ်ဆိတ်ငြိမ်သက်စွာ သူ့လမ်းသူပြန်လာသည့်အခါ ပခုံးပေါ်တွင် ထမ်းပိုးထားရသော အစိမ်းက သူ့အား ပြောလေ၏။

"အို… ဘုရင်မင်းကြီး၊ သင် မင်းကြီးသည် ပျင်းရိငြီးငွေ့ဖွယ် ကောင်းသော တာဝန်ဝတ္တရားကို ထမ်းရွက်နေပါသည်။ ကျွန်ုပ်သည် သင် မင်းကြီးကို တွေ့မြင်သည့်ခဏမှစပြီး ချစ်ခင်ကြည်ညိုပါသည်။ သို့ဖြစ်၍ သင် စိတ်ပြေလက်ပျောက်ရှိစေရန်အလို့ငှာ ကျွန်ုပ် ပုံဝတ္ထုတစ်ခုကို ပြောပြပါမည်"

* * *



mgyoe.com

mgyoe.com


ရှိလေသည်။ သူ၏အမည်မှာ ဟရိဗာမိဟု ခေါ်လေသည်။ သူ့မှာ မျိုးတူဇာတ်တူ ဇနီးနှင့်ရသည့် သားတစ်ယောက် ရှိလေသည်။ ထိုသား၏ အမည်မှာ ဒေဝဗာမိဟုခေါ်ပြီး သူ့ဖခင်ကဲ့သို့ပင် ဩဇာတိက္ကမ ရှိသူတစ်ဦး ဖြစ်လေသည်။ ထို့ပြင် သမီးတစ်ယောက်လည်း ရှိလေသည်။ သမီး၏အမည်နာမမှာ သောမပဘာဟုခေါ်ပြီး သူ၏တုဖက်ကင်းသည့် အလှကြောင့် ထင်ပေါ်ကျော်ကြား၍ နေလေသည်။ အချိန်တန်အရွယ်ရောက်လာသည့်အခါ သောပဘာသည် သူ၏အလှဂုဏ်ကြောင့် မာန်မာနတက်ကြွပြီးလျှင် သူ၏မိခင်မှတစ်ဆင့် သူ၏ဖခင်နှင့် မောင်အား သူ၏ကြင်ဖက်လောင်းနှင့်ပတ်သက်ပြီး အင်္ဂါရပ်များကို သတ်မှတ်ပြောပြလေ၏။

"သူရသတ္တိနှင့် ပြည့်စုံသောသူကိုလည်းကောင်း၊ ဉာဏ်ပညာနှင့်ပြည့်စုံသောသူကိုလည်းကောင်း၊ သို့တည်းမဟုတ် ပဥ္စလက်အတတ်ပညာနှင့်ပြည့်စုံသောသူကို လည်းကောင်း အဲဒီပုဂ္ဂိုလ်ထဲက တစ်ဦးဦးကိုသာ ကျွန်မကြင်ရာအဖြစ် ရွေးပါမည်။ ကျွန်မ၏အသက်ကို တန်ဖိုးထားလျှင် အဲဒီအင်္ဂါနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မှတစ်ပါး တခြားမည်သည့်ပုဂ္ဂိုလ်နှင့်မှ ကျွန်မကို မပေးစားပါနှင့်"

ဖခင် ဟရိဗာမိသည် သူ့သမီး၏စကားကို ကြားရသည့်အခါ ပူပင်သောကရောက်သွားပြီး သမီးပြောပြသည့် အင်္ဂါသုံးခုထဲက တစ်ခုခုနှင့်ညီညွတ်မည့် သမက်လောင်းကို အထူးကြိုးစားပြီး ရှာဖွေလေ၏။ ယင်းကဲ့သို့သမီးအတွက် သတို့သားကို ရှာဖွေနေစဉ်မှာပင် အမတ်ကြီး ဟရိဗာမိအားဘုရင်ပုညသေနက သူ့တိုင်းနိုင်ငံသို့ စစ်ချီလာသော ဒက္ခိဏတိုင်းဘုရင်နှင့်စေ့စပ်ရန် အလို့ငှာ သံတမန်အဖြစ်ဖြင့် စေလွှတ်လိုက်လေ၏။ အမတ်ကြီးဟရိဗာမိသည် သူ့အား ပေးအပ်လိုက်သည့် တာဝန်ဝတ္တရားတို့ကို ဆောင်ရွက်ပြီးစီးသည့်အခါ ဗြာဟ္မဏ အမျိုးကောင်းသားတစ်ယောက်သည် အမတ်ကြီးသမီး၏ ပြိုင်ဘက်ကင်းသည့် အလှဂုဏ်သတင်းကို ကြားသိရသည်ဖြစ်၍အမတ်ကြီးထံလာပြီး သူနှင့်လက်ထပ်ဖို့ရန် အသနားခံလေ၏။ ဟရိဗာမိကထိုဗြာဟ္မဏလုလင်အား ပြောလေသည်။

"ငါ့သမီးသည် သူရသတ္တိသော်လည်းကောင်း၊ ဉာဏ်ပညာသော်လည်းကောင်း၊ ပဥ္စလက်အတတ်သော်လည်းကောင်း အဲဒီဂုဏ်အင်္ဂါထဲက

mgyoe.com

mgyoe.com

တစ်ခုခုနှင့် မပြည့်စုံသည့် ဘယ်ယောကျ်ားကိုမျှ ထိမ်းမြားလက်ထပ်လိမ့်မည် မဟုတ်။ သို့ဖြစ်၍ သင်ဗြာဟ္မဏလုလင်က အဲဒီအင်္ဂါရပ်ထဲက ဘယ်အင်္ဂါနှင့် ပြည့်စုံသည်ဆိုသည့်အချက်ကို ပြောပြပါ''

ယင်းကဲ့သို့ ဟရိဗာမိက မေးလိုက်သည့်အခါ ဗြာဟ္မဏလုလင်က 'ကျွန်ုပ် ပဉ္စလက်အတတ် တတ်ပါသည်' ဟု ပြောလေ၏။

''ဒါဖြင့် သင်၏ပဉ္စလက်အတတ်ကို ပြစမ်းပါ''

ယင်းသို့ ဟရိဗာမိက ပြောသည့်အခါ ဗြာဟ္မဏလုလင်သည် သူ၏ ပဉ္စလက်အတတ်ပညာစွမ်းရည်ဖြင့် မဆိုင်းမတွပင် လေထဲတွင် ပျံသွားနိုင်သည့် ယာဉ်ရထားတစ်စင်းကို ဖန်ဆင်းလိုက်လေ၏။ ထိုခဏ၌ပင် ဗြာဟ္မဏ လုလင်သည် ဟရိဗာမိအား ပဉ္စလက်ယာဉ်ရထားဖြင့် တင်ခေါ်သွားလျက် ကောင်းကင်ဘုံနှင့်တကွ ဘုံဗိမာန်အဆောင်ဆောင်ကို ပြလေ၏။ ထို့နောက် အမတ်ကြီးအား သူတာဝန်ကိစ္စနှင့်ရောက်လာသည့် ဒက္ခိဏတိုင်းဘုရင်၏ ယာယီတဲနန်းသို့ တစ်ဖန်ပြန်ခေါ်လာခဲ့လေသည်။ ထိုအခါ ဟရိဗာမိသည် ကျေနပ်အားရသွားပြီးလျှင် ထိုပဉ္စလက်အတတ်ပညာနှင့် ဗြာဟ္မဏလုလင်အား သူ့သမီးကို လက်ထပ်ထိမ်းမြားဖို့ ကတိပေးပြီး ထိုနေ့မှ ခုနစ်ရက်မြောက်နေ့၌ လက်ထပ်မင်္ဂလာပွဲ ကျင်းပပေးမည်ဟု မင်္ဂလာနေ့ကိုပါ တစ်ခါတည်း သတ်မှတ်လိုက်လေ၏။

ထိုအချိန်အတောအတွင်း ဥဇ္ဇေနီတိုင်းပြည်သား အခြားဗြာဟ္မဏ တစ်ဦးသည် ဟရိဗာမိ၏သား ဒေဝဗာမိအထံသို့လာပြီး သူ၏နှမနှင့် လက်ထပ်ပေးစားရန် အသနားခံလေ၏။ ထိုအခါ ဒေဝဗာမိက 'ကျွန်ုပ်၏ နှမသည် ဉာဏ်ပညာနှင့်သော်လည်းကောင်း၊ သူရသတ္တိနှင့်သော်လည်း ကောင်း၊ ပဉ္စလက်အတတ်နှင့်သော်လည်းကောင်း မပြည့်စုံသည့်ပုဂ္ဂိုလ်ကို လက်ထပ်လိုစိတ်မရှိ' ဟု ပြန်ပြောလိုက်လေ၏။ ထိုအခါ ထိုဗြာဟ္မဏက သူ သူရသတ္တိနှင့် ပြည့်စုံပါသည်ဟု ပြောပြလေ၏။ ထို့နောက် ထိုသူရသတ္တိရှင်သည် ဓားခုတ်၊ လှံထိုး စသည့် သူရဲကောင်း အတတ်ပညာကျွမ်းကျင်လိမ္မာပုံကို ပြသသည့်အခါ ဒေဝဗာမိသည် သူ၏နှမနှင့် ပေးစားဖို့ သဘောတူလိုက်လေ၏။ ထို့ပြင် သူ့ဖခင်က အခြားဗြာဟ္မဏလုလင်တစ်ဦးအား သတ်မှတ်လိုက်သည့် ခုနစ်ရက်မြောက်နေ့ကိုပင် နက္ခတ်ဗေဒင်ပညာရှိတို့

mgyoe.com


၏ညွှန်ကြားချက်ဖြင့် မောင်လုပ်သူကလည်း သူ့မိခင် ဖခင်မသိဘဲ လက်ထပ်မင်္ဂလာပွဲအတွက် နေ့ကောင်းရက်သာအဖြစ် သတ်မှတ်လိုက်လေ၏။

တစ်နေ့တည်းမှာပင် တတိယလုလင်တစ်ဦးကလည်း ဟရိဗာမိ၏ ဇနီးဖြစ်သူ သတို့သမီး၏ မိခင်ထံလာပြီး တိုးတိုးတိတ်တိတ် သူ့သမီးနှင့် ပေးစားဖို့ တိုးလျှိုးတောင်းပန်လေ၏။ သတို့သမီးမိခင်က 'ငါ့သမီးက အသိဉာဏ်ပညာနှင့်သော်လည်းကောင်း၊ သူရသတ္တိနှင့်သော်လည်းကောင်း၊ ပဥ္စလက်အတတ်ပညာနှင့်သော်လည်းကောင်း ပြည့်စုံသည့် သတို့သားကိုမှ ကြင်ဖက်အဖြစ် ရွေးကောက်ဖို့ စိတ်ပိုင်းဖြတ်ထားသည်' ဟု ပြောလိုက်သည့် အခါ ထိုလုလင်က သူ အသိဉာဏ်ပညာနှင့် ပြည့်စုံပါသည်ဟု ပြန်ပြောလေ၏။ အတိတ်၊ အနာဂတ်နှင့် ပတ်သက်ပြီး မေးခွန်းအသင့်အတင့်ကို မေးမြန်းသည့်အခါ မိခင်လုပ်သူက ထိုလုလင်အား ကျေနပ်သွားပြီး ထိုခုနစ်ရက်မြောက်နေ့၌ပင် သူ့သမီးနှင့် လက်ထပ်ထိမ်းမြားပေးမည်ဟု ဝန်ခံကတိပေးလိုက်လေ၏။

နောက်နေ့တွင် ဟရိဗာမိသည် အိမ်သို့ပြန်လာခဲ့လေသည်။ သူ၏ မယားနှင့်သားအား သူ့သမီး လက်ထပ်ထိမ်းမြားရေးအတွက် သူပေးလာခဲ့သည့် ဝန်ခံကတိအကြောင်းကို ပြောပြလေ၏။ သူ့မယားနှင့် သားကလည်း အသီးသီး သူတို့ကတိပေးထားသည့်အကြောင်းကို ပြောပြလေသည်။ ဤတွင် ဟရိဗာမိသည် စိတ်အကြီးအကျယ်ညစ်သွားလေ၏။ အကြောင်းမူကား သတို့သား သုံးဦးစလုံးကို ကတိပေးထားပြီးဖြစ်နေသောကြောင့် ဖြစ်လေ၏။

ထို့နောက် သတ်မှတ်ထားသည့် မင်္ဂလာနေ့ရက်သို့ ရောက်သောအခါ သတို့သား သုံးဦးစလုံး ဟရိဗာမိ၏ အိမ်သို့ရောက်လာကြလေ၏။ ထိုအခိုက် အိမ်၌ ဆန်းကြယ်သော အဖြစ်အပျက်တစ်ခု မမျှော်လင့်ဘဲ ဖြစ်ပေါ်ခဲ့လေ၏။ သတို့သမီး သောမပဘာသည် ထူးထူးဆန်းဆန်း ရုတ်တရက်ပျောက်သွားလေ၏။ ပိုက်စိပ်တိုက်ပြီး လိုက်လံရှာဖွေပါသော်လည်း သတို့သမီးပျောက်ကို ရှာ၍ မတွေ့ကြပေ။ ထိုအခါ ဟရိဗာမိသည် စိုးရိမ်တကြီးဖြင့် အသိဉာဏ်ပညာရှင် သတို့သားအား 'ငါ့သမီး ဘယ်ရောက်သွားတယ်ဆိုတာ ပြောပြနိုင်လျှင် ပြောပြပါ' ဟု ပြောလေ၏။ အသိဉာဏ်ပညာရှင် သတို့သား

mgyoe.com

mgyoe.com


က ထိုစကားကို ကြားရသောအခါ 'ခင်ဗျားသမီးကို ရက္ခိုက်စူမရသီခက ဝိန္ဓယာတောင်မှာရှိတဲ့ သူ့လိုဏ်ဂူထဲ ခေါ်သွားတယ်' ဟု ပြောလေ၏။

အသိပညာရှင် သတို့သားက ထိုကဲ့သို့ ပြောပြသည့်အခါ ဟရိဗာမိသည် ထိတ်လန့်တုန်လှုပ်သွားပြီးလျှင် 'အမယ်လေး၊ ဒီလိုဆိုလျှင် ငါတို့ သူ့ကို ဘယ်လိုလုပ်ပြန်ခေါ်ပါ့မလဲ။ သူ ဘယ်လိုလုပ်ပြီး လက်ထပ်ထိမ်းမြားနိုင်တော့မလဲ' ဟု စိုးရိမ်ကြီးစွာဖြင့် ပြောလေ၏။ ထိုအခါ ပဥ္စလက်အတတ်ပညာရှင်က 'မစိုးရိမ်ပါနှင့်၊ ကျွန်ုပ် ခင်ဗျားကို အသိပညာ ဉာဏ်ရှင် ပြောပြတဲ့နေရာကို အခုချက်ချင်းခေါ်သွားမယ်' ပြောလေ၏။ ထိုသို့ပြောပြီး သူသည် ယခင်နည်းအတိုင်း လေထဲမှာ ပျံသန်းနိုင်သည့် ယာဉ်ရထားတစ်စင်းကို လက်နက်မျိုးစုံနှင့်တကွ ဖန်ဆင်းပြီးလျှင် ထိုခဏ၌ပင်လျှင် အသိဉာဏ်ပညာရှင် ပြောပြသည့် ဝိန္ဓယာတောင်ရှိ ရက္ခိုက်၏ လိုဏ်ဂူထဲသို့ ဟရိဗာမိကို အသိပညာရှင်၊ သူရသတ္တိရှင်တို့နှင့် အတူတကွ ယာဉ်ရထားဖြင့် တင်ခေါ်လာခဲ့လေ၏။ သူတို့ ရက္ခိုက်၏ လိုဏ်ဂူသို့ ရောက်လာသည့်အခါ ရက္ခိုက်ဘီလူးသည် ဒေါသဖြင့် ဝုန်းခနဲ တိုးထွက်လာလေသည်။

ထိုအခါ ဟရိဗာမိက အားကိုးအားထားဖြင့် ခေါ်လာခဲ့သော သူရသတ္တိရှင်သည် ရက္ခိုက်ဘီလူးကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့ရန် အသင့်ပြင်လိုက်သည်။ ထို့နောက် သူရသတ္တိရှင်နှင့် ရက္ခိုက်ဘီလူးတို့အကြားဝယ် ထိတ်လန့်အံ့သြဖွယ်တိုက်ပွဲ ဖြစ်ပွားခဲ့လေသည်။ နှစ်ဦးလုံးသည် ရာဝဏဘီလူးနှင့် ရာမမင်းကဲ့သို့ မိန်းမတစ်ဦးအတွက် လက်နက်အမျိုးမျိုးဖြင့် အပြန်အလှန် ပစ်ခတ်ကြလေ၏။ မကြာမြင့်မီအတွင်းမှာပင် သူရဲကောင်းလုလင်သည် ကြောက်မက်ဖွယ် အသွင်ဆောင်နေသည့် ရက္ခိုက်ဘီလူး၏ ဦးခေါင်းကို မြားဖြင့်ပစ်ခွင်း ပိုင်းဖြတ်ပစ်လိုက်လေ၏။ ရက္ခိုက်ဘီလူးကျဆုံးသွားသောအခါ လိုဏ်ဂူထဲတွင်ရှိနေသော သောမပဘာကို ယူဆောင်ပြီး သူတို့သည် ပဥ္စလက်အတတ်ပညာရှင်၏ ယာဉ်ရထားဖြင့် အိမ်သို့ ပြန်လာခဲ့ကြလေ၏။

ဟရိဗာမိ၏ အိမ်သို့ ပြန်ရောက်သောအခါ သတ်မှတ်သည့် မင်္ဂလာအခါရောက်ရှိလာပြီဖြစ်သော်လည်း မင်္ဂလာအခမ်းအနားကိစ္စကို မစကြရ

mgyoe.com

mgyoe.com


သေးဘဲ သတို့သားသုံးဦးသည် အငြင်းအခုံ ဖြစ်နေကြလေ၏။ အသိဉာဏ် ပညာရှင်က ပြောလေသည်။

"ကျွန်ုပ်သာ ဒီသတို့သမီး ဘယ်ရောက်နေတယ်ဆိုတာ ပြောမပြလျှင် သူ့ကို ဘယ်လိုလုပ် ရှာလို့တွေ့မည်နည်း။ သို့ဖြစ်၍ သူ့ကို ကျွန်ုပ်သာ ရထိုက်သည်"

ပဉ္စလက်အတတ်ပညာရှင်က အရေးဆို၏။

"ကျွန်ုပ်သာ လေထဲမှာ ပျံသန်းနိုင်သည့် ဒီယာဉ်ရထားကို မဖန်ဆင်းလျှင် သင်တို့ နတ်ဒေဝတာများလို ဟိုကိုသွားပြီး ဒီကို ချက်ချင်း ဘယ်မှာ ပြန်လာလို့ရမည်နည်း။ ယာဉ်ရထားမရှိဘဲနှင့် သင်တို့ ဘယ်လိုလုပ်ပြီး ယာဉ်ရထားရှိတဲ့ ရက္ခိုက်ဘီလူးကို တိုက်ခိုက်နိုင်မည်နည်း။ သို့ဖြစ်၍ ကျွန်ုပ်အားသာလျှင် သတို့သမီးကို ပေးထိုက်လေသည်။ အကြောင်းမူကား ကျွန်ုပ်၏အတတ်ပညာအစွမ်းဖြင့်သာလျှင် သတို့သမီးကို မင်္ဂလာချိန်ခါမီ ပြန်ရရှိလာခဲ့ခြင်း ဖြစ်သည်"

သူရဲကောင်း လုလင်သည် စောဒကတက်လေ၏။

"ကျွန်ုပ်ကသာလျှင် ရက္ခိုက်ဘီလူးကို ကိစ္စတုံး မစီရင်လိုက်လို့ရှိလျှင် ဒီသတို့သမီးကို ဘယ်သူ ဒီပြန်ခေါ်လာနိုင်မည်နည်း။ ထို့ကြောင့် ဒီသတို့သမီးသည် ကျွန်ုပ်နှင့်သာလျှင် လက်ထပ်ထိမ်းမြားထိုက်သည်"

ယင်းသို့အားဖြင့် သုံးဦးသား အချင်းများနေလေရာ ဟရိဗာမိသည် ပါးစပ်အဟောင်းသားနှင့် ငေးမောနားထောင်ပြီး စိတ်ထဲမှာ ဝေခွဲမရနိုင် ဖြစ်နေရှာလေ၏။

* * *

"ကဲ… ဘုရင်မင်းကြီး ပြောပါဦး၊ ဘယ်လုလင်သည် သတို့သမီးကို ရထိုက်ပါသနည်း။ အသင်မင်းကြီး သိလျက်နှင့် ပြောမပြလို့ရှိလျှင် သင်မင်းကြီး၏ ဦးခေါင်းသည် ဟက်တက်ကွဲသွားပါလိမ့်မည်"

အစိမ်းထံမှ ထိုစကားကြားရသောအခါ တရိဝက္ကမသေနဘုရင်သည် အစိမ်းအား ဤသို့ပြောပြလေသည်။

"သတို့သမီးကို သူရဲကောင်းလုလင်ကသာလျှင် ရထိုက်ပါသည်။

mgyoe.com

mgyoe.com


အကြောင်းမူကား သူသည် မိမိ၏လက်ရုံးရည်ဖြင့် အသက်ဆံဖျား စွန့်စားပြီး ရက်ရှိုက်ဘီလူးအား တိုက်ခိုက်သတ်ဖြတ်လျက် သတို့သမီးကို ကယ်ဆယ်ခဲ့သူ ဖြစ်ပါသည်။ အသိဉာဏ်ပညာရှင်နှင့် ပဥ္စလက်အတတ် ပညာရှင်တို့မှာကား မိမိတို့ လက်နက်ကိရိယာအဖြစ်ဖြင့် အကျိုးပြုရန်အတွက် ဘုရားသခင်က ဖန်ဆင်းထားသူများသာ ဖြစ်ကြပေ၏။ လက်နက်ကိရိယာရှိသူများနှင့် ပရိယာယ်ကြွယ်ဝသူများသည် သူတစ်ပါး၏ အကူအညီ အထောက်အပံ့ များသာလျှင် ဖြစ်သည် မဟုတ်ပါလော"

ဘုရင်မင်းကြီးထံမှ ယင်းအဖြေကို ကြားသိရသည့် အစိမ်းသည် ယခင်နည်းအတိုင်း ဘုရင်မင်းကြီး၏ပခုံးပေါ်မှ ခွာခဲ့ပြီးလျှင် သူ့နေရာဟောင်းသို့ ပြန်သွားလေ၏။ ထိုအခါ ဘုရင်မင်းကြီးသည် အနည်းငယ်မျှ အားမလျှော့ဘဲ အစိမ်းကိုရှာရန် တစ်ဖန် နောက်ကြောင်းသို့ ပြန်သွားပြန်လေသည်။

❐

mgyoe.com

mgyoe.com

# ၆။ လင့်ခေါင်းနှင့် မောင့်ကိုယ်

တရိပိဋကမသေနဘုရင်သည် လက်ပံပင်သို့ တစ်ဖန်သွားပြီးလျှင် လက်ပံပင်မှ အစိမ်းသရဲကို ယခင်နည်းအတိုင်း ပခုံးဖြင့် ထမ်းယူခဲ့ပြီး ခပ်သုတ်သုတ် တိတ်တဆိတ်ပြန်လာခဲ့လေ၏။ လမ်းခရီး၌ အစိမ်းသရဲက ဘုရင်အား ပြောပြသည်။

"အို… ဘုရင်မင်းကြီး၊ သင်မင်းကြီးသည် ဉာဏ်ပညာလည်း ရှိသည်။ သူရသတ္တိနှင့်လည်း ပြည့်စုံသည်။ ကျွန်ုပ်သည် သင်မင်းကြီးအား ချစ်ခင်မြတ်နိုးပါသည်။ ထို့ကြောင့် သင်မင်းကြီးအား စိတ်ပါဝင်စားဖွယ် ပုံဝတ္ထုတစ်ခုကို ကျွန်ုပ် ပြောပြပါမည်။ ပုံဝတ္ထုဆုံးသည့်အခါ ကျွန်ုပ်၏ အမေးပုစ္ဆာကိုလည်း ဆင်ခြင်စဉ်းစားပါဦး"

* * *

ကမ္ဘာမြေပြင်ပေါ်၌ ယက္ခကေတုအမည်ရှိသည့် ထင်ပေါ်ကျော်ကြားသော ဘုရင်တစ်ပါး ရှိလေသည်။ ထိုဘုရင်မင်းကြီး၏ ရာဇဌာနီ နေပြည်တော်မှာ သောဘာဝတီဟု ခေါ်တွင်လေ၏။ ထိုမင်းနေပြည်တော်၌ ခမ်းနားကြီးကျယ်သော သိဝနတ်ကွန်းတစ်ခု ရှိလေသည်။ ထိုနတ်ကွန်း၏ တောင်ဘက်၌ ဂေါရီတိတ္ထအမည်ရှိ ရေကန်ကြီးတစ်ခု ရှိလေသည်။ နှစ်စဉ်နှစ်

mgyoe.com

mgyoe.com


တိုင်း ဝါဆိုလပြည့် နက္ခတ်ပွဲသဘင်နေ့ကျလျှင် ဒေသအသီးသီးမှ များလှစွာသော လူတို့သည် ထိုရေကန်သို့ ရေလာချိုးကြသည်။

တစ်ကြိမ်တွင် ထိုပွဲသဘင်နေ့၌ ဗြဟ္မာဋ္ဌာလအမည်ရှိသော ရွာတစ်ရွာမှ ဓဝလအမည်ရှိသော ခဝါသည်တစ်ဦးသည် ထိုရေကန်သို့ရေချိုးရန် လာလေသည်။ ထိုနေရာ၌ သူသည် မြင့်မြတ်သည့်ရေကိုချိုးရန် ရောက်ရှိလာသူ သုဒ္ဓပတအမည်ရှိ လူတစ်ယောက်၏သမီးပျိုဖြစ်သော မဒနသုန္ဒရီအမည်ရှိ မိန်းမပျိုကို တွေ့ရလေ၏။ ထိုအခါ လမင်းထက်ပင် ကျက်သရေရှိသော ထိုမိန်းမပျိုအား စွဲလမ်းနှစ်သက်သွားလေ၏။ မိန်းမပျို၏ အမည်နာမနှင့်တကွ မိဘဆွေမျိုးများအကြောင်းကို စုံစမ်းမေးမြန်းပြီးသောအခါ သူသည် အချစ်ဝေဒနာကို ခံစားရင်း အိမ်သို့ပြန်သွားလေသည်။ အိမ်ပြန်ရောက်သောအခါ မိန်းမပျိုနှင့် ကင်းကွာနေရသဖြင့် မစားနိုင် မအိပ်နိုင်နှင့် ဂဏှာမငြိမ်ဖြစ်နေလေသည်။ မိခင်လုပ်သူက အကျိုးအကြောင်း မေးကြည့်သောအခါ ဟုတ်တိုင်းမှန်ရာကို ဖွင့်ဟပြောဆိုလေသည်။ မိခင်ဖြစ်သူသည် ဓဝလ၏ ဖခင်ဖြစ်သူ သူ့ယောကျ်ား ဝိမလအား သားဖြစ်သူ၏အကြောင်းကို တစ်ဆင့်ပြောပြလိုက်လေ၏။ ထိုအခါ ဖခင်ဖြစ်သူက မိမိသားအား ပြောလေသည်။

"သား၊ လွယ်လင့်တကူရရှိနိုင်သည့်အရာအတွက် သင် ဘာကြောင့် ယခုလောက် စိတ်ပျက်အားလျော့နေရသနည်း။ ငါ သွားတောင်းလျှင် သုဒ္ဓပတဟာ သူ့သမီးကို သင်နှင့် လက်ဆက်ပေးမည်မှာ အမှန်ပင် ဖြစ်သည်။ အကြောင်းမူကား သူနှင့် ငါတို့ဟာ မျိုးရိုး၊ ပစ္စည်းဥစ္စာ၊ အလုပ်အကိုင်အားလုံးပင် တစ်ဦးနှင့်တစ်ဦး တူကြသည်။ ငါကလည်း သူ့ကို ကောင်းကောင်းသိသည်။ သူကလည်း ငါ့ကို ကောင်းကောင်းသိသည်။ သို့အတွက် ထိုကိစ္စကို စီစဉ်ဖို့ရန်မှာ ခက်ခဲသည့်အလုပ် မဟုတ်ပေဘူး"

ဝိမလသည် သူ့သားအား ဤသို့နှစ်သိမ့်စေပြီးလျှင် အစားအသောက်များကို အစားခိုင်းလေ၏။ နောက်တစ်နေ့တွင်မူ သူသည် သားဖြစ်သူကို တစ်ပါတည်းခေါ်ခဲ့ပြီး သုဒ္ဓပတ၏အိမ်သို့ သွားလေ၏။ သုဒ္ဓပတ၏အိမ်သို့ ရောက်သောအခါ ဝိမလသည် သုဒ္ဓပတအား သမီးဖြစ်သူကို သူ့သား ဓဝလနှင့် ပေးစားရန် စကားကမ်းလှမ်းလေသည်။

mgyoe.com

mgyoe.com


သုဒ္ဓပတကလည်း ရှောရှောရှူရှူဖြင့်ပင် သူ့သမီးကို ဝိမလ၏သား ဓဝလနှင့် ပေးစားပါမည်ဟု ကတိပြုလေသည်။ ထို့နောက် နေ့ကောင်းရက်သာကို ရွေးပြီးလျှင် နောက်တစ်နေ့တွင် သုဒ္ဓပတသည် သမီးဖြစ်သူ မဒနသုန္ဒရီအား မျိုးတူ ဓဝလနှင့် လက်ထပ်ထိမ်းမြားပေးလိုက်သည်။ ဓဝလသည် မဒနသုန္ဒရီနှင့် လက်ထပ်ထိမ်းမြားပြီးသောအခါ သူ့ဇနီးကိုပါ ခေါ်ခဲ့ပြီး ဖခင်၏အိမ်သို့ အောင်မြင်သူတစ်ဦးအဖြစ်ဖြင့် ပြန်လာခဲ့လေသည်။ ဇနီးဖြစ်သူ မဒနသုန္ဒရီမှာလည်း ဓဝလအား မြင်မြင်ချင်း ချစ်ကြိုက်သွားလေသည်။

ဓဝလသည် မိဘအိမ်တွင် ဇနီးအသစ်နှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ နေစဉ် တစ်နေ့သ၌ မဒနသုန္ဒရီ၏ မောင်တော်သူ သူ၏ယောက်ဖသည် ထိုအိမ်သို့ရောက်လာလေသည်။ အားလုံးပင် သူ့ကို ခရီးဦးကြိုပြုကြသည်။ လောကွတ်ပျူငှာ ဧည့်ခံကြသည်။ သူ့နှမကလည်း ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်လေ၏။ ခရီးအပန်းဖြေပြီးသောအခါ မဒနသုန္ဒရီ၏မောင်က အားလုံးအား ပြောပြလေသည်။

"ဖခင်က လွှတ်လိုက်လို့ ကျွန်ုပ် ဒီကိုရောက်လာရခြင်း ဖြစ်သည်။ ဖခင်က သမီးနှင့်သမက်ကို သူ့အိမ်အခေါ်ခိုင်းလိုက်သည်။ ကျွန်ုပ်တို့ ကာလီနတ်သမီး ပူဇော်ပွဲကျင်းပဖို့ စိုင်းပြင်းနေကြပါသည်။ သို့အတွက် အခေါ်ခိုင်းလိုက်ခြင်း ဖြစ်ပါသည်"

အိမ်ရှိလူများက သူ၏စကားအတိုင်း လိုက်နာပြုလုပ်ကြရန် သဘောတူကြလေသည်။ သူ့ကိုလည်း ထိုနေ့၌ စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံပြုစုကြလေ၏။

နောက်တစ်နေ့ နံနက် ဝေလီဝေလင်းတွင် ဓဝလသည် မယားဖြစ်သူ၊ ယောက်ဖဖြစ်သူတို့နှင့် အတူတကွ ယောက္ခမ၏အရပ်သို့ လာခဲ့လေ၏။ သူတို့သုံးဦးသည် သောဘာဝတီ နေပြည်တော်သို့ရောက်လာသောအခါ ခမ်းနားကြီးကျယ်လှသော ကာလီနတ်သမီး၏ နတ်ကွန်းကြီးကို တွေ့ကြရလေသည်။ ထိုအခါ ဓဝလက 'လာ၊ တို့ ဒီနတ်ကွန်းထဲဝင်ပြီး ပူဇော်ကြရအောင်' ဟု ပြောလေသည်။ ယောက်ဖဖြစ်သူက ဓဝလအား ကာလီနတ်ကွန်းထဲ မဝင်စေလိုသဖြင့် 'ကျွန်ုပ်တို့တစ်ပြုံကြီး ကာလီနတ်သမီးထံ လက်ချည်း

mgyoe.com

mgyoe.com

သက်သက်သွားလို့ မသင့်တော်ပါဘူး’ ဟု ပြန်ပြောလေ၏။

ထိုအခါ ဓဝလက ပြောလေသည်။

‘‘ဒီလိုဆိုလျှင် ကျွန်ုပ်တစ်ယောက်တည်း သွားပါရစေ၊ သင်တို့ အပြင်က စောင့်နေကြပါ’’

ယင်းသို့ပြောပြီးလျှင် ဓဝလသည် နတ်ကွန်းထဲသို့ ကာလီနတ်သမီး ပူဇော်ကန်တော့ရန် ဝင်သွားလေသည်။ နတ်ကွန်းထဲရောက်သွားသောအခါ ကာလီနတ်သမီးအား ရှိခိုးကန်တော့လေသည်။ ကာလီနတ်သမီးသည် အစွမ်းသတ္တိထက်မြက်လှသော သူ၏လက်နက် ၁၈ မျိုးဖြင့် ကြောက်မက်ဖွယ်ကောင်းလှသော ဒါနဝ ရက္ခိုက်ဘီလူးများကို တိုက်ခိုက်နှိမ်နင်းပြီး မဟိသအသူရာကို ခြေဖဝါးဖြင့် မှုန်မှုန်ညက်ညက် နင်းချေသတ်ဖြတ်ခဲ့သူ ဖြစ်လေသည်။ ထိုကာလီနတ်သမီးရုပ်တုကို ဖူးတွေ့ရသောအခါ ဓဝလသည် အကြည်ညိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာပြီးလျှင် ‘ဤနတ်သမီးအား လူအများသည် သက်ရှိသတ္တဝါအမျိုးမျိုးကို သတ်ဖြတ်ပြီး ယဇ်ပူဇော်ကြသည်။ ငါလည်း ငြိမ်းချမ်းမှုရအောင် မိမိကိုယ်ကိုယ်သတ်ပြီး ဤနတ်သမီးအား ဘာကြောင့် ယဇ်နတ် မပူဇော်ရမှာနည်း’ ဟု စဉ်းစားစိတ်ကူးမိလေ၏။ ယင်းသို့စဉ်းစားစိတ်ကူးပြီးလျှင် လူသူရှင်းနေသည့် နတ်ကွန်းအတွင်း၌ နတ်ရုပ်တုအနားမှ ခရီးသွားအချို့ အချိန်အတန်ကြာစွာ ကာလက ပူဇော်ပသထားခဲ့သော ဓားရှည်တစ်ချောင်းကို ယူပြီးလျှင် ဦးခေါင်းကိုမြဲအောင် ကိုယ့်ဆံပင်ဖြင့်ပင် ခေါင်းလောင်းကြိုးမှာချည်ပြီး ဦးခေါင်းကို ဓားဖြင့် ပိုင်းဖြတ်လိုက်၏။ ယင်းသို့ ဦးခေါင်းကို ဓားဖြင့် ပိုင်းဖြတ်လိုက်သည့်အခါ ဓဝလသည် ထိုခဏ၌ပင် မြေပေါ်လဲကျသွားလေသည်။

ပြန်ထွက်လာချိန်တွင် ဓဝလ ပြန်ထွက်မလာသောအခါ ယောက်ဖဖြစ်သူသည် အကျိုးအကြောင်းသိရအောင် နတ်ကွန်းထဲ ဝင်လိုက်သွားလေ၏။ နတ်ကွန်းအတွင်း၌ မိမိနှမ၏ လင်ယောက်ျား ဦးခေါင်းပြတ်ပြီး မြေပြင်တွင် လဲကျနေသည်ကို တွေ့ရသောအခါ ယောက်ဖဖြစ်သူလည်း ကြံရာမရတော့ဘဲ စိတ်ညစ်ပြီး အနီးတွင်ရှိသော ဓားဖြင့် မိမိဦးခေါင်းကို ပိုင်းဖြတ်လေ၏။

တစ်ယောက်သွားလည်း ပေါ်မလာ၊ နှစ်ယောက်သွားလည်း ပေါ်

mgyoe.com

mgyoe.com


မလာသောအခါ မဒနသုန္ဒရီသည် စိတ်ထဲတွင်ဇဝေဇဝါဖြစ်ပြီးလျှင် နတ်ကွန်းထဲသို့ ကိုယ်တိုင်ဝင်လိုက်သွားလေသည်။ နတ်ကွန်းထဲရောက်သွားသောအခါ လင်ယောကျ်ားနှင့် မောင် နှစ်ယောက်စလုံး ဦးခေါင်းပြတ်နှင့် မြေပေါ်လဲကျနေသည်ကို တွေ့ရသည်ဖြစ်၍ မဒနသုန္ဒရီသည် 'အမယ်လေး လုပ်ကြပါဦး၊ ဘယ်လိုဖြစ်ကြတာပါလိမ့်' ဟု အော်ပြီး မြေပေါ်လဲကျသွားလေ၏။ ထို့နောက် အားယူ၍ ပြန်ထပြီးလျှင် မမျှော်လင့်ဘဲ သေဆုံးသွားကြသည့် လင်နှင့် မောင်အတွက် ပူဆွေးသောကရောက်ပြီး 'ငါလည်း လူ့ပြည်မှာ အသက်ရှင်နေ၍ ဘာအကျိုးထူးတော့မှာလဲ' ဟု စဉ်းစားစိတ်ကူးမိလေ၏။ ယင်းသို့စဉ်းစားစိတ်ကူးပြီး မိမိကိုယ်ကိုယ် အဆုံးစီရင်လိုသဖြင့် မဒနသုန္ဒရီသည် ကာလီနတ်သမီးအား တိုင်တည်လိုက်လေသည်။

''အို… အရှင်နတ်သမီး၊ သင်နတ်သမီးသည် မိန်းမများ၏ မှီခိုအားထားရာဖြစ်ပါလျက် အဘယ်ကြောင့် အကျွန်ုပ်ထံမှ အကျွန်ုပ်၏ ယောကျ်ားနှင့် မောင်ကို လုယူသွားပါသနည်း။ သင်နတ်သမီးအား အမြဲတစေ ကြည်ညိုလေးစားနေသော အကျွန်ုပ်အား သင်နတ်သမီးသည် ယခုလို မပြုလုပ်သင့်ပါ။ သို့ဖြစ်၍ အသင်နတ်သမီးထံ ကိုးကွယ်ဆည်းကပ်ရန် ရောက်လာသည့် အကျွန်ုပ်၏တိုးလျှိုးတောင်းပန်ချက်တစ်ခုကို နားသောတဆင်တော်မူပါ။ အကျွန်ုပ်သည် ယခု ဒုက္ခတုံးဖြစ်နေသည့် မိမိကိုယ်ခန္ဓာကို အဆုံးစီရင်လိုက်ပါတော့မည်။ အကျွန်ုပ်၏ အနာဂတ်ဖြစ်လေရာ ဘဝ တိုင်းဘဝတိုင်း၌ ဘယ်ဘဝရောက်ရောက် ယခု ကွယ်လွန်သွားသည့် နှစ်ယောက်လုံး အကျွန်ုပ်၏ လင်နှင့်မောင်ပင် ပြန်ဖြစ်ပါစေဆိုသည့် ဆုမွန်ကို အကျွန်ုပ်အား ပေးသနားတော်မူပါ''

ယင်းသို့ပြောပြီးလျှင် မဒနသုန္ဒရီသည် နွယ်ပင်တစ်ပင်ကို ကွင်းလျှောလုပ်ပြီးလျှင် သော်ကပင်တစ်ပင်မှာ ချည်လိုက်လေ၏။ ထို့နောက် မိမိ၏လည်ပင်းကို ကြိုးကွင်းမှာတပ်ပြီး ကြိုးဆွဲချသေလိုက်တော့မည် ပြုလုပ်စဉ် ကောင်းကင်ယံမှ အသံတစ်သံ ပေါ်ထွက်လာလေသည်။

''ဤကဲ့သို့ အရမ်းမလုပ်လိုက်နှင့် ငါ၏သမီး။ ငါသည် သင်၏သူရဲသတ္တိကို ချီးကျူးလေးစားသည်။ သင်သည် လုံမငယ်တစ်ဦးမျှသာ ဖြစ်စေကာမူ သာမန်လူများ မပြုရဲသည့် ရဲဝံ့စွန့်စားသည့်အလုပ်ကို ပြုလုပ်

mgyoe.com

mgype.com

ရဲပေသည်။ သို့အတွက် ငါ သင့်ကို ကြည့်မည်။ သင်၏ လင်ယောကျ်ား နှင့် မောင်တို့၏ဦးခေါင်းကို သူတို့ ကိုယ်ကာယမှာပြန်ပြီး ဆက်လိုက်ပါ။ ငါ၏တန်ခိုးအစွမ်းကြောင့် သူတို့ တစ်ဖန် ပြန်ရှင်လာပါလိမ့်မည်''

မဒနသုန္ဒရီသည် ထိုအသံကို ကြားသောအခါ ကြိုးကွင်းကို ဖယ်လိုက်ပြီးလျှင် အားတက်သရော အလောင်းနှစ်ခုရှိရာသို့ အပြေးသွားပြီး ခေါင်းများကို ကိုယ်များနှင့်ဆက်ပေးလိုက်လေ၏။ သို့ရာတွင် သူ၏ လင်ယောကျ်ားနှင့် မောင် အသက်ပြန်ရှင်လာစေလိုသည့်ဇောဖြင့် ပျာလောင်ခတ်နေသည်ဖြစ်ရကား လင်ယောကျ်ား၏ဦးခေါင်းကို မောင်၏ကိုယ်တွင်လည်းကောင်း၊ မောင်၏ဦးခေါင်းကို လင်ယောကျ်ား၏ကိုယ်တွင်လည်းကောင်း မှားဆက်မိလေသည်။ သူတို့နှစ်ဦးသည် နတ်သမီး၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် အနာဒဏ်ရာ တစ်စွန်းတစ်စမျှ မရှိဘဲ လုံးဝ အကောင်းပကတိ အသစ်တစ်ဖန် ပြန်ရှင်လာလေ၏။ သို့သော် ဦးခေါင်းကို မှားဆက်မိသဖြင့် လင်နှင့် မောင်တို့သည် ခေါင်းတခြား ကိုယ်တခြား ဖြစ်နေကြလေသည်။

သူတို့သုံးဦးသည် တစ်ဦးနှင့်တစ်ဦး အကျိုးအကြောင်းပြောပြပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြလေသည်။ ထို့နောက် ကာလီနတ်သမီးအား ရှိခိုးဝတ်ပြုပြီး သူတို့သည် ခရီးကို ဆက်ကြလေသည်။ ခရီးအတန်ငယ်သွားမိသောအခါ မဒနသုန္ဒရီသည် သူ့လင်ယောကျ်ားနှင့် မောင်၏ ဦးခေါင်းများကို မှားဆက်မိကြောင်း တွေ့မြင်သိရှိသွားလေ၏။ ထိုအခါ မျက်လုံးမျက်ဆန်ပြူးပြီး ဘယ်လမ်းလိုက်ရမည်၊ ဘယ်သို့ပြုလုပ်ရမည်ဆိုသည်ကို ဝေခွဲမရအောင် ဖြစ်နေလေတော့သည်။

* * *

''ကဲ… ဘုရင်မင်းကြီး၊ ပြောပြစမ်းပါလော့။ အဲဒီလို ဦးခေါင်းနှင့်ကိုယ် တခြားစီဖြစ်နေသည့်သူ နှစ်ဦးအနက် မည်သူသည် မဒနသုန္ဒရီ၏ လင်ယောကျ်ားဖြစ်သနည်း။ သင်မင်းကြီး သိလျက်နှင့် ပြောမပြလို့ရှိလျှင် ယခင်ပြောပြထားသည့်အတိုင်း သင်မင်းကြီး၏ ဦးခေါင်း အစိတ်စိတ် အမြွာမြွာကွဲသွားလိမ့်မည်''

ဘုရင် တရိဝိက္ကမသေနသည် ထိုပုံဝတ္ထုနှင့် ထိုအမေးပုစ္ဆာကို အစိမ်း

mgyoe.com

mgyoe.com


သရဲထံမှ ကြားရသည့်အခါ မနေသာတော့ဘဲ အောက်ပါအတိုင်း ဖြေဆိုရလေတော့၏။

''ထိုပုဂ္ဂိုလ်နှစ်ဦးအနက် လင်ယောကျ်ား၏ ဦးခေါင်းတပ်ထားသည့် ပုဂ္ဂိုလ်သည် မဒနသုန္ဒရီ၏ လင်ယောကျ်ား ဖြစ်ပါသည်။ အကြောင်းမူကား ဦးခေါင်းဟူသည် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းဟူသမျှ၏ အချုပ်ဖြစ်ပြီး တစ်ကိုယ်လုံး၏ ထူးခြားချက်သည် ဦးခေါင်းအပေါ်၌ အခြေတည်နေသောကြောင့် ဖြစ်ပါသည်''

ဘုရင်မင်းကြီးက ယင်းသို့ ဖြေဆိုလိုက်သည့်အခါ အစိမ်းသရဲသည် ဘုရင်မင်းကြီး၏ ပခုံးပေါ်မှ ကိုယ်ယောင်ဖျောက်ပြီး ထွက်ခွာသွားပြန်လေသည်။ ဘုရင်မင်းကြီးက အစိမ်းသရဲကိုဖမ်းရန် တစ်ဖန် လိုက်ရပြန်လေသည်။

❒

mgyoe.com